
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် — ၅၀၀၄၂၁၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၈၄၆၀၈၁၀

ပုံနှိပ်ခြင်း — ပထမအကြိမ်၊ ၂၀၁၀၊ စက်တင်ဘာ

**ထုတ်ဝေသူ**

ဦးစန်းမွန်အောင်(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**

အာကာ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးဇော်မြင့်ဝင်း

(ကာလာစုန်ပုံနှိပ်တိုက်)

**အုပ်ရေ**

၅၀၀

တန်ဖိုး — ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃

**ပဉ္စမံဒီရိုင်း**

ကျွန်တော့်မေမေရဲ့ရည်းစားအသစ်/ ပဉ္စမံဒီရိုင်း-ရန်ကုန်။

ငါတို့စာပေ။ ၂၀၀၉။ ၁၈၀ - စာ။

၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ

www.burmeseclassic.com

www.burmeseclassic.com

၏ ထွက်ရှိပြီးစာအုပ်များ


၁။ ဆယ်ရက်အတွင်းယောက်္ခမသိမ်းသွင်းနည်း
၂။ တစ္ဆေဆရာအလွဲ
၃။ မတော်တဆ
၄။ ချောင်းသမျှ ကမောက်ကမ
၅။ နတ်ဆိုးကျီစားတဲ့အချစ်
၆။ ကျွန်တော့်ချစ်ခြင်းသစ်ပင်
၇။ ဘယ်တော့မှ အလွမ်းချည်းမဟုတ်
၈။ ဒါမျိုးကြီး စိန်သာဗလ
၉။ ချစ်ဖက်
၁၀။ ကိုယ်တို့ခေတ်ရဲ့ မင်းကုသ
၁၁။ အချစ်ပိုဗို
၁၂။ ဘောလုံးဟင်းခါး
၁၃။ ပေတလူး
၁၄။ ငါတို့ရပ်ကွက်ထဲက မမြစိမ်း
၁၅။ ရှော့ခ်ရှိတယ်
၁၆။ တက္ကသိုလ်လူပျော်
၁၇။ အဲဒီလောက်နဲ့ တက်မလာနဲ့
၁၈။ တက္ကသိုလ်လူပျော်လွမ်းချင်း
၁၉။ တက္ကသိုလ်လူပျော်လွမ်းချင်းကထာ
၂၀။ အထာကိုယ်စီ


ယခု - ကျွန်တော့်မေမေရဲ့ ရည်းစားအသစ်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူတွေဘာပြောပြော

လူဆိုတာ

အဟာရပြည့်ဝမှ

ကိုယ်ရည်ရွှယ်ရာ

ကိုယ်လုပ်နိုင်မှာ...

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

လင်းခန့်တစ်ယောက် ရှေ့မှာမြင်ရတဲ့ မြင်ကွင်းကိုကြည့်ပြီး တော်တော်ရှက်နေတယ်။ ရှက်ရုံတင်မကဘူး။ အနီးအနားကလူတွေ ကလည်း ကိုယ့်ကိုအကဲခတ်နေတော့ ဘာလုပ်ရမှန်း မသိဘူး။

ဖြစ်ပုံကလည်း ကြည့်လေ။ မာမီဖြစ်တဲ့ ဒေါ်ခင်မမက အိမ်မှာ စားရတာ အားမရဘူးဆိုလို့ ဟောဒီထမင်းဆိုင်မှာ လိုက်ကျွေး ကာမှ မာမီဒေါ်ခင်မမက ဟင်းခွက်ဆယ်ခွက်လောက်မှာပြီး စိတ် ကြိုက်တစ်ဝကြီးတွယ်တာ ပန်းကန်တွေက ထပ်နေပြီ။

ပြောမည့်သာပြောတာ သည်လောက်ဝတဲ့ မာမီဒေါ်ခင်မမ ခန္ဓာကိုယ်ကြီးနဲ့ သည်လောက်စားမှ သူ့အိုးနဲ့သူ့ဆန် တန်ကာကျမှာဆို တော့ အိမ်မှာစားတာက ကိစ္စမရှိ။ အပြင်မှာ အိမ်မှာစားနည်းကား စားတော့ ဘေးမြင်ရတဲ့လူတွေအဖို့ ဆန်းနေတာပေါ့။

မာမီဒေါ်ခင်မမမှာလည်း လင်းခန့်ရဲ့ ဒယ်ဒီကွယ်လွန်သွား ပြီးကတည်းက အစားအသောက်ကို အပီအားပေးတာ သိပ်လှတဲ့ ခန္ဓာ ကိုယ်ပိုင်ရှင်ကနေ မနိုင်းကောင်း နိုင်းကောင်း ဆင်ခန္ဓာ ဝက်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှန်းမသိ ဖြစ်နေတာကို ဂုဏ်ယူလို့ကောင်းနေတုန်းဖြစ်နေတယ်။

'မာမီ စားတာ မတော်သေးဘူးလား၊ ဘေးလူတွေကြည့်လို့ သား ရှက်လာပြီ'

နောက်ထပ် ထမင်းလိုက်ပွဲတစ်ပန်းကန် ဒေါ်ခင်မမက လှမ်းမှာလို့ လင်းခန့်က သတိပေးလိုက်ပါတယ်။

'ဘာရှက်စရာလိုလဲ သားရဲ့၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်စားတာပဲဟာ ကိုယ်ကြိုက်လို့ ကိုယ်စားတာ၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုပါဘူး'

ဒေါ်ခင်မမက လာချပေးတဲ့ ထမင်းလိုက်ပွဲကို စားနေတဲ့ ပန်းကန်ထဲ ပြောင်းထည့်လိုက်ပြီး ဟင်းခွက်ထဲမှာ ကျန်နေတဲ့ ငါးမြင်းဗိုက်သားအတုံးတစ်တုံးကို ထမင်းပန်းကန်ထဲ အကုန်ထည့်လိုက်ပြီး ဘာစကားမှ မပြောဘဲ အပီအားပေးနေပါတော့တယ်။

'သြော်… သားရေ အပြန်ကျရင် စီးတီးမတ်ကို ဝင်ရအောင်နော်၊ အိမ်မှာစားဖို့ သောက်ဖို့ မုန့်တွေ အအေးဗူးတွေ၊ ဘာတွေညာတွေ ဝယ်ရဦးမယ်'

လင်းခန့်က စားပြီးသွားလို့ ပိုက်ဆံရှင်းပေးပြီး ဆိုင်ကအထွက်မှာ ဒေါ်ခင်မမက လှမ်းသတိပေးလိုက်ပါတယ်။

'မာမီရာ မာမီ ဒီလိုဝလာပြီး ဒီလိုခန္ဓာကိုယ်မျိုးကို ဒယ်ဒီသာ သက်ရှိထင်ရှားရှိလို့ တွေ့ခဲ့ရင် မာမီ့ကို ယူမိတာမှားလေခြင်းလို့ ယူကျုံးမရဖြစ်မှာပဲ'

လင်းခန့်က ကားမောင်းနေရင်းမှ ကားနောက်ခန်းမှာ စားပြီးသွားလို့ မျက်လုံးမှိတ်ရင်း မှိန်ယူနေတဲ့ ဒေါ်ခင်မမကို လှမ်းပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး အဲဒီတော့လည်း ဘာဖြစ်လဲ၊ ကွာချင်ကွာပေါ့၊ မင်းရဲ့ဒယ်ဒီကို မာမီကချစ်လို့ယူတာမှ မဟုတ်တာ၊ မာမီက ရည်းစားတွေများလွန်းလို့ အိမ်ကငြိမ်အောင်ဆိုပြီး မင်းရဲ့ဒယ်ဒီနဲ့ ပေးစားခဲ့တာ၊ အဲဒီတုန်းက မာမီက အသက်နှစ်ဆယ်တောင်ပြည့်ဖို့ လလိုသေးတယ်၊ မင်းရဲ့ဒယ်ဒီက မာမီ့ကိုချစ်ဖို့ထက် သူ့စီးပွားရေးကို သူ ပိုမြတ်နိုးတာ၊ ဒါကြောင့်လည်း အလုပ်ဒဏ်ပိပြီး ရောဂါရရင်းက ကွယ်လွန်သွားတာ'

'မာမီရာ ဒယ်ဒီ့ကို အဲဒီလောက် မပြောပါနဲ့၊ ဒယ်ဒီထားသွားခဲ့တဲ့ ဥစ္စာနေတွေက နည်းတာမှတ်လို့၊ သားတို့အခုလို မယူမပင်နေနေခဲ့တာလေ'

'ဟဲ့… သား မာမီ့ကို စကားနိုင် လာမလုနဲ့၊ မာမီ့မိဘတွေ အမွေပေးခဲ့တဲ့ဟာတွေကလည်း ပါပါတယ်၊ အဲဒါတွေကို လုပ်ငန်းတွေထဲ ပေါင်းထည့်ထားတာကိုပါ ထည့်ပြောဦးလေ'

လင်းခန့် ဘာမှမပြောတော့ပါ။ သူ့မာမီအကြောင်း သူ ကောင်းကောင်းသိတာပေါ့။ လင်းခန့် မှန်မိသမျှ မာမီက ခေတ်ဆန်ဆန်နေတာထိုင်တာကို ဒယ်ဒီက သဘောမကျ။ မကြာခဏဆိုသလို မာမီဖြစ်သူ ဒေါ်ခင်မမနှင့် သူ့ဒယ်ဒီတို့ ဒေါ်ခင်မမရည်းစားတွေများခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး စကားများတာ ကလေးဘဝမှာကတည်းက သူ့အဖို့ ရိုးနေပြီ။

သူ့ဒယ်ဒီက မိသားစုအပေါ်မှာ တော်တော့်ကို တာဝန်ကျေခဲ့တာကိုတော့ ငြင်းမရနိုင်ပါ။ ပြီးတော့ သူ့မာမီ ဒေါ်ခင်မမရဲ့ဆိုးသမျှကိုလည်း အတော်အနေ့အတာခံတာ သူ့အဖို့ သြချရောက်ပါတယ်။

သူ့မာမီကတော့ သူ့ဒယ်ဒီဆုံးပါးသွားတာတည်းက ဝန်ထုပ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ပိုးကြီး လျော့သွားသလိုမျိုး စားလိုက် သောက်လိုက် အလှပြင်လိုက်၊ သူငယ်ချင်းတွေအိမ် လျှောက်လည်လိုက်နှင့် ယခုလို ခန္ဓာကိုယ်ဝတုတ်ကြီးဖြစ်လာတာကိုပဲ ဆုလာဘ်ကြီးတစ်ခု ရသလိုမျိုး ပီတိဖြစ်ခဲ့ဆုံး။

လင်းခန့်ခမျာ ကားမောင်းရင်း တွေးချင်ရာတွေးရင်းနှင့် စီးတီးမတ်ရှေ့ ရောက်လာလို့ ကားကိုရပ်ရင်းမှာ နောက်ခန်းမှာ အိပ်ပျော်နေတဲ့ မာမီ့ကို နှိုးရပါသေးတယ်။ ပြီးမှ စီးတီးမိတ်ထဲဝင်ပြီး သူ့မာမီလိုချင်သမျှ ဝယ်ရပါတော့တယ်။

❀

လင်းခန့် ထင်တော့ထင်သား။ အိမ်ထဲမှာ မရှိပုံထောက်လျှင် သူ့မာမီ ဒေါ်ခင်မမ ခြံထဲက စားပွဲဝိုင်းမှာပဲ ရှိမည်ဟု။ အခုတော့ သူထင်တဲ့အတိုင်းပဲ ဒေါ်ခင်မမက ထိုးမုန့်နှစ်ဘူးကို ရှေ့မှာချပြီး ကော်ဖီသောက်လိုက် စားလိုက်နှင့် စည်းစိမ်ကောင်းကောင်းကြီး ခံစားနေပါတယ်။

'မာမီရာ သား သွားခါနီး လာခါနီး ဘာတွေလိုသလဲ ဘာတွေပြင်ဆင်ပေးမလဲလို့၊ မာမီက အစားမပျက်ဘူး'

'ဒါများ သားရယ်၊ သား သွားရမယ့်ကိစ္စ သားဘာယူသွားသင့်သလဲဆိုတာ သားထက် မာမီက ဘယ်သိနိုင်ပါ့မလဲ၊ ဒါကြောင့်ပါ သားရဲ့'

ဒေါ်ခင်မမက ပြောရင်းဆိုရင်းကနေ ထိုးမုန့်တစ်ဖက်ကို ခရင်းနှင့် ထိုးလိုက်ပြီး စားလိုက်ပါတယ်။

'သား ကုမ္ပဏီကိစ္စနဲ့ စင်္ကာပူမှာ နှစ်နှစ်သင်တန်းတက်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



ကို မာမီက မလွမ်းဖူးဘူး၊ အခုဟာက မာမီက ဘာမှမဖြစ်တဲ့အတိုင်း ပဲ၊ အစားအသောက်မပျက်ဘူး'

လင်းခန့်က သူ့မာမီ ဒေါ်ခင်မမကို ဘုတောတောလိုက်ပါ တယ်။ ဒါကို ဒေါ်ခင်မမက ဘာမှမဖြစ်သလိုမျိုးနဲ့ ကော်ဖီတစ်ငုံ သောက်ချလိုက်ပြီး…

'ဘာလွမ်းစရာလိုလဲ သား‌ရယ်၊ သားက သားအလုပ်ကိစ္စနဲ့ သွားတာပဲဟာ၊ ပြီးတော့ သားက အခုတစ်ယောက်တည်းမို့လို့ သား အိမ်ထောင်ကျလို့ရှိရင် သားရဲ့ဇနီး သားသမီးတွေနဲ့ ကိုယ့်ရိပ်မြုံ ကိုယ် တည်ဆောက်ရဦးမှာလေ၊ အဲဒီကြရင်လည်း ခွဲရဦးမှာပဲ၊ နောက်ဆုံး မာမီ သေရင်လည်း ခွဲရမှာပဲ မဟုတ်ဘူးလား၊ ဒါ သဘာဝပဲ သား ရယ်၊ ဘာလွမ်းစရာလိုလဲ၊ သားသာ ဟိုမှာ ကျန်းမာရေးကို ဂရုစိုက်'

'သား ကျန်းမာရေးက Perfect ဖြစ်တယ်၊ မာမီသာ ဒီလို စားနေသောက်နေရင် လေဖြတ်မလား၊ ဦးနှောက်သွေးကြောပြတ် မလား၊ ခန္ဓာကိုယ်အလေးချိန်က ဒီထက်တိုးလာမလားဆိုတာသာ မာမီ စဉ်းစားရမှာ'

လင်းခန့်စကားကို နားထောင်နေတဲ့ ဒေါ်ခင်မမ ပြုံးလိုက်ပါ တယ်။ သူမ အပြုံးက ကျေနပ်တဲ့အပြုံးမျိုးပါ။

'မာမီ့ကို ဒီလိုသတိပေးတာ ကျေးဇူးတင်ပါတယ်၊ သားတစ် ယောက်အနေနဲ့ အမေတစ်ယောက်ကို ဒီလောက်တော့ စိုးရိမ်ခွင့်ရှိတာ ပေါ့၊ မာမီရဲ့ ဘဝမှာ သားဒယ်ဒီမရှိကတည်းက လင့်ဝတ္တရားမရှိတော့ တဲ့အတွက် အစားက အစားထိုးလာတာဆိုတော့ ဒီလိုဝလာတာပေါ့သား၊ ဒီမှာ သား… သားစက်ဘ်ပူကနေ သင်တန်းပြီးလို့ ဒီကိုပြန်လာရင် သား မာမီ့ကို ကြည့်လိုက်၊ ဟာ… ဟင်… ဖြစ်စေရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ဟာ… ဟင်လဲ မာမီရ'

'ဒါကတော့ မာမီ့ရဲ့ ဖွက်ဖဲပဲ၊ ကဲ… ညနေ လေဆိပ်ဆင်းရမှာဆိုတော့ သားလုပ်စရာရာရှိတာ သွားလုပ်၊ ဒီမှာ မာမီလည်း စားစရာရှိတာ ဆက်စားဦးမယ်'

'လုပ်ပြန်ပြီ မာမီကတော့'

လင်းခန့်က ဒေါ်ခင်မမကို တစ်ချက်လှည့်ကြည့်ပြီး ခေါင်းတုပ်ရင်းက အနီးနားကနေ ထွက်သွားပါတယ်။

ဒေါ်ခင်မမကတော့ လက်ကျန်ထိုးမုန့်တွေကို အသားကုန် အစီဖွဲ့ရင်း ကော်ဖီလေးသောက်လိုက်၊ သီချင်းကလေး ညည်းလိုက်နှင့် သူမလက်ရှိဘဝကို အကျေနပ်ကြီး ကျေနပ်လို့ နေပါတော့တယ်။

❀

ညနေမှာတော့ လင်းခန့်က မိခင်ဖြစ်သူ ဒေါ်ခင်မမကို မှာစရာရှိတာတွေ ထပ်မှာပြီး ကန့်တော့ရင်းက ကုမ္ပဏီက လာခေါ်တဲ့ကားနဲ့ လေဆိပ်ကို ထွက်သွားပါတယ်။

အိမ်ဝရန်တာမှာ ကျန်ရစ်ခဲ့တဲ့ ဒေါ်ခင်မမကတော့ ခြံထဲက ထွက်သွားတဲ့ လင်းခန့်ရဲ့ ကုမ္ပဏီကကားကို ကြည့်ပြီး တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေတာ အိမ်မှာလက်တိုလက်တောင်းခိုင်းတဲ့ မိရီက ထမင်းစားဖို့ လာခေါ်မှပဲ စဉ်းစားတာကို ရပ်ဆိုင်းရပါတော့တယ်။

❀

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်နည်းနည်းလေးကျော်တဲ့ ဒေါ်ခင်မမတစ်ယောက် သိတာပေါ့။ ဘဝမှာ လုပ်ယူလို့ရတာရှိသလို လုပ်ယူလို့မရတာလည်း ရှိတယ်ဆိုတာ။

သူ စဉ်းစားနေတဲ့ ကိစ္စက ဘာလို့လုပ်ယူလို့ မရမှာလဲလို့။

အဲဒီကြရင် အားလုံး 'ဟာ… ဟင်…' ဖြစ်ရုံမက သူ့ကိုကောင်းချီးတွေ ပေးဦးမှာ အသေအချာလို့။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဝတာ

သင်းတို့ ရယ်ဖို့လား၊

တွေ့မယ်

ကိုယ်ဟာ နတ်သမီးတစ်ပါးလို

ဖြစ်လာမှ

လာမချိုးကျူးလေနဲ့။

အဲဒီရယ်ခဲ့ကြတဲ့ ပါးစပ်တွေလား

ဟန်ဒီပလပ် ပလာစတာတွေနဲ့

လိုက်ကို ပိတ်ပစ်ဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

ညာဘက်လက်မှာ ကိုင်ထားတဲ့ ရေခဲမုန့်ကို စားနေတဲ့ ခန္ဓာကိုယ်ဝဝကြီးနဲ့ ဒေါ်ခင်မမကိုကြည့်ပြီး လူနဲ့စားနေတဲ့ ရေခဲမုန့်နဲ့ မလိုက်ဖက်လို့ လမ်းသွားလမ်းလာအချို့က ပြုံးရင်း ရယ်သွားပါတယ်။ ဒါကို ဒေါ်ခင်မမက ဂရုမစိုက်ဘဲ ရေခဲမုန့်ကို ကောင်းကောင်းကြီး အရသာခံစားနေတာ သူမအဖို့ အရသာရှိလို့နေပါတယ်။

'ဟဲ့… ခင်မမ… နင်ဟာ လက်ထဲမှာ ကိုင်ထားတဲ့ ရေခဲမုန့်နဲ့ နင့်ခန္ဓာကိုယ်နဲ့က ဗလမင်းသားအာနိုးက ဘလိပ်စားကိုင်ပြီး စားသိုင်းပြသလို ဖြစ်နေတယ်'

အရေးထဲ လမ်းထဲက ပါးစပ်ပါးစပ် အတင်းပြောတတ်တဲ့ သမ်းလူကြီး ဦးသာကျော်က စက်ဘီးနင်းနေရာကနေရပ်ပြီး ဒေါ်ခင်မမဆို ကလိသွားပါတယ်။

'ဘာဖြစ်လဲ၊ ကိုယ့်ခန္ဓာကိုယ်နဲ့ လိုက်လိုက် မလိုက်လိုက် ကိုယ့်ဝမ်းအတွက် ကိုယ်စားတာ၊ ရှင်သာ ကိုယ့်ဝမ်း ကိုယ့်ပိုက်ဆံပေး ဝယ်စားရမှာ မသထာလို့ လူကြီးပိပိ ဘယ်အိမ်အလှူလုပ်ရဲ့ လျှောက်စားနေတာ မသိမှတ်လို့'

www.burmeseclassic.com

www.burmeseclassic.com



ဦးသာကျော် စကားကြောင့် ဒေါ်ခင်မမက တင်းပြီး ဦးသာကျော်ရဲ့ ဝဏ်ပုဒ်ကို ဖော်လို့ ဦးသာကျော်လည်း ဘာမှပြန်မပြောဘဲ စက်ဘီးကို ခပ်သွက်သွက်နင်းပြီး ထွက်သွားတာ အဲဒီပုံစံမျိုးနဲ့ဆို ကမ္ဘာ့စက်ဘီးပြိုင်ပွဲတောင် ဝင်လို့ရတယ်။

ဒေါ်ခင်မမကတော့ စားနေတဲ့ ရေခဲမုန့် ကုန်သွားလို့ အနီးအနားကြည့်တော့လည်း ဘာမုန့်ဆိုင်မှ မတွေ့တော့ နည်းနည်းတော့ အလိုမကျဖြစ်သွားပါတယ်။

*'ဟိုအဒေါ်ကြီး ဝနေတာ xxx ပူစီဖောင်း xxx ပူစီဖောင်း၊ ဝနေတဲ့ အန်တီကြီး xxx ပူစီဖောင်း xxx ပူစီဖောင်း'*

မထင်မှတ်ဘဲ သီချင်းဆိုနေသံကြားလို့ ဒေါ်ခင်မမ ကြည့်လိုက်တော့ ကောင်လေးသုံးယောက်က ဂစ်တာတီးပြီး သူ့ကိုနောက်ပြောင်ပြီး သီချင်းဆိုတာမှန်း သိလိုက်တယ်။ ဒေါ်ခင်မမ တော်တော်ဒေါသထွက်သွားပါတယ်။

အဲဒီဂစ်တာတီးနေတဲ့ ကောင်လေးသုံးယောက်ရှိတဲ့နေရာ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးနဲ့ မလိုက်ဖက်လှအောင် ခပ်သွက်သွက် သွားလိုက်ပါတယ်။

'ဟဲ့… နင်တို့ ငါ့ကို သီချင်းနဲ့ ငါဝလို့ နောက်ပြောင်ပြီးဆိုတာ ငါ ခွင့်လွှတ်တယ်၊ ငါခွင့်မလွှတ်နိုင်တာက အဒေါ်ကြီး အန်တီကြီးဆိုတဲ့ ကိစ္စပဲ'

ဒေါ်ခင်မမ စကားကြောင့် ဂစ်တာတီးပြီး သီချင်းဆိုနေတဲ့ ကောင်လေးသုံးယောက်က ဂစ်တာတောင်ဆက်မတီးတော့ဘဲ ဒေါ်ခင်မမကို အံ့အားတသင့်နဲ့ ကြည့်လို့နေပါတယ်။ ကောင်လေးတစ်ဦးက…

www.burmeseclassic.com

www.burmeseclassic.com



'အန်တီကြီး အဒေါ်ကြီးအရွယ်မို့ ခေါ်တာပဲဟာ'

'ငါ့အသက်က အခုမှ လေးဆယ့်တစ်နှစ်ပဲ ရှိသေးတယ်၊ မင်းတို့ပြောတဲ့ အရွယ်မျိုးမရောက်သေးဘူး၊ ငါ့ဘာသာငါ စားလို့ဝတာ'

'ဟုတ်တယ်လေ၊ ကျွန်တော်တို့က အန်တီ အဲ… အဒေါ်ကို ဟာ… ဟိုဗျာ ဝလို့ ရယ်ချင်လို့ သီချင်းဆိုတာ'

'ဩော်… မင်းတို့က ငါ ဝတာကို မင်းတို့အတွက် ဟာသ ဖြစ်တယ်ပေါ့၊ ဟုတ်လား၊ အေး… တစ်နေ့ တွေ့ရမယ်၊ အဲဒီအခါကျ မှ မင်းတို့ ငါ့ကို ဒီနေ့ခေတ် အလန်းလေးမှတ်ပြီး လာဗမ်းလို့ကတော့ ငါ ဘယ်လိုပညာပေးမလဲ စောင့်ကြည့်'

'စောင့်ဦးမယ်၊ စောင့်ဦးမယ်၊ မြန်မာဘောလုံးအသင်း ကမ္ဘာ့ ဖလားမှာ ပထမသာရချင်ရမယ်၊ အန်တီကြီး မော်ဒယ်လို အလန်းဖြစ် ဖို့အတွက်ကတော့ ရယ်လိုက်မယ်၊ ဟား… ဟား… ဟား…'

ဒေါ်ခင်မမက မကျေနပ်တဲ့ သူ့ခံစားချက်တွေကို ပေါက်ကွဲ ထွက်အပြီး ပြန်အထွက်မှာ ကောင်ကလေးတွေရဲ့ စကားကြောင့် ဝိုမိုခံပြင်းမိပြီး လက်သီးတောင် ကျစ်ကျစ်ပါအောင် ဆုပ်မိပါတယ်။ ပါးစပ်ကလည်း 'တောက်'လို့ တောက်ခေါက်မိလိုက်ပါသေးရဲ့။

❀

ဟိုတယ်ကြီးထဲမှာ ဖွင့်ထားတဲ့ Body Fitness ကိုယ်ကာယ လေ့ကျင့်ရေးအခန်းထဲမှာ ဒေါ်ခင်မမ လေ့ကျင့်နေရင်းက ကျလာတဲ့ ချွေးတွေကို လက်နဲ့သုတ်ရင်းက ကျေနပ်လို့နေပါတယ်၊ သူ့လိုမျိုး ခပ်ဝဝအမျိုးသမီးတွေလည်း လေ့ကျင့်ခန်းလုပ်တော့ သူတို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမလိုမျိုး လှချင်ပချင်လို့ ဒါမှမဟုတ် ခံစားချက်တွေရှိလို့ နေမှာဆိုပြီး တွေးတောင် တွေးမိနေပါသေးတယ်။

ဒါပေမဲ့ သူတို့နဲ့ ဒေါ်ခင်မမ ကြာတာက ဒေါ်ခင်မမရဲ့ ခန္ဓာကိုယ်က အရင်လို ဝပြီး အဆီပိုတွေမရှိဘဲ ဗိုက်သားကချပ်ရပ်နေလို့ပါ။ နေ့စဉ်ရက်ဆက် လေ့ကျင့်ခန်းလုပ်တာကော အစားကို ချင့်ချိန်အောင်စားတာကော ဆေးပါမှန်မှန်သောက်လို့ အခုတော့ ခန္ဓာကိုယ်တောင့်တောင့်တင်းတင်းနဲ့ အရင်လို ပုံစံမျိုး ဖြစ်သွားလို့ပါ။ ဒီအတွက်အားလုံးကတောင် အံ့အားသင့်လို့နေပါသေးတယ်။

'မမ နားပါဦး'

လေ့ကျင့်ခန်း လုပ်ရင်းနဲ့ အတွေးကောင်းကောင်းနဲ့ တွေးနေတုန်း ကိုယ်ကာယလေ့ကျင့်ရေးသင်တန်းက သင်တန်းဆရာမလေး ဒေါ်ခင်မမကို လာသတိပေးပါတယ်။

'မနားနိုင်သေးပါဘူး ညီမရယ်၊ စံချိန်ပြည့်အောင် လေ့ကျင့်ခန်းလုပ်ရမှာ'

'အမယ်လေး မမရယ်၊ စံချိန်တွေက ကျော်တောင်ကျော်နေပြီ၊ ဒီသင်တန်းမှာ မမက တော်တော့်ကို လေ့ကျင့်ခန်းလုပ်တာ ဒါကြောင့်လည်း ခန္ဓာကိုယ်က မော်ဒယ်လေးလို ပြန်ဖြစ်သွားတာ၊ မော်ဒယ် မှတ်ပြီး ပုရိသတွေတော့ မမကို ကြွေတော့မှာပဲ'

ကိုယ်ကာယသင်တန်း ဆရာမလေး စကားကြောင့် ဒေါ်ခင်မမ ကျေနပ်သွားပါတယ်။

'မမ ခန္ဓာကိုယ် ပုံဆိုးပန်းဆိုးကြီးဖြစ်တုန်းက မမ စားတာကို ကြည့်သွားတာကို ကြည့်ပြီး ဝေဖန်နောက်လိုက်ကြတာ မမက စိန်ခေါ်ခဲ့တယ်၊ တစ်နေ့ မမ ဘာလဲဆိုတာ အားလုံးအံ့အားသင့်စေရမယ်

www.burmeseclassic.com



လို့၊ စားချင်သလိုစားပြီး နေချင်သလိုနေခဲ့တာက ပြီးသွားပြီ၊ ရှေ့ဆက် ရမယ့်ခရီးမှာ အစာအဟာရကို မျှတအောင် စားရင်း ကျန်းမာရေးလိုက် စားပြီး လှလှပပ ကြွကြွရွရွလေး နေတော့မယ်'

'နေရမှာပေါ့ မမရဲ့၊ နောက်တစ်လဆို မမ ဒီသင်တန်းကို လာစရာမလိုဘဲ အိမ်မှာ လေ့ကျင့်ခန်းမှန်မှန်လုပ်ရင် ရပြီပဲဟာ၊ လေ့ကျင့်ခန်းလုပ်မယ့် ပစ္စည်းတွေလည်း မမ ဝယ်ထားတာပဲဟာ'

'အင်း... စက်ဘီးပူမှာ သင်တန်းတက်နေတဲ့ မမရဲ့သားသာ ဒီလိုပုံမျိုးဖြစ်သွားတာ မြင်လိုက်ရလို့က ဘယ်လောက်တောင် ဝမ်းသာ သွားမလဲ မသိဘူး'

'ဝမ်းသာရုံတင်ကမလား မမရဲ့၊ ကိုယ့်အမေကိုတောင် မှတ်မိ မှာမဟုတ်ဘူး'

သင်တန်းဆရာမလေးက ဒေါ်ခင်မမ အနားကနေ ထွက်သွား ပါတယ်။ ဒေါ်ခင်မမကတော့ ဆက်ပြီး လေ့ကျင့်ခန်းကို အားကြိုး မာန်တက် လုပ်တော နဖူးပြင်ကချွေးတွေတောင် မသုတ်နိုင်အားပါ။

လှချင်တော့လည်း အခက်သားလားလို့။

✿

ခုနစ်လဆိုတာ ဒေါ်ခင်မမအဖို့ ဘာမှမဟုတ်သလိုပါပဲ။ ဒီနေ့ ဘစပြီး ကိုယ်ကာယသင်တန်းကို မသွားဘဲ အိမ်မှာပဲ ဒေါ်ခင်မမ လေ့ကျင့်ခန်းတွေ လုပ်ပါတယ်။ ခုနစ်လတာ ကာလအတွင်းမှာ ဘယ် သူငယ်ချင်းအိမ်တွေကိုမှ မသွား သင်တန်းတက်နေတာကိုလည်း မပြောဘဲ နက်ဖြန်ကျမှ သူငယ်ချင်းအိမ်တွေ သွားချင်တဲ့နေရာတွေ သွားတော့မယ်လို့...။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဒယ်မလေးလို့ပဲ ပြောမလား၊ တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ကြီးပဲ ဆိုချင်ဆို အခုလိုရှိနေတဲ့ ခန္ဓာကိုယ်အနေအထားကို ကြည့်ပြီး ဒေါ်ခင်မခ သူငယ်ချင်းတွေမြင်လို့ကတော့ အံ့အားသင့်ရုံမက ဘယ်လိုဖြစ်သွားတာလဲလို့ မေးခွန်းတွေ မေးမယ်ဆိုတာ ဒေါ်ခင်မမ အတတ်သိနေတာက အမှန်ပါပဲ။

လူတွေ အံ့အားသင့်အောင်လုပ်ဖို့ ဒေါ်ခင်မမအဖို့ လေ့ကျင့်ရတာ မလွယ်လိုက်တာ။ ပင်ပန်းခဲ့တာများ ပြောမပြောချင်ဘူး။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ပန်းဆိုတာ

အရွက်တွေချည်း

ကြွေနေတာလို့ ဘယ်သူပြောလဲ။

ပန်းတွေ လန်းပွင့်ဦးမှာလေ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

လင်းခန့်တစ်ယောက် တက္ကစီကားကို အိမ်ခြံဝမှာရပ်ခိုင်းလိုက်တယ်။ တက္ကစီမောင်းတဲ့သူက ပိတ်ထားတဲ့ ခြံဝင်းတံခါးကို လာဖွင့်ပေးဖို့ ဟွန်းတီးပြီး အချက်ပေးပါသေးတယ်။ ဒါပေမဲ့ ခြံဝင်းတံခါးကို လာဖွင့်သူက မရှိ။ ဒါနဲ့ လင်းခန့်လည်း မထူးပါဘူးဆိုပြီး ကားထဲက ပစ္စည်းတွေကို ချလိုက်တယ်။

ခြံဝင်းတံခါးကို ကြည့်တော့ သော့မခတ်ဘဲ စေ့ထားတာမြင်ရလို့ တံခါးကိုဖွင့်ပြီး ပစ္စည်းတွေကို အိမ်ထဲကို သယ်လာခဲ့တယ်။ စင်္ကာပူနိုင်ငံမှာ သင်တန်းတက်နေတဲ့ ကာလအတွင်း သူ့အိမ်ခြံဝင်းက ဘာမှမပြောင်းလဲ။ အရင်အတိုင်းပဲ ဖြစ်နေတယ်။

အိမ်ထဲရောက်တော့ ပစ္စည်းတွေကိုချပြီး တစ်အိမ်လုံးကို အတဲခပ်ကြည့်တော့ လူသံဘာသံတောင် မကြားရဘဲ တိတ်ဆိတ်နေတယ်။

'မာမီ... မာမီ...'

လင်းခန့်က ဒေါ်ခင်မမရဲ့နာမည်ခေါ်ရင်း အိမ်ပေါ်ထပ် တက်ကြည့်တော့လည်း မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



'မာမီများ အိမ်ကြီးကိုပစ်ထားပြီး ဘယ်သွားနေလဲ မသိဘူး၊ အရင်လို စားတုန်း သောက်တုန်းပဲ ဖြစ်မယ်'

အပေါ်ထပ်လှေခါးကနေ ပြေးဆင်းလာပြီး လင်းခန့် ပွစိပွစိ ပြောရင်းက နောက်ဖေးမီးဖိုချောင်ဘက်ကို ရောက်လာတယ်။ မီးဖိုချောင်မှာလည်း ဒေါ်ခင်မမက မရှိ။ အိမ်နောက်ဘက်မှာရှိတဲ့ ရေကူးကန်ဘက်ကို လှမ်းကြည့်လိုက်တော့ ရေကူးကန်က ခုံမှာ ခပ်တောင့်တောင့် အမျိုးသမီးတစ်ယောက် ဝမ်းလျားမှောက်ပြီး နေပူစာလှုံနေတာကို တွေ့ရတယ်။

လင်းခန့်စိတ်ထဲမှာ ဒေါ်ခင်မမ တစ်ယောက် သူ့သူငယ်ချင်းတစ်ယောက်ကို အိမ်စောင့်ခိုင်းပြီး တစ်ဆိုင်ဆိုင်သွားပြီး တစ်ဝတစ်ပြဲ သွားစားနေတာပဲဖြစ်မယ်လို့။ ဘယ်ကိုသွားလဲဆိုတာ သိရအောင်လို့ ရေကူးကန်ခုံမှာ နေစာလှုံနေတဲ့ အမျိုးသမီးရှိရာ သွားလိုက်ပါတယ်။

'ဒီမှာ ဒီမှာ ဒီအိမ်က ကျွန်တော့်မာမီ ဒေါ်ခင်မမ ဘယ်ကို သွားသလဲဗျာ'

ခုံမှာဝမ်းလျားမှောက်ပြီး နေပူစာလှုံနေတဲ့ အမျိုးသမီးက လင်းခန့် စကားကြောင့် ဝမ်းလျားမှောက်နေရာကနေ ထပြီး ထိုင်လိုက်ရင်းက လင်းခန့်ကို ကြည့်လိုက်ပါတယ်။

လင်းခန့်အမြင်မှာတော့ ဒီအမျိုးသမီးကို ရင်းရင်းနှီးနှီးနဲ့ မြင်ဖူးတယ်လို့ တွေးမိလိုက်ပါတယ်။

'သား... မာမီ့ကို မမြင်ဖူးလို့ ကြည့်ရင်း ဘာတွေတွေးနေလဲ၊ သားရဲ့မာမီ ဒေါ်ခင်မမလေ၊ ကဲ... သားမြင်ပြီးမဟုတ်လား'

'မာမီ... ဟာ... ကျွန်တော် ထင်တောင်မထင်ဘူး၊ ဘယ်လိုဖြစ်ပြီး ဒီလိုအလန်းဖြစ်သွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမ စကားကြောင့် လင်းခန့်က ဒေါ်ခင်မမ မျက်နှာကို သေသေချာချာ ကြည့်ပြီး သဘောပေါက်သွားရင်းက ဝမ်းသာအားရနဲ့ ဒေါ်ခင်မမကို ဖက်လိုက်ရင်းက မေးလိုက်ပါတယ်။

'သားကို မာမီ ပြောခဲ့ဖူးတယ်လေ၊ သား စက်ဘီးမှာ သင်တန်းတက်ပြီးလို့ ပြန်လာရင် ဟာ… ဟင် ဖြစ်ရမယ်၊ မာမီရဲ့ ဝှက်ဖဲ ဆိုတာလေ'

'နှစ်နှစ်ဆိုတဲ့ ကာလအတွင်းမှာ ဒီလိုပုံစံမျိုးဖြစ်သွားတာကို သားက အံ့အားသင့်လို့ပါ'

'ဘာမှ အံ့အားမသင့်နဲ့၊ အခုလို ကာလမျိုးမှာ အလှအပနဲ့ ပတ်သက်ပြီး အမျိုးမျိုး အသွင်ပြောင်းလို့ရနေတာ ဒါကအဆန်းမှ မဟုတ်တာ'

'ဟုတ်ပါပြီ မာမီရယ်၊ အိမ်ထဲသွားမယ်၊ အိမ်ထဲရောက်မှ မာမီရဲ့ ပြောင်းလဲသွားတာတွေ သားကို ရှင်းပြပေတော့'

'သားသွားနှင့်၊ မာမီရေခဏကူးလိုက်ဦးမယ်၊ ပြီးရင် ကော်ဖီသောက် မုန့်စားရင်း သားရဲ့စက်ဘီးက အတွေ့အကြုံတွေ မာမီကို ပြောပြ၊ မာမီ နားထောင်ရတာပေါ့'

ဒေါ်ခင်မမက ရေကန်ထဲကိုဆင်းပြီး ရေကူးနေပါတော့တယ်။ လင်းခန့်သည်း သူ့မာမီ ရေကူးနေတာကို ခဏကြည့်ပြီး လုပ်စရာရှိတာတွေ လုပ်ဖို့ အိမ်ထဲကို ဝင်လာခဲ့ပါတယ်။

ရေကူးကန်ထဲမှာတော့ ဒေါ်ခင်မမက ရေကူးရင်း သီချင်းဆိုကောင်းနေဆဲ…။

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့် ကော်ဖီသောက်နေရင်းက မိခင်ဖြစ်တဲ့ ဒေါ်ခင်မမကို သတိထားအကဲခပ်မိတာကတော့ အရင်ကလောက် အစားအသောက်ကို ပက်ပက်စက်စက် စားတာမျိုး မတွေ့ရလို့ပါ။

'မာမီ ကော်ဖီသောက်တာနဲ့ မုန့်စားတာ မာမီက ကော်ဖီဆိုလည်း နည်းနည်းပဲ သောက်တယ်၊ မုန့်လည်း နည်းနည်းပဲ စားပါလား၊ အရင်စံချိန်တွေ မချိုးနိုင်တော့ဘူးလား'

လင်းခန့်စကားကြောင့် ဒေါ်ခင်မမက ပြုံးလိုက်ပါတယ်။

'သားရယ် စားခဲ့ဖူးပြီးပြီ၊ အဲဒီအစားအသောက်ကို စားကောင်းလွန်းလို့ ရောဂါမဖြစ်ရုံတမယ် ခန္ဓာကိုယ်လည်း ဝဖိုင့်ဖိုင့်ကြီးဖြစ်ခဲ့ပြီးပြီ၊ အဲဒီကနေ အစားအသောက်ကို စည်းနဲ့စနစ်နဲ့ စား၊ ကိုယ်ကာယလေ့ကျင့်ခန်း မှန်မှန်လုပ်လို့ ပုံမှန်အနေအထားလည်း ပြန်ရပြီ၊ ဒီတော့ ဒီလက်ရှိအနေအထားကို ထိန်းရတော့မှာပေါ့'

လင်းခန့်က သူ့မိခင်စကားကို ကျေနပ်သွားလို့ လက်ကျန်ကော်ဖီကို သောက်လိုက်ပါတယ်။

ပြီးတော့ ကိတ်မုန့်တစ်ချပ်ကို တစ်ဝက်လောက်စားလိုက်ပြီး ပန်းကန်ထဲ ပြန်ချထားလိုက်တယ်။

'ဒါနဲ့ သား မာမီ့ကို ပြောရဦးမယ်၊ စင်္ကာပူမှာ သား သင်တန်းသွားတက်ရင်းနဲ့ ချစ်သူတွေ့ခဲ့တယ် မာမီ၊ သူ့နာမည်က မြလေးယဉ်တဲ့၊ သူလည်း သားတို့လိုပဲ စင်္ကာပူမှာ စာရင်းကိုင်သင်တန်းတက်ရင်းက သားနဲ့တွေ့တာ၊ အခု မြန်မာနိုင်ငံကို သင်တန်းပြီးလို့ သားနဲ့အတူ ပြန်လာတယ်လေ'

'ဟုတ်လား သားရဲ့၊ မာမီ့သားက ဘယ်ဆိုးလို့လဲ၊ သင်တန်းသွားတက်တာ ချစ်သူရည်းစားပါ ရလာတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ချစ်သူရည်းစား မဟုတ်ပါဘူး မာမီရဲ့၊ ကြင်ယာပါ၊ သားက သူ့ကို အိမ်ခေါ်လာပြီး မာမီနဲ့ မိတ်ဆက်ပေးမယ်'

'ဒါဆို မာမီနဲ့သူနဲ့ ဘယ်သူလှလည်း အလှချင်းပြိုင်ရဦးမှာပေါ့'

ဒေါ်ခင်မမ စကားကြောင့် လင်းခန့်က ရယ်ရင်း…

'ဒီလိုဆိုရင်တော့ မာမီနိုင်ဖို့ များသွားပြီ၊ မာမီက ပိုတောင့် ပိုဖြောင့်တယ်လို့ ပြောရမှာပဲ'

'ကဲ… ထားပါ သားရယ်၊ ဒီနေ့ပြန်ရောက်တော့ သားကြိုက်တဲ့ ဟင်းတွေ မာမီချက်ပေးရမှာပေါ့'

'ရတယ် မာမီ၊ မြန်မာထမင်းဟင်း မစားရတာကြာတော့ ကောင်းကောင်းကြီးစားလိုက်ဦးမယ်၊ မာမီ ဟင်းချက်နေတုန်း ကုမ္ပဏီကို ဖုန်းဆက်ပြီး ပြန်ရောက်ကြောင်းပြောပြီး လုပ်ငန်းအစီအစဉ်တွေ ပြောရဦးမယ်၊ နက်ဖြန်အလုပ်က ပြန်ဝင်ရမှာ'

ဒေါ်ခင်မမက သားဖြစ်သူ လင်းခန့်စကားကို နားထောင်နေရင်းက အကျေနပ်ကြီး ကျေနပ်လို့နေပါတယ်။

သောက်လက်စ လက်ကျန်ကော်ဖီကို သောက်ပြီး စျေးဝယ်ဖို့ ထွက်သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်အဖို့ မြန်မာထမင်းဟင်းတွေ အရသာကောင်းကောင်းနှင့် မစားရတာကြာလို့လားမသိ သူမှာမီ ဒေါ်ခင်မမ ချက်ကျွေးတဲ့ ဟင်းတွေက အရသာရှိလို့နေပါတယ်။

ထမင်းဟင်း ကောင်းကောင်းစားရင်း အရသာခံနေတာ စင်္ကာပူနိုင်ငံမှာ ချစ်သူဖြစ်ခဲ့တဲ့ မြလေးယဉ်ဆိုတဲ့ ချစ်သူကိုတောင် သတိမရအားပါ။

အစားကောင်းစားတဲ့အခါမှာ ချစ်သူကို သတိမရတာက အပြစ်တော့မဟုတ်တာ သေချာလှပါတယ်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင် ဗွီဒီယိုတွေထဲက

ဇာတ်ဝင်ခန်းလိုမျိုးတွေ

ဘဝဟာ ဖြစ်တတ်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

ကားဂိုဒေါင်ထဲကနေ ကားကိုထုတ်မောင်းပြီး အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်လိုက်တယ်။ အဝတ်စုတ်နဲ့ ဖုန်တွေဘာတွေသုတ်လိုက်တယ်။ လင်းခန့်က ဒီနေ့ ကုမ္ပဏီကို အလုပ်စပြန်ဆင်းရုံသာမက စင်္ကာပူနိုင်ငံမှာ သူတက်ခဲ့ရတဲ့ သင်တန်းအတွေ့အကြုံတွေကို ကုမ္ပဏီလူကြီးတွေအပြင် ကုမ္ပဏီဝန်ထမ်းတွေကိုပါ ရှင်းပြပြောပြရမှာဖြစ်ပါတယ်။

ညှိခန်းထဲမှာ ယူစရာရှိတဲ့ စာရွက်စာတမ်းတွေကို ယူပြီး ကားနောက်ခန်းထဲမှာ ထားပြီး ကားတံခါးကို ဖွင့်ပြီး ကားစက်နှိုးမလို့ လုပ်တုန်း လက်ထဲမှာ ပန်းစည်းကိုင်ထားတဲ့ ဂျင်းဘောင်းဘီတိုရှပ်ဝတ်ထားတဲ့ အသားဖြူဖြူနဲ့ လူငယ်လေးတစ်ဦး ဖွင့်ထားတဲ့ ခြံတံခါးကနေ ခြံထဲဝင်လာပြီး လင်းခန့်ရှိနေတဲ့အနား ရောက်လာပါတယ်။

လင်းခန့်လည်း ဘာကိစ္စရှိသလဲ မသိဘူးဆိုပြီး ကားတံခါးကို ဖွင့်ပြီး ကားပေါ်က ဆင်းလိုက်ပါတယ်။

'ညီလေး ဘာကိစ္စရှိလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်က ပန်းစည်းကိုင်ထားတဲ့ ကောင်လေးကို မေးလိုက်တဲ့အခါ ပန်းစည်းကိုင်ထားတဲ့ ကောင်လေးက လင်းခန့်ကို အကဲခတ်ကြည့်လိုက်ပြီး . . .

'မမ ရှိလား၊ မမနဲ့ ကျွန်တော် သိပ်တွေ့ချင်တယ်'

ကောင်လေး စကားကြောင့် လင်းခန့် ခေါင်းစားသွားပါတယ်။ ကောင်လေးက အိမ်ထဲကို မသိမသာ လှမ်းကြည့်တာကို သတိထားမိလိုက်တယ်။

'ညီလေး အိမ်များမှားသလား မသိဘူး'

'ဘာလို့မှားရမှာလဲဗျ၊ ဒါနဲ့ ခင်ဗျားက ဒီအိမ်က မမနဲ့ ဘယ်လိုပတ်သက်နေလဲ'

ပန်းစည်းကိုင်ထားတဲ့ ကောင်လေးက လင်းခန့်ကို လေသံမာမာနဲ့ ပြန်မေးလို့ လင်းခန့် နည်းနည်းတော့ ဘုသွားပါတယ်။

'နေပါဦးကွ၊ ညီလေးကကော ဘယ်လိုပတ်သက်နေလို့လဲ'

လင်းခန့် အမေးစကားအဆုံး ပန်းစည်းကိုင်ထားတဲ့ ကောင်လေးရဲ့ မျက်နှာက ညှိုးကျသွားပါတယ်။ တော်တော်လေး နွမ်းလျတဲ့ ပုံစံမျိုးဖြစ်သွားသလိုပါပဲ။

'မပတ်သက်ဘဲ ခံနိုင်ရိုးလားဗျာ၊ မမက ကျွန်တော့်ထက် အသက်ထက်ဝက်ကျော်ကြီးပေမယ့် မရဘူးဗျာ၊ ကျွန်တော့်အသည်းမှာ မမရဲ့ အချစ်မြှားက နစ်နေပြီ၊ ထုတ်လို့မရဘူး၊ ပတ်ဝန်းကျင်က ဘယ်လိုပြောပြော ကျွန်တော် မမှုဘူး၊ ကျွန်တော်က မမကို ဖြူဖြူစင်စင်နဲ့ မြတ်နိုးမိတာကိုး၊ ဒါပေမဲ့ဗျာ မမက ကျွန်တော့်ရဲ့အချစ်တွေကို ဥပေက္ခာပြုပြီး ကြိုးရှည်ရှည်နဲ့လှန်ထားတယ်၊ ဒါကြောင့် ဒီနေ့ ဒီပန်းစည်းလေးကို မမကိုပေးမယ်၊ မုန်းသံသယပြေပါစေလို့'

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်တွေ ဗွီဒီယိုတွေထဲက ဇာတ်ဝင်ခန်း သရုပ်ဆောင် သလိုမျိုး ပန်းစည်းကိုင်ထားတဲ့ ကောင်လေးက သူ့ရဲ့ရင်တွင်းဖြစ် ခံစားချက်တွေကို အပီဆို့ဆို့နင့်နင့်နဲ့ ရင်ဖွင့်တာကို နားထောင်နေရတဲ့ လင်းခန့် ဘာကို ရည်ရွယ်ပြီး ပြောသလဲဆိုတာ နားမလည်နိုင်အောင် ဖြစ်သွားပါတယ်။

'ဒီအသံကြားဖူးပါတယ်လို့၊ မင်း ဖြစ်နေတာပါလား၊ မင်းကို ငါနဲ့ မပတ်သက်ပါနဲ့လို့ ပြောတာ မင်းဦးနှောက်က မမှတ်ထားဘူး လား'

'မမရယ်၊ ဒီလိုခါးသီးရက်စက်တဲ့ စကားလုံးတွေနဲ့ ကျွန်တော့် ကို မတိုက်ခိုက်ပါနဲ့၊ ဟောဒီကပန်းစည်းလေးကို ယူပါ၊ မမ ကျွန်တော် ပန်းပေးပါတယ်၊ ပန်းပေးရင် ကျေနပ်ရမှာပေါ့၊ ယူပါ မမ'

'ဘာလို့ ယူရမှာလဲ၊ သွားစမ်းပါ'

ကောင်လေး ပေးတဲ့ ပန်းစည်းကို ဒေါ်ခင်မမက လွှင့်ပစ် လိုက်ပါတယ်။ လင်းခန့်အဖို့တော့ အိမ်ထဲက ထွက်လာတဲ့ ဒေါ်ခင်မမ နဲ့ ကောင်လေးနဲ့ အပြန်အလှန်စကားပြောဆိုနေတဲ့ မြင်ကွင်းကိုကြည့် ပြီး ဘယ်လိုနားလည်ရမှန်းမသိပါ။

'မင်း ငါ့ကို မင်းစိတ်ထဲက ဘယ်လိုထင်နေသလဲဆိုတာတော့ ငါ မပြောတတ်ဘူး၊ ပလာဇာမှာ ပစ္စည်းဝယ်လို့ အကူအညီတောင်းမိ တာကို မင်းက ကူညီပြီး ငါ့ကို ဝင်ရောတာ မင်းကို ငါက ငါ့သား အရွယ်မို့လို့ သားလိုဆက်ဆံတာ၊ ဒီမှာ ဒါက ငါ့သား၊ ကဲ...မင်း သွားတော့၊ နောက်လာမပတ်သက်နဲ့တော့၊ မင်းမျက်နှာ ငါမကြည့်ချင် ဘူး၊ မင်းနဲ့ဇာတ်လမ်းက ဆုံးပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် မမရယ်၊ မမက စာတ်လမ်းပြီးပေမယ့် ကျွန်တော်ကတော့ ထာဝရအခန်းဆက်ဇာတ်လမ်းတွဲအဖြစ် မမနဲ့ ဆုံခဲ့ရတာကို အလွှားဆဲမှာ ပြန်မြင်ရင်း လွမ်းနေပါ့မယ်၊ ကျွန်တော် သွားမယ် မမ၊ Good bye လို့တော့ မပြောရက်ဘူးဗျာ'

ကောင်လေးက ဒေါ်ခင်မမ မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ကြေကွဲစွာပြောရင်း ခြံထဲကနေ မလှမ်းချင်လှမ်းချင် ခြေလှမ်းတွေနဲ့ ထွက်သွားပါတယ်။

'မာမီ သားမရှိတဲ့အချိန်မှာ မာမီ ဘာတွေလျှောက်လုပ်နေတာလဲ၊ မာမီ ဘာတွေပတ်သက်ခဲ့လဲ၊ မာမီ့ရဲ့ အထုပ်ရှုပ်တွေက အခု အိမ်ခြံဝင်းထဲထိ ရောက်လာပြီ'

လင်းခန့်က အခြေအနေ အရှုပ်ရှုပ်ကို သဘောပေါက်သွားလို့ ဒေါ်ခင်မမကို အပြစ်တင်စကား ဆိုပါတယ်။

'တစ်ခါလေး အကူအညီတောင်းမိတာကို သူက သူ့ကိုလာနှယ်တယ်ထင်ပြီး သူက မာမီ့ကို အပျိုမှတ်လို့ လိုက်ပိုးနေတာ မာမီက လက်ခံစရာလား'

'မာမီ လက်ခံလို့ သူက ဒီလောက်ထိ အတင့်ရဲတာပေါ့၊ မာမီ လက်မခံကြည့်ပါလား၊ သူ ဒီလိုလုပ်ရဲမလား၊ မာမီရဲ့ မသိစိတ်က အဲဒီလို လာနှယ်တာကို မာမီက ကျေနပ်နေတာ သား ငယ်ငယ်တုန်းက မာမီနဲ့ ဒယ်ဒီတို့နှစ်ယောက် မာမီ အပျိုဘဝက ရည်းစားတွေ အများကြီးထားလို့ စကားများတဲ့ ကိစ္စ သား အခု ယုံသွားပြီ၊ အပျိုဘဝက ကိုယ်လုံးကိုယ်ပေါက်မျိုး ပြန်ရတော့ မာမီ အပျိုဘဝကို လျှောက်လုပ်နေပြီ ထင်တယ်၊ မာမီ အရွယ်ကြီးရုံမက သားသိက္ခာတွေ ကျတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့် ပြောသမျှ စကားကို နားထောင်နေတဲ့ ဒေါ်ခင်မမ ကတော့ ဘာမှပြန်မပြောဘဲ ပြုံးနေပါတယ်။

'ဒါကတော့ သားရယ် အရင်တုန်းက ပုံဆိုးပန်းဆိုးနဲ့ ခင်မမ ကို လူတွေက ပြောင်လှောင်ကြတယ်လေ၊ ဟော အခုလို မော်ဒယ် ကိုယ်လုံးမျိုးလည်းဖြစ်ရော ပုရိသယောကျ်ားတွေများ ငမ်းပုံ အလှ ကြိုက်ပုံကတော့ ပြောမပြောချင်ဘူး၊ ဒါကြောင့် ဟိုတုန်းက မာမီ့ကို ရှုံ့ချခဲ့တဲ့ သင်းတို့ကို အခု မာမီ ပညာပြန်ပေးနေတာ၊ ဒီ့အတွက် မာမီ သိပ်ကျေနပ်ကယ်'

'နေဦး မာမီ၊ ဒီကိစ္စကို နောက်မှဆွေးနွေးမယ်၊ ကုမ္ပဏီကို သွားဖို့တောင် နောက်ကျနေပြီ'

လင်းခန့်က ကားတံခါးကို ဆွဲဖွင့်ပြီး ခြံဝင်းထဲကနေ ကားကို အမြန်မောင်းထွက်သွားပါတယ်။

ဒေါ်ခင်မမက ခြံထဲကနေ ကားမောင်းထွက်သွားတဲ့ လင်းခန့် ရဲ့ကားကို ကြည့်နေရင်းက ဘာကိုသဘောကျလို့လဲ မသိ။ ပါးပြင်က ပါးချိုင့်ခွက်နှစ်ခွက်ပေါ်အောင် ပြုံးလို့နေပါတယ်။

အဲဒီအပြုံးကတော့ ကိုယ်လုပ်တာကို ကျေနပ်လို့ပြုံးတဲ့ အပြုံး ပဲ ဖြစ်ပါလိမ့်မယ်။

❀

www.burmeseclassic.com

www.burmeseclassic.com



မြလေးယဉ်က လင်းခန့် ဘေးနားမှာထိုင်နေရင်းက ဒေါ်ခင်မမပြောသမျှကို နားထောင်ရင်း ဒေါ်ခင်မမ လှုပ်ရှားမှုတွေကို အကဲခပ်နေပါတယ်။ သွက်သွက်လက်လက် အမူအရာနဲ့ ဒေါ်ခင်မမဟာလည်း သူကချည်း ဒိုင်ခံပြောလို့ လင်းခန့်ကတောင် ဝင်တားယူရတဲ့အထိပါပဲ။

'သမီးရည်းစားဆိုတာ ကြာကြာမတွဲနဲ့ ကြာကြာတွဲလို့ အကြောင်းတစ်ခုခုကြောင့် လက်မထပ်ဖြစ်ရင် ပတ်ဝန်းကျင်ဆိုတာရှိတော့ မိန်းကလေးမှာ နစ်နာတယ်၊ ဒီတော့ သားက ဟောဒီက သမီး မြလေးယဉ်နဲ့ ဘယ်တော့လောက် မင်္ဂလာဆည်ခံပွဲ လုပ်ချင်သလဲ ပြော'

လင်းခန့်က မြလေးယဉ် မျက်နှာကိုကြည့်လိုက်ရင်းက...

'သားနဲ့ မြလေးနဲ့က တစ်နှစ်လောက်တော့ ချစ်သူဘဝ လွတ်လွတ်လပ်လပ်နေချင်သေးတယ်'

'ဟုတ်တယ် အန်တီ၊ အိမ်ထောင်ကျသွားရင် အိမ်ထောင့်တာဝန်ကိစ္စတွေနဲ့ ချစ်သူတွေလိုမျိုး နေလို့ရတော့မှာ မဟုတ်ဘူး'

'ဒါဆိုလည်း သားနဲ့သမီးရဲ့ သဘောပဲလေ၊ သမီးမြလေးယဉ်နဲ့ အန်တီက သားရှင်ဆိုတော့ မင်္ဂလာကိစ္စအဝဝကို ဘာမှမပူနဲ့၊ အန်တီတို့ဘက်က အကုန်လုံးတာဝန်ယူတယ်၊ သမီးနဲ့သား မင်္ဂလာဆောင်မယ့် ကိစ္စကို အန်တီ့ဘက်က ဘာမှဝင်ပါမှာမဟုတ်ဘူး၊ သမီးနဲ့သားတို့ စိတ်တိုင်းကျသလို စီစဉ်၊ မင်္ဂလာဆည်ခံပွဲလုပ်မယ်ဆိုရင်သာ အဲဒီနေ့ကို ကြိုပြော၊ အန်တီ့ဘက်က စီစဉ်စရာရှိတာ စီစဉ်လို့ရအောင်လို့'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမ စကားကြောင့် မြလေးယဉ်က ကျေနပ်သွားပါတယ်။

မြလေးယဉ်က ဒေါ်ခင်မမကို ကြည့်လိုက်ရင်း…

'သမီးတို့ မင်္ဂလာပွဲကြရင်တော့ သတို့သမီးဖြစ်တဲ့ သမီးနဲ့ အန်တီ့ကို မင်္ဂလာပွဲလာကြတဲ့သူတွေတော့ မှားကြမှာပဲ၊ အန်တီက သမီးထက်တောင် နုပြီး လန်းနေတာ၊ အသက်နဲ့တောင် မလိုက်ဘူး၊ အန်တီ ရုပ်ရှင်မင်းသမီး ဝင်လုပ်လို့ရတယ်၊ စိုးမြတ်သူဖေတို့ကို သနားတယ်လို့တောင် ပြောလို့ရတယ်'

'အမယ်လေး အန်တီ့ချွေးမက အန်တီ့ကိုတော့ မြှောက်နေပြီ၊ အန်တီကလည်း အမြှောက်ကြိုက်တာနဲ့တော့ ဟုတ်နေပြီဟေ့'

'မြှောက်ပြောတာ မဟုတ်ပါဘူး အန်တီရဲ့၊ တကယ်ပြောတာ'

မြလေးယဉ်ရဲ့ စကားကို ကြားလိုက်ရတဲ့ ဒေါ်ခင်မမအဖို့ အကျေနပ်ကြီး ကျေနပ်သွားပါတယ်။ လင်းခန့်ကြတော့လည်း ယောက္ခမနဲ့ ချွေးမ မတော်ရသေးပေမယ့် ဒီလို အခုမှစတွေ့တဲ့ မိတ်ဆက်ပေးတဲ့နေ့မှာတင် တကယ့်မိသားစုဝင်တွေလို ရင်းရင်းနှီးနှီးဖြစ်သွားတာ မြင်ရတော့ အကျေနပ်ကြီး ကျေနပ်လို့နေပါတယ်။

အကျေနပ်တာက အကျေနပ်ဆုံးသူကို ပြောပါဆိုရင်တော့ ဒေါ်ခင်မမပါပဲ။

မိန်းမသားအချင်းချင်း ဘယ်သူကမှ လှတယ်လို့ စိတ်ထဲက လိုလိုလားလား ပြောမထွက်တဲ့ သဘာဝအရ အခုလို သူ့ကို ချွေးမဖြစ်လာမယ့် မြလေးယဉ်က သူ့ထက်ဒေါ်ခင်မမက ပိုလှတယ်လို့ အရိုကို

www.burmeseclassic.com

www.burmeseclassic.com



အရှိအတိုင်း ပြောတဲ့အတွက် ဒီလိုလှအောင် အပင်ပန်းခံလေ့ကျင့်ခဲ့ရတာ တန်ဖိုးရှိလိုက်တာလို့ တွေးမိပါရဲ့။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ

တစ်ခါတစ်ရံ

လေပြည်ညင်းလို

ညင်သာလှချည်ရဲ့. . .

အဲ. . .

တစ်ခါတလေများကြတော့

မုန်တိုင်းထက်တောင်ဆိုးရဲ့. . .

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

တိုင်ကပ်နာရီထဲက လက်တံက ညဆယ့်တစ်နာရီကို ညွှန်ပြနေပါတယ်။ တစ်ရပ်ကွက်လုံးကတော့ တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။

လင်းခန့်ကတော့ မအိပ်နိုင်သေးပါ။ ညှို့ခန်းထဲမှာ Twilight ရုပ်ရှင်ဇာတ်ကားရဲ့အဆက် New Moon ဒီဗီဒီဇာတ်ကားကို အသံတိုးတိုးဖွင့်ပြီး ကြည့်နေပါတယ်။ အပေါ်ထပ်မှာ ဒေါ်ခင်မမက အိပ်နေပြီဆိုတော့ နိုးမှာဆိုးလို့ပါ။

ဇာတ်လမ်းက စိတ်ဝင်စားစရာကောင်းတဲ့ အခန်းကိုရောက်နေပါပြီ။

ယောကျ်ားပီသတဲ့ လူငယ်လေးက ညဥ့်သန်းခေါင်ယံမှာ သွေးစုပ်ဖုတ်ကောင်ဘဝကို ပြောင်းလဲသွားလို့ ခံစားနေရတဲ့ သရုပ်ဆောင်မှုကို ကြည့်ပြီး လူငယ်လေးရဲ့ချစ်သူခမျာ ဘယ်လိုခံစားနေလေမလဲလို့ ဇာတ်ကားနဲ့အတူ လင်းခန့် စီးမျောနေမိပါတယ်။

'ခင်မမ… ခင်မမ အသည်းစားဘုရင်မ နတ်ဘုရားမကြီးရဲ့ ထွက်ခဲ့ပါဦး၊ ခြံရှေ့ကို မင်းရဲ့နှုဖတ်တဲ့ ခြေဖဝါးလေးတွေနဲ့ လှမ်းလာခဲ့ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခြံဝရှေ့ကနေ အသံပြဲကြီးနဲ့ အော်သံကြောင့် ဗွီဒီယိုကြည့်နေတဲ့ လင်းခန့် လန့်သွားပါတယ်။ ဘယ်သူက မူးကြောင် ရူးကြောင်နဲ့ ခြံရှေ့ကနေ လာအော်နေသလဲ။ ပတ်ဝန်းကျင်တော့ အနှောင့်အယှက်ဖြစ်တော့မှာပဲ ဆိုပြီး ဗီဒီယိုစက်ကို ပိတ်ကာ အိမ်ထဲ ကနေ ထွက်လာပြီး ခြံရှေ့ကို သွားလိုက်ပါတယ်။

ခြံဝင်းတံခါးကို ဖွင့်ပြီး ကြည့်လိုက်တော့ ခြံဝမှာ ဇင်ရှုပ ရှပ်ကားတစ်စီး ရပ်ထားပြီး အသက်ငါးဆယ်နီးပါးရှိမယ့် ဟက်ပင်း တီးရှပ်နဲ့ လည်ပင်းမှာ ရွှေဆွဲကြိုး သုံးကျပ်သားခန့်ဆွဲထားပြီး ဟန်းချိမ်း လည်း၀တ်ထားကာ လက်ထဲမှာ ရက်ဒ်လေဘယ် အရက်ပုလင်းကိုင် ထားတဲ့ အသားညိုညိုနဲ့လူတစ်ဦးကို တွေ့ရပါတယ်။

'ကိုယ့်ညီ ဒီအိမ်ကလား၊ ခင်မမနဲ့ ဘယ်လိုပတ်သက်လဲ မသိဘူး၊ ကိုယ် လှည့်စားခံနေရပြီကွာ၊ မိန်းမတစ်ယောက်ရဲ့ လှပတဲ့ စကားလုံးတွေအောက်မှာ ဦးရွှေညာဆိုတဲ့ လူတစ်ယောက် ကျဆုံးခဲ့ရ ပြီ'

လင်းခန့်က အရက်ပုလင်းကိုင်ထားတဲ့ ဦးရွှေညာကို ကြည့် ပြီး ဘာပြန်ပြောရမှန်း မသိပါ။ သူ့မာမီဖြစ်တဲ့ ဒေါ်ခင်မမ သူမရှိတဲ့ အချိန်မှာ ဘယ်လိုအရှုပ်ထုပ်တွေ လျှောက်လုပ်နေသလဲ မတွေးတတ် အောင်ဖြစ်ပါတယ်။ စိတ်လည်း တော်တော်ညစ်သွားပါတယ်။ တစ်ခါ ဖူးမှ ဒါမျိုးမကြုံဖူးတာဖြစ်တဲ့အတွက် ရှက်လည်းသိပ်ရှက်သွားပါ တယ်။

'အစ်ကိုကြီးရာ အချိန်မတော်မို့လို့ ပတ်ဝန်းကျင် အနှောင့် အယှက်ဖြစ်ပါမယ်၊ တော်ကြာ ရယကတွေ ဘာတွေရောက်လာရင် မကောင်းပါဘူး၊ ပြန်တော့နော်'

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေညာဆိုတဲ့ လူက လင်းခန့် စကားကို တော်တော် နား ထောင်တယ် ထင်ပါရဲ့၊ လက်ထဲကိုင်ထားတဲ့ အရက်ပုလင်းကို ပါးစပ် ထဲ မှောချလိုက်ပါတယ်။

'ခင်မမ… ခင်မမ… မင်းရဲ့ စကားလုံးတွေကို ငါ ဘာယုံရ တော့မှာလဲ၊ မင်းသွားချင်ရာ ငါလိုက်ပို့ရတယ်၊ မင်းစားတာမှန်သမျှ ငါ ဒိုင်ခံရှင်းရတယ်၊ ရွှေညာဆိုတဲ့လူတစ်ယောက်အနေနဲ့ ဒါတွေကို မမှုဘူး၊ ယောကျ်ားတစ်ယောက်ရဲ့ လူပျိုကြီးတစ်ယောက်ရဲ့ မာနနဲ့ သိက္ခာကို ခဝါချပြီး ငါ မင်းအလိုကျ ပြုမူခဲ့တယ်၊ မင်းကို ချစ်မိတာ ငါ မှားသွားပြီလား မသိဘူး'

ဦးရွှေညာရဲ့ ပေါက်ကွဲမှုတွေက ပြင်းသထက် ပြင်းထန်လာ ပါတယ်။ ဦးရွှေညာရဲ့ စကားအသွားအလာကို ကြည့်ခြင်းအားဖြင့် ဘယ်အခြေအနေတွေ ရောက်ကုန်ပြီလဲဆိုတာ လင်းခန့် ကောင်းကောင်း ကြီး သဘောပေါက်လိုက်ပါတယ်။

ဒီလောက် ဦးရွှေညာရဲ့ အသံပြဲကြီးနဲ့ အော်ဟစ်ပြောဆိုနေတာ ကို အိပ်နေတဲ့ ဒေါ်ခင်မမ မနိုးတာ အံ့အားသင့်နေမိပါတယ်။

လင်းခန့်အဖို့ ဒီပွဲကို အမြန်ဖြတ်ရတော့မယ်လို့။ နှိမ့်ဆို ပတ်ဝန်းကျင်အဖို့ ဒီထက်အနှောင့်အယှက်ဖြစ်တော့မှာလို့။

'အစ်ကိုကြီး နောက်မှ အပီရင်ဖွင့်တော့နော်၊ ကျွန်တော်က ဒေါ်ခင်မမရဲ့ သားပါ၊ သူ့သားတစ်ယောက်အနေနဲ့ အစ်ကိုကြီးကို တောင်းပန်တယ်၊ ပြန်ပါတော့နော်'

လင်းခန့် စကားကြောင့် ဦးရွှေညာတစ်ယောက် အသိတ် တလန့်ကော မယုံသင်္ကာဖြစ်သလိုမျိုးကော အမူအရာနှစ်မျိုး တပြိုင် နက်ဖြစ်သွားသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ညီလေး ပြောလို့သာ ယုံရမှာ၊ ကိုယ်တော့ မယုံဘူး၊ ခင်မမကလည်း ဘာမှမပြောဖူး၊ သြော်… ရော့'

ဦးရွှေညာက ဘောင်းဘီအိတ်ကပ်ထဲကနေ ဗစ်စစ်တင်းကဒ် တစ်ခုကို ယူပြီး ပေးပါတယ်။

'ညီလေး ဒါ ကိုယ့် ဗစ်စတင်းကဒ်၊ ကိုယ်ဖွင့်ထားတဲ့ စားသောက်ဆိုင်ကို လာခဲ့၊ ကိုယ် ပြုစုမယ်၊ ခင်မမကတော့ ကိုယ့်ဆိုင်က လွဲပြီး ကျန်တဲ့ဆိုင်မှာ အကုန်စားတယ်၊ သွားပြီ'

လက်မှာ အရက်ပုလင်းကိုင်ထားတဲ့ ဦးရွှေညာက ကားတံခါးကိုဖွင့်ပြီး အမြန်မောင်းထွက်သွားပါတယ်။

လင်းခန့်ကတော့ သူ့မာမီ ဒေါ်ခင်မမ တစ်ယောက် သည်လို ဦးရွှေညာဆိုသည့်လူကြီးနဲ့ ဘယ်လိုများ ပတ်သက်သလဲဆိုပြီး အိပ်နေတဲ့ ဒေါ်ခင်မမကို နှိုးမေးချင်ပေမယ့် မနက်ရောက်မှပဲ မေးတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီး ခြံဝင်းတံခါးကို သော့ပိတ်ပြီး အိမ်ထဲပြန်ဝင်လာခဲ့ပါတယ်။

ညှော်ခန်းထဲရောက်တော့ ဒီဗီဒီစက်ကို ဖွင့်ပြီး ဒီဗီဒီဇာတ်ကားကို ပြန်ကြည့်ဖို့ လုပ်ပေမယ့် စောစောတုန်းက ဦးရွှေညာကိစ္စကြီးက ခေါင်းထဲဝင်လာလို့ ရုပ်ရှင်ဆက်ကြည့်လို့ မရဘဲ အိပ်ယာဝင်ခဲ့မိပါတော့တယ်။

အိပ်မလို့လုပ်ကာမှ အဲဒီဦးရွှေညာဆိုတဲ့ လူကြီးရဲ့မျက်နှာကို မြင်မြင်နေရလို့ အတင်းပဲ အာရုံကနေ ဖျောက်ပစ်ရတဲ့အထိပါပဲ။

❀

www.burmeseclassic.com

www.burmeseclassic.com



'ဒီလူလာတာ မာမီသိသားပဲ၊ အိပ်ရေးပျက်မှာစိုးလို့ မထ တာ၊ မိုးလာရင် အဲဒီဦးရွှေညာဆိုတဲ့ လူက ဒီလိုပဲ၊ ခြံရှေ့ကနေ မိုးမိုးနဲ့ အော်ချင်ရာအော် ပြောချင်ရာပြောနဲ့ အိမ်နီးနားချင်းတွေက ရိုးကုန်လို့ ဘယ်သူမှ ထွက်မကြည့်တော့ဘူး'

မနက် ကော်ဖီသောက် မုန့်စားရင်း ညတုန်းက အကြောင်းကို လင်းခန့်က ဒေါ်ခင်မမကို ပြောပြတဲ့အခါ ဒေါ်ခင်မမက ဘာမှမဖြစ် သလိုမျိုးနဲ့ ပြန်ဖြေပါတယ်။

'မာမီရာ ကျွန်တော်တော့ မာမီ့အစား ပတ်ဝန်းကျင်ကို မျက်နှာ ပူလိုက်တာ၊ ကျွန်တော့်ကို ပြောပါဦး မာမီ၊ ကျွန်တော်မရှိတဲ့အချိန် တွေမှာ မာမီ ဘာတွေဖြစ်ခဲ့သလဲ၊ ဘာတွေလျှောက်လုပ်ထားလဲ၊ ပန်းစည်းလာပေးတဲ့သူကတစ်မျိုး၊ အရက်မူးပြီး အိမ်ရှေ့မှာ လာအော် သူက အော်နဲ့ အဲဒါ မာမီက စခဲ့ ငြိခဲ့လို့ ဖြစ်မှာ၊ အညှိမရှိဘဲနဲ့တော့ ယင်မအုံဘူး မာမီ'

လင်းခန့်ပြောတဲ့ လေသံက နည်းနည်းမာနေသလိုမျိုးဖြစ်နေ လို့ ငရဲကြီးမှာကြောက်တဲ့ လင်းခန့် လေသံကို လျှော့ချလိုက်ပါတယ်။

'သြော်... မာမီရဲ့သားခင်ဗျာ သူ့မာမီကို တော်တော်ချစ်ရှာ တာပဲ၊ စိုးရိမ်နေလိုက်တာ ရှက်တပ်နေလိုက်တာဆိုတာ၊ သား ပြောတာ မှန်တယ် သား၊ ဒါပေမဲ့ မာမီပြောပြမယ်၊ မာမီဟာ ခင်ပွန်းမရှိတော့ လို့ သားက နိုင်ငံခြားရောက်နေလို့ အချိန်ခါမျိုးမှာ ဘယ်သူမှ ငါ့ကို စောင့်ကြည့်မယ့်သူမရှိဘူး၊ ငါ့ရဲ့သွေးသားဆန္ဒအရ ငါလုပ်ချင်တာ လုပ်လိုက်မယ်ဆိုတဲ့ ဆန္ဒမျိုး ဘယ်တော့မှ မာမီ မလုပ်ဘူး၊ အတော် တဆ ခင်မင်ရင်းနှီးမိတာကို ခင်ပွန်းမရှိ သားမရှိတဲ့ မာမီ့ကို သူတို့က အပျိုထင်ပြီး သူတို့ထင်ချင်သလိုထင် ယူဆချင်သလို ယူဆပြီး သူတို့

www.burmeseclassic.com



ဆန္ဒ ရှေ့တန်းတင် အသားယူပြီး ပြောတာတော့ မာမီလည်း ဘာမှ မတတ်နိုင်ဘူး၊ မာမီ့ကိုယ်ကျင့်တရားကို မာမီ ယုံတယ်၊ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲဟာ'

လင်းခန့်ကို ရှင်းပြရတာ ဒေါ်ခင်မမ တော်တော်မောသွားတယ် ထင်ပါရဲ့။ ကော်ဖီတစ်ခွက်ကို ကုန်အောင်သောက်လိုက်ပြီး မုန့်တွေဘာတွေတောင် ထပ်စားလိုက်ပါသေးတယ်။

'မာမီပြောတာကို ကျွန်တော် ယုံလိုက်ပါပြီ၊ ဒါပေမဲ့ မာမီ ရယ် အဲဒါမျိုးကြီး အိမ်ရှေ့မှာလာအော်တာမျိုးကတော့ ကြာလာရင် ကျွန်တော် သည်းခံနိုင်မှာ မဟုတ်ဘူး'

'သူ့ဘာသာသူ ပြီးသွားမှာပါ သားရယ်၊ ဪ… ဒါနဲ့ ဒီညနေ ကရဝိတ်မျှော်စင်ကျွန်းမှာ စတိတ်ရှိုးရှိတယ်၊ သားရဲ့ ချစ်သူ မြလေးယဉ်ကိုပါခေါ်လာခဲ့၊ မာမီတို့ မိသားစု အတူတူသွားကြည့်ပြီး စားကြသောက်ကြတာပေါ့၊ သားပြန်ရောက်ကတည်းက ဘယ်မှသွား ရလာရသေးတာမှ မဟုတ်တာ'

လင်းခန့်က ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ ကော်ဖီကို ကုန်အောင်သောက်ပြီး ကုမ္ပဏီသွားဖို့ ပြင်ဆင်နေ တုန်းအချိန်ထိ ဒေါ်ခင်မမကတော့ ထိုင်ရာက မထဘဲ ရေနွေးသောက် လိုက် သီချင်းလေးညည်းလိုက်နှင့် လောကစည်းစိမ်ကို ထွင်ထွင်ကြီး စားသုံးနေပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

မပန်ဆင်ချင်တော့ပါဘူးဆိုမှ

သူပေးတဲ့

သစ်ခွပန်းတွေကို

ကျွန်မ ဘာကြောင့်များ

ပန်ချင်လာရပါသလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

ကရဝိတ် မျှော်စင်ကျွန်းထဲမှာ စတိတ်ရှိုးရှိလို့လားမသိ ကား တွေက တော်တော်များနေတယ်။ လင်းခန့်က ကားရပ်မယ့်နေရာကို မနည်းရှာပြီး ရပ်ရတယ်။ ပြီးတော့မှ ဒေါ်ခင်မမ၊ မြလေးယဉ်တို့နဲ့ စတိတ်ရှိုးရှိတဲ့နေရာကို လျှောက်လာကြတယ်။

'မာမီ တစ်ခုခုစားပြီးမှ စတိတ်ရှိုးကြည့်မယ်'

'ကောင်းသားပဲ၊ သမီး မြလေးယဉ်ကော ဗိုက်ဆာနေပြီလား'

'ရပါတယ် အန်တီ'

သုံးယောက်သား လမ်းလျှောက်လာရင်း စကားပြောနေတဲ့ အချိန်မှာ ပြေးလွှားဆော့ကစားနေတဲ့ ကလေးတွေက သူတို့နားကနေ ဖြတ်ပြေးလိုက် ဖြတ်သွားလိုက်နဲ့ ရှိနေပါတယ်။

'ဝီ... ဝီ... ဝီ'

'အောင်မလေး'

ထိုစဉ် ကလေးကစားတဲ့ လေယာဉ်ပျံတစ်စီးက လင်းခန့် ဒေါ်ခင်မမနဲ့ မြလေးယဉ်တို့ ခေါင်းတွေပေါ်မှာ ဝဲပျံနေရင်းက လေယာဉ်ပျံက ဒေါ်ခင်မမရဲ့ ပခုံးကိုထိမိလို့ ဒေါ်ခင်မမက လန့်အော် လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'Sorry, Sorry ဗျာ၊ လူကြီးတန်မဲ့ ကလေးတွေဆော့သလိုမျိုး ဆော့မိလို့ ဒီလိုဖြစ်သွားရတာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

ဒေါ်ခင်မမရဲ့ ခြေထောက်နားက မြေကြီးပေါ်မှာ ကျနေတဲ့ ကလေးကစားစရာ လေယာဉ်ပျံလေးကို လက်တစ်ဖက်မှာ ရီမုကွန် ထရိုးကိုင်ရင်း ကောက်ယူလိုက်တဲ့ ဒေါ်ခင်မမနဲ့ အသက်မတိမ်းမယိမ်း နိုင်ငံခြားမင်းသား ဘရက်ပစ်နဲ့ ခပ်ဆင်ဆင်တူတဲ့ ခေတ်ဆန်ဆန် ဝတ်ထားတဲ့ လူတစ်ဦးက တောင်းပန်စကားဆိုပါတယ်။

'ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ဒါနဲ့ ရှင့်အရွယ်ကြီးနဲ့ ဒါမျိုး ဆော့တာကတော့'

ဒေါ်ခင်မမက အဲဒီလူကိုကြည့်ပြီး ရယ်ရင်းက မေးတော့

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်က တစ်ခါတလေ ဒီလိုဆော့ တတ်တာကိုက ကလေးဆန်သလားတော့ မသိဘူး၊ မတတ်နိုင်ဘူးဗျာ၊ ကိုယ့်ဝါသနာနဲ့ ကိုယ်ပေါ့'

'အိမ်မှာကော ရှင်က ရှင့်သားသမီးတွေနဲ့ ဒီလိုပဲ ဆော့တာ လား'

ဒေါ်ခင်မမ စကားကြောင့် လက်ထဲမှာ ကလေးကစားစရာ လေယာဉ်ပျံကိုင်ထားတဲ့လူက ဖြူဖွေးနေတဲ့ သွားတွေကို ပေါ်အောင် ဖြီးလိုက်ပြီး...

'ဟာဗျာ... ဘယ်ကသာ ကျွန်တော်က လူပျိုကြီးပါ၊ Only One ပဲ'

'ဟုတ်ပါ့မလား၊ မယုံဘူးနော်'

'ကဲပါဗျာ၊ ယုံတာ မယုံတာ အသာထားလို့ ခင်ဗင်တဲ့ အထိမ်း

www.burmeseclassic.com

www.burmeseclassic.com



အမှတ်နဲ့ ဒီက ခင်ဗျားတို့ကို တစ်ခုခုကျွေးပါရစေ၊ လက်ခံမယ်လို့ ထင်ပါတယ်၊ Warmly ပေါ့ဗျာ'

'သားနဲ့သမီးရေ ကျွေးမယ့်သူကလည်း ကျွေးနေပြီ၊ စတိတ် ရှိုးကြည့်ဖို့က လိုပါသေးတယ်၊ တစ်ဖက်က တောင်းဆိုမှတော့ မာမီ တို့က လက်ခံရမှာပေါ့'

လင်းခန့် အခြေအနေတစ်လျှောက်လုံး အကဲခပ်နေတာ အဲဒီ လူရဲ့ ပုံက သဘောကောင်းမယ့်ပုံမျိုး စိတ်ဓာတ်မျိုးရှိမယ်လို့ ခန့်မှန်း မိပါတယ်။ ဒါ့အပြင် သူ့မာမီကလည်း အဲဒီလူနဲ့ စကားပြောရတာကို ကျေနပ်နေသလိုပါပဲ။

'ဟင်းတွေကလည်း များလှချည်လား၊ လေးယောက် ဘယ် လိုလုပ် ကုန်မှာလဲ'

'နည်းနည်းချင်းစီ စားပေါ့'

လာချပေးတဲ့ ဟင်းလျာတွေကို ကြည့်ပြီး ဒေါ်ခင်မမ ပြော တာကို ပြုံးရင်းက အဲဒီလူက ပြန်ဖြေပါတယ်။

'ဪ... ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးရဦး မယ်၊ ကျွန်တော့်နာမည်က ကျော်နေမင်းပါ၊ ရွှေစည်းစိမ်သွင်းကုန် ထုတ်ကုန်ရဲ့ ကုမ္ပဏီဉက္ကဋ္ဌပါ၊ ဒီမှာ ကျွန်တော့်ဗစ်စတင်းကဒ်ပါ'

ဦးကျော်နေမင်း ဆိုသူက ဒေါ်ခင်မမကို ဗစ်စတင်းကဒ် ပေးလိုက်ပါတယ်။

'ကျွန်မ နာမည်က ခင်မမပါ၊ ဒါက ကျွန်မရဲ့သား လင်းခန့် တဲ့၊ ဟောဒါက သားရဲ့ချစ်သူလည်းဟုတ်၊ သားနဲ့လက်ထပ်မယ့်သူ

www.burmeseclassic.com

www.burmeseclassic.com



မြလေးယဉ်တဲ့၊ သားက နဂါးနှစ်ကောင်ကုမ္ပဏီမှာ အဖွဲ့ဝင်တစ်ယောက်လေ၊ ကျွန်မ ခင်ပွန်းကတော့ သား ဆယ်နှစ်သားကတည်းက ကွယ်လွန်သွားပြီလေ'

'ဩော်… ဟုတ်လား'

လင်းခန့် နည်းနည်းတော့ သူ့မာမီ ဒေါ်ခင်မမကို စိတ်ဆိုးချင်သလို ဖြစ်သွားပါတယ်။ ဟိုက မမေးတာကို အသေးစိတ်ဖြေနေလို့ပါ။

'ကဲ… ဒီက ညီလေးကော ညီမလေးကော ဒေါ်ခင်မမပါ စားကြပါ၊ အားမနာပါနဲ့'

'အို… ကိုကျော်နေမင်းကလည်း ကျွန်မကို ခင်မမပဲ ခေါ်ပါ၊ ရှေ့ကနေ ဒေါ်ဆိုတာကြီး ထည့်မခေါ်ပါနဲ့'

'ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ၊ ကဲ… ခင်မမ Lady First ပေါ့ဗျာ၊ ဟုတ်လား'

ဦးကျော်နေမင်းက ဒေါ်ခင်မမ ရှေ့က ပန်းကန်ထဲ ဟင်းတွေ ခပ်ထည့်ပေးပါတယ်။

'အို… နေပါ ရပါတယ်'

'ဘယ်ဗျာ Lady First ပဲဟာ'

ဒေါ်ခင်မမက ပြင်းသာငြင်းပေမယ့် ဦးကျော်နေမင်းရဲ့ ပြုမူပုံကို သဘောကျ ကျေနပ်သလို ဖြစ်နေမိပါတယ်။

'ကဲ… ညီလေးနဲ့ ညီမလေး စားနော်၊ စား'

'ဟုတ်ကဲ့ပါ ဦးကျော်နေမင်း'

လင်းခန့်လည်း မိုက်က နည်းနည်းဆာလာတာနဲ့ မထူးတော့ပါဘူးဆိုပြီး မြလေးယဉ်ရဲ့ ရှေ့မှာရှိတဲ့ ပန်းကန်ထဲ ဟင်းတွေထည့်ပေးရင်း အပီအားပေးပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ရှေ့မှာတော့ ဖြတ်သွားဖြတ်လာလူတွေက စောစောတုန်းကထက်ကို ပိုများလာပါတယ်။ တစ်ချက်တစ်ချက် စတီးတ်ရှိုးစင်မြင့်ဘက်က တီးဝိုင်းစမ်းတဲ့ ဂီတာသံတွေကို ကြားကြား နေရပါသေးတယ်။

'ကိုကျော်နေမင်းကကော အခုစားပြီးသောက်ပြီးရင် စတိတ် ရှိုးကြည့်မှာလား'

စားရင်းသောက်ရင်းကနေ ဒေါ်ခင်မမက မေးတော့ ဦးကျော် နေမင်းက…

'အခု စတိတ်ရှိုးက Hip Hop တွေများတယ်၊ လာကြည့်တာ လာနား ထောင်တာတွေကလည်း လူငယ်တွေချည်းပဲ၊ တွေ့တယ် မဟုတ်လား၊ ဟိုမှာ သွားနေကြတာ၊ ခေတ်ကိုတော့ အမီလိုက်ပါတယ် ဗျာ၊ ဒါပေမဲ့ လူငယ်တွေလိုမျိုး အပြည့်အဝတော့ ခံစားလို့မရဘူး၊ တကယ်တော့ ဂီတဆိုတာ စတိတ်ရှိုးသွားကြည့်တဲ့ သီချင်းဆိုမှ မဟုတ် ပါဘူး၊ ကျွန်တော့်ဆရာ မော်ဒန်အက်ပန်းချီဆရာ ဗိသုကာပညာရှင် ခင်မောင်ရင်က ပြောဖူးတယ်၊ ဂီတက မိမိပတ်ဝန်းကျင်မှာ ရေကူးနေ ပါတယ်တဲ့'

'ဘယ်လို ဘယ်လို ကိုကျော်နေမင်း၊ ကျွန်မ သိပ်နားမလည် ဘူး'

ဒေါ်ခင်မမ နားမလည်သလိုမျိုး လင်းခန့်ကော မြလေးယဉ် ပါ ဦးကျော်နေမင်း စကားကို နားမလည်သဖြင့် ဦးကျော်နေမင်း ရှင်းပြမှာကို စားရင်း နားစွင့်နေပါတယ်။

'ဒီလို မခင်မမရဲ့၊ ဂီတက မိမိပတ်ဝန်းကျင်မှာ ရေကူးနေပါ တယ်ဆိုတာက မိုးရွာလို့ ကြားရတဲ့အသံကလည်း ဂီတာပဲ၊ လေတိုက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အသံကလည်း ဂီတပဲလေ၊ မိခင်တွေက ကလေးချော့သိပ်တာ၊ တစ်ဖက်နဲ့တစ်ဖက် ရန်ဖြစ်လို့ ဆဲကြဆိုကြတာ၊ ကြက်ဖတွန်သံ၊ ငှက်မြည်သံ အိုဗျာ ကြားကြားသမျှ အသံတွေဟာ နားထောင်ရတော့ ဂီတတွေဖြစ်ကုန်တာပေါ့၊ နောက်ဆုံး ဘာသံမှ မကြားရတဲ့နေရာမှာ တရားထိုင်ရင်း ရှုမှတ်နေတာဟာလည်း တိတ်ဆိတ်ခြင်းဆိုတဲ့ ဂီတပဲလေ၊ ဒါကြောင့် ဂီတဆိုတာ စတိတ်ရှိုးသွားကြည့်မှ မဟုတ်ဘူး၊ အသံတွေကို နားထောင်သူက ခံစားတတ်ရင် ဂီတဖြစ်ပါတယ်ဗျာ'

'ကိုကျော်နေမင်းရေ ဒီလိုဆိုတော့ ကျွန်မတို့တောင် စတိတ်ရှိုး မသွားရတော့ဘဲ အိမ်ကိုပြန်ရတော့မလိုတောင် ဖြစ်နေပြီ'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော့် အမြင်ကို ပြောတာပါ၊ ကဲပါ စားမှာသာ စား၊ စတိတ်ရှိုး နောက်ကျနေဦးမယ်၊ ဒီက ညီလေးနဲ့ ညီမလေးက ကြည့်ချင်နေလောက်ပြီ'

ဦးကျော်နေမင်း စကားအဆုံး လင်းခန့်က…

'နည်းနည်းတော့ ဦးကျော်နေမင်း လွဲနေပြီ၊ တကယ်တမ်း ဖြစ်နေတာက ကျွန်တော့်မာမီ၊ ကျွန်တော်တို့က ဒီလောက်မဟုတ်ဘူး ဗျို့'

'ဟေ… ဟုတ်လား၊ ဟား… ဟား… ဟား'

လင်းခန့် စကားကြောင့် ဦးကျော်နေမင်းက သဘောကျလို့ ဒေါ်ခင်မမကို ကြည့်ပြီး ရယ်တာ ဒေါ်ခင်မမအဖို့ အပျိုလေးတစ် ယောက်လိုမျိုး ရှက်သွားတာ ပြောဖို့ပင် လိုမည်မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ကလင်… ကလင်… ကလင်'

သတင်းဂျာနယ်တစ်စောင်ကို ဖတ်နေတဲ့ ဒေါ်ခင်မမ တယ်လီဖုန်းမြည်သံကြားရလို့ ဂျာနယ်ကို စားပွဲပေါ် ပစ်ချပြီး တယ်လီဖုန်းကောက်ကိုင်လိုက်တော့ ဦးကျော်နေမင်းဆီက ဖုန်းဖြစ်နေလို့ အံ့အားတောင် သင့်သွားပါတယ်။

'ကိုကျော်နေမင်း ပြောလေ၊ ဘာကိစ္စရှိလို့လဲ'

'ဒီနေ့ ကျွန်တော့်မွေးနေ့လေ'

'ဘယ်နနှစ်မြောက်လဲ၊ လိမ်မပြောနဲ့နော်'

'လေးဆယ့်သုံးနှစ်ပါ'

'အဲဒီတော့'

'ကျွန်တော့်မွေးနေ့ အထိမ်းအမှတ်အနေနဲ့ ဆိုင်တစ်ဆိုင်မှာ တစ်ခုခု ကျွေးချင်လို့ပါ'

'ရှင်'

ဦးကျော်နေမင်းဆီကနေ အဲဒီစကားကြားလိုက်ရလို့ ဒေါ်ခင်မမ အံ့အားသင့်သွားပါတယ်။

'ကိုကျော်နေမင်းရဲ့ ဖိတ်ကြားမှုကို ကျွန်မ လက်ခံချင်ပါတယ်၊ ဒါပေမဲ့ အိမ်မှာ သားက မရှိဘူး၊ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းကျတော့ မသင့်တော်ဘူးလေ'

'ဘာဆိုင်လို့လဲ မခင်မမရယ်၊ ကျွန်တော်တို့က ရိုးရိုးသားသား မိတ်ဆွေတွေပဲဟာ၊ ကိုယ့်လိပ်ပြာ ကိုယ်လုံဖို့ပဲ အရေးကြီးတာပါ၊ ဟောဒီမှာပါ၊ ကျွန်တော် စိမ်းလန်းမြေက စောင့်နေမယ်၊ အင်းလျားကန်ရဲ့ ရှုခင်းကို ကြည့်ပြီး စကားတွေပြောကြတာပေါ့၊ ဒါပဲနော်'

'ဟုတ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်နေမင်းက တယ်လီဖုန်းပိတ်လိုက်ပေမယ့် ဒေါ်ခင်မမက တယ်လီဖုန်းခွက်ကို မချပေးဘဲ လက်ကကိုင်ရင်းမှ ဘာဖြစ်လို့များ ဦးကျော်နေမင်းကို တယ်လီဖုန်းနံပါတ် ပေးလိုက်သလဲဆိုတာရယ် ပြီးတော့ ဦးကျော်နေမင်း ဖိတ်တဲ့ ဖိတ်ကြားမှုကို သူ ဘာဖြစ်လို့ လက်ခံမိသလဲဆိုတာကို သူ့ကိုယ်သူ ဝေခွဲမရဖြစ်နေမိပါတယ်။

သေချာတာက ဒေါ်ခင်မမအဖို့ ဦးကျော်နေမင်းနဲ့ နှစ်ယောက်အတူတူ စားရင်း စကားတွေပြောရမှာကို အပျိုမလေးတစ်ဦးလို ရင်ခုန်နေမိတာက အမှန်ပါပဲ။

❀

စိမ်းလန်းမြေဥယျာဉ် စားသောက်ဆိုင်ထဲမှာ ဒေါ်ခင်မမတစ်ယောက် ဦးကျော်နေမင်း ဘယ်စားပွဲဝိုင်းမှာ ရှိမလဲလို့ မျက်စိကစားလိုက်တော့ အင်းလျားရေပြင်ဘက်ကို မျက်နှာမူထားတဲ့ စားပွဲဝိုင်းမှာ ဦးကျော်နေမင်း ထိုင်နေတာကို တွေ့ရပါတယ်။

'မခင်မမ လာ ဒီမှာထိုင်'

ဒေါ်ခင်မမက ဦးကျော်နေမင်းရှိတဲ့ စားပွဲဝိုင်းကို ရောက်လာသဖြင့် ဦးကျော်နေမင်းက ဝမ်းသာအားရနဲ့ ထိုင်ခုံကို လက်ညှိုးထိုးပြပါတယ်။

'ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော့်ရဲ့ ဖိတ်ခေါ်မှုကို လက်ခံလို့ပါ၊ ပြီးတော့ အစားအသောက်တွေတောင် ကြိုမှာထားပြီးပြီ၊ မခင်မမ လာမှ ချခိုင်းမလို့'

'ကျွန်မကို ခွင့်လွှတ်နော်၊ မွေးနေ့ရှင်အတွက် မွေးနေ့လက်ဆောင်ပေးဖို့ ဝယ်ရမှာ မေ့သွားလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ မဟုတ်တာ၊ ကျွန်တော်ကသာ မခင်မမကို ပေးစရာ ရှိတယ်'

'ဘာပေးမှာမို့လို့လဲ ကိုကျော်နေမင်းရဲ့'

ဦးကျော်နေမင်းက စားပွဲဝိုင်းပေါ်မှာရှိနေတဲ့ ပါကင်ထုတ်ထားတဲ့ အထုပ်သေးသေးလေး တစ်ထုပ်ကို ဒေါ်ခင်မမ လက်ထဲ ထည့်ပေးလိုက်ပါတယ်။

'ဖွင့်ကြည့်လိုက်ပါဦး မခင်မမရဲ့'

ဒေါ်ခင်မမက ပါကင်ထုတ်ထားတဲ့ အထုတ်လေးကို ဖြည်လိုက်ပါတယ်။

'ဟယ်... သစ်ခွပန်းခြောက်နှစ်ပွင့်ပဲ'

ဒေါ်ခင်မမက ဝမ်းသာအားရ အမူအယာနဲ့ သစ်ခွပန်းခြောက်နှစ်ပွင့်ကို ယူလိုက်ရင်း...

'လှလိုက်တာ၊ ဒီသစ်ခွပန်းခြောက်နှစ်ပွင့်က ဈေးကြီးမှာ၊ စက်ာပူကလာတဲ့ ကတ်တလီယာသစ်ခွပန်းခြောက်ပဲ၊ ဒီလိုအဖြူရောင်မှာ လျှာနဲ့အစက်တွေပါတာက ပိုလည်းလှ ပိုလည်းဈေးကြီးတာပေါ့'

'မှန်တာပေါ့ ခင်မမရယ်၊ ခင်မမလို လှလည်းလှ ကျက်သရေလည်းရှိတဲ့ အမျိုးသမီးတစ်ဦးရဲ့ ဆံကေသာပေါ်မှာ ဒီသစ်ခွပန်းခြောက်နှစ်ပွင့်ကို ပန်လိုက်ရင် ပိုလှသွားမှာ၊ ပန်လိုက်ပါ မခင်မမ'

ဦးကျော်နေမင်း စကားကြောင့် ဒေါ်ခင်မမ ရှက်သလိုဖြစ်သွားပါတယ်။

'ကျွန်မ ခေါင်းမှာ ပန်းပန်နေတုန်း ရှင် မကြည့်နဲ့နော်၊ ကျွန်မ ရှက်တယ်'

'ဟာ... ရပါတယ်၊ ကျွန်တော် ဟိုနားသွားနေပေးပါ့မယ်

www.burmeseclassic.com

www.burmeseclassic.com


ဦးကျော်နေမင်းက စားပွဲဝိုင်းနဲ့ ခပ်ဝေးဝေးကို သွားလိုက်ပြီး အင်းလျားရေပြင်ကြီးကို ငေးကြည့်နေပါတယ်။

'လာတော့ ရပြီ'

ဒေါ်ခင်မမက ရှက်သလို အမူအယာမျိုးနဲ့ လှမ်းခေါ်လိုက်လို့ ဦးကျော်နေမင်းက ပြန်ရောက်လာပြီး ဒေါ်ခင်မမကို ကြည့်လိုက်ပါတယ်။

'အခုမှ တကယ့်ကိုကျက်သရေဝိုရှိ ပိုလှသွားတာ'

'ကျွန်မကို မြှောက်မပြောပါနဲ့ ကိုကျော်နေမင်းရယ်၊ ကျွန်မက သားရဲ့အဖေ ကွယ်လွန်ပြီးကတည်းက စားချင်သလိုစား၊ ဘာကျန်းမာရေးမှ မလုပ်ဘဲ နေလာခဲ့တာ၊ လူက ဒီလိုပုံ ဘယ်ဟုတ်မလဲ၊ တကယ့်ဝတုတ်ပြဲကြီး၊ ကျွန်မ ရှင့်ကိုကြုံမှ အဲဒီခေတ်ပုံပြဦးမယ်၊ လူတွေစတာ နောက်တာ နောက်ဆုံး သားဖြစ်သူက ပြောတာ မခံနိုင်လို့ ကျန်းမာရေးလေ့ကျင့်ခန်းတွေလုပ်ရင်း ဒီခန္ဓာကိုယ်မျိုး ပြန်ရလာတာ၊ အရင်ပုံသာ မြင်ရင် ကိုကျော်နေမင်း လှတယ်လို့ ဘယ်ပြောမလဲ၊ ထွက်တောင်ပြေးမှာ'

'ဟုတ်ပါပြီဗျာ၊ ပြောရတာလည်း မောလောက်ရောပေါ့၊ ဗဲ... မွေးနေ့ရှင် အလှူ့ဒါနမြှောက်အောင် စားကြရအောင်'

ဦးကျော်နေမင်းက အနီးနားမှာရှိနေတဲ့ စားပွဲထိုး လူငယ်ကို လှမ်းခေါ်လိုက်ပြီး...

'သား... မှာထားတဲ့ဟာတွေ လာချပေးတော့'

စားပွဲထိုး လူငယ်လေးက ခေါင်းညိတ်ပြပြီး ထွက်သွားပါတယ်။ အဆင်သင့်ကြိုမှာထားလို့လားမသိ။ အစားအသောက်တွေက ကျက်ချင်းရောက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မခင်မမ သုံးဆောင်ပါဦး'

ပုစွန်ထုပ် ချိုချဉ်ပန်းကန်ထဲက ပုစွန်ထုပ်တစ်ကောင်ကို ဒေါ်ခင်မမ ထမင်းပန်းကန်ထဲ ထည့်လိုက်ပါတယ်။

'ဟဲ… ဟဲ… Lady First လေ'

ဘာရယ်လို့တော့ မသိ။ ဒေါ်ခင်မမတစ်ယောက် အတော့်ကို ကျေနပ်မိသလို ဖြစ်သွားပါတယ်။

'စားနော်၊ အားမနာနဲ့'

ဦးကျော်နေမင်းက ဟင်းတွေထပ်ထည့်ပေးပြန်ပါတယ်။

'နေပါ၊ ဒီမှာ ရှိတာတွေတောင် မနည်းကုန်အောင်စားရဦးမယ်'

အဲဒီနောက်တော့ ဘာစကားမှ မပြောတော့ဘဲ နှစ်ယောက်သား ထမင်းနဲ့ဟင်းတွေကိုသာ ဆက်စားနေကြပါတယ်။

'မခင်မမ မြို့ထဲဘက်ကြုံရင် ကျွန်တော့်ကုမ္ပဏီလာလည်ဖို့ ဖိတ်တယ်နော်'

'တကယ်လား၊ လာလည်မှ ရှောင်နေရင် အရှက်ရမှာနော်'

'ဟာဗျာ၊ လုပ်ပါ့မလား၊ ကလေးတွေမှ မဟုတ်တာ'

'ကျွန်မ နောက်တာပါ ကိုကျော်နေမင်းရယ်၊ လမ်းကြုံရင်တော့ ဝင်ခဲ့ပါ့မယ်'

ဦးကျော်နေမင်းက ဒေါ်ခင်မမ စကားကြောင့် ကျေနပ်သလို ဖြစ်သွားပြီး စားပွဲထိုး လူငယ်လေးကို ကျသင့်ငွေ ရှင်းဖို့ လှမ်းခေါ်လိုက်ပါတယ်။ စားပွဲထိုးလူငယ်လေးက ကျသင့်ငွေကို ယူသွားပြီး ပြန်အမ်းရမယ့် ငွေကို ဦးကျော်နေမင်းထံ လာပေးပါတယ်။

'သား… မင်းယူသွားလိုက်၊ ဘောက်ဆူးပေါ့၊ ဒါနဲ့ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတာ အဆင်ပြေလား၊ အဆင်မပြေရင်ပြော၊ ရော့ ဒီမှာ လိပ်စာကဒ်၊ ကုမ္ပဏီမှာ တစ်နေရာရာ သွင်းပေးမယ်'

စားပွဲထိုး လူငယ်က ဝမ်းသာအားရ အမူအရာနဲ့ ဦးကျော်နေမင်း ပေးတဲ့ ငွေနဲ့လိပ်စာကဒ်ကို ယူပြီး

'ကျေးဇူးတင်ပါတယ်၊ လောလောဆယ်တော့ ဒီမှာ အဆင်ပြေပါတယ်'

ဦးကျော်နေမင်းရဲ့ အနားက ထွက်သွားတဲ့ စားပွဲထိုး လူငယ်ကို ကြည့်ပြီး…

'လူတော်တော်များများက စားသောက်ဆိုင်က စားပွဲထိုးတွေကိုဆိုရင် နှိမ့်ချကြတယ်၊ အဲဒါမှားတယ်၊ သူတို့ကို တန်ဖိုးထားပြီး အရှိအသေပေးသင့်ပေးရတယ်၊ သူတို့ထဲမှာ မိသားစုဝမ်းရေးကိစ္စတွေ ပါတဲ့လူတွေ အများကြီးပဲ'

ဦးကျော်နေမင်း စကားကို နားထောင်နေတဲ့ ဒေါ်ခင်မမအဖို့ ဦးကျော်နေမင်း စိတ်ဓာတ်ကို လေးစားနေမိပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ပျော်ပါးခွင့်ဆိုတာ

လူတိုင်းရဲ့လွတ်လပ်မှု


ကိုယ့်အပျော်

သူတစ်ပါး နှောင့်ယှက်ဖို့

မဟုတ်ရေးချ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

'အလုပ်လုပ်လို့ကို မရဘူး ×××

ဒါ တကယ့်ပြဿနာပါ ×××

မမ ကျွန်တော့်ကိုလှည့်စား ×××

မမချစ်ကဝေ ×××

ရင်မှာလေ မမ မမဖြစ်နေပြီ ×××

မမ ပေဒနာ×××'

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် လင်းခန့် နည်းနည်းတော့ တင်းသွားတယ်။ ဒေါ်သမဖြစ်ရိုး ခံနိုင်ရိုးလား။

ကြည့်ဦးလေ။ ခြံရှေ့နဲ့ မလှမ်းမကမ်း အုတ်ခုံမှာ လူငယ်လေး သုံးယောက်က ဂီတာတီးပြီး သီချင်းဆိုနေကြတယ်။ ဂီတာတီး သီချင်းဆိုတာက ပြဿနာမဟုတ်ဘူး။ ကိုယ်ကြိုက်တဲ့ ကောင်မလေး တွေရှိလို့ စောင်းပါးရိပ်ခြေဆိုတာမျိုးက ပြဿနာမဟုတ်ဘူး။

အခုဟာက ဂီတာတီး သီချင်းဆိုနေတဲ့ ကောင်လေးတွေက သူ့အိမ်ဘက် တည့်တည့်ကိုကြည့်ပြီး ဆိုနေတာ။ ပြီးတော့ ဒီထက်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



တာက သူ့မာမီ ဒေါ်ခင်မမက သူ့အခန်းပြတင်းပေါက်တံခါးကို ဖွင့်မျက်နှာတော်ပြပြီး ကျေကျေနပ်နပ်ကြီး နားထောင်နေလို့ပါ။ အဆောင်တွေမှာ ကျောင်းသူတွေက ကျောင်းသားတွေ အဆောင်ရှေ့က သီချင်းလာဆိုတာကို ကျေနပ်နေသလိုမျိုး ကျေနပ်နေတာ ကိုယ့်ကိုယ်ကိုယ် အပျိုအတိုင်း ထင်နေသလားမသိ။

လင်းခန့် ခြံရှေ့မှာ ကားကိုရပ်ပြီး ကားပေါ်ကလည်းဆင်းရော ဂီတာတီးနေတဲ့ ကောင်လေးသုံးယောက်က သီချင်းဆိုတာရပ်ပြီး ဂီတာတီးတဲ့ ကောင်လေးက လင်းခန့်အနားရောက်လာပါတယ်။

'ဒီမှာ brother က ဘယ်သူနဲ့တွေ့ချင်လို့လဲ၊ မမနဲ့ဘယ်လိုပတ်သက်လဲ၊ မမနဲ့ငြိဖို့ ချိတ်တိတ်တိတ်ဆိုရင်တော့ ရန်များကို ဖယ်ရှားရမှာပဲ'

ဂီတာတီးတဲ့ ကောင်လေးက လင်းခန့်ကို မကျေမနပ်တဲ့လေသံနဲ့ ပြောရင်းက သူ့သူငယ်ချင်းနှစ်ဦးကို လှမ်းကြည့်လိုက်ပါတယ်။

'ဒီမှာ မင်းတို့ပြန်ရင် ကောင်းမယ်၊ မင်းရဲ့စကားက ငါ့ဒေါသကို ဆွပေးသလိုဖြစ်နေတယ်၊ ဒါ ငါ့အိမ်ကွ၊ မင်းပြောတဲ့ မမဆိုတာ ငါ့ရဲ့အမေ၊ ငါက အဲဒီမမရဲ့ တစ်ဦးတည်းသော သားကွ၊ မင်းတို့ပြဿနာ ဒီထက်မဖြစ်ချင်ရင် သွားတော့ကွာ၊ ဒါ ယဉ်ကျေးစွာနဲ့ ငါ နောက်ဆုံးပြောခြင်းပဲ'

'ဗျာ… မမက ခင်ဗျားရဲ့ အမေ ဟုတ်လား၊ ဟဲ… ဟဲ… Sorry ပဲ'

'ဟော့ကောင်တွေ ညောင်းမယ်၊ ဂိုး… ဂိုး'

လင်းခန့် စကားကြောင့် စောစောတုန်းကလို ဟုတ်တော့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အမူအရာမျိုးနဲ့ ဂီတာတီးတဲ့ ကောင်လေးက ကျန်တဲ့နှစ်ယောက်ကို လှမ်းပြောပြီး သုတ်ခြေတင်ထွက်သွားကြပါတယ်။

လင်းခန့်လည်း ခြံတံခါးကို ဖွင့်ခိုင်းပြီး ကားကိုခြံထဲမောင်း ဝင်လာခဲ့တယ်။

သူ့မာမီ ဒေါ်ခင်မမကို ဒီပြဿနာနဲ့ ပတ်သက်လို့ ရှင်းရပါဦး မယ်။

❀

'မာမီ ဘာတွေလဲ၊ ကျွန်တော် မရှိတဲ့အချိန် ပန်းစည်းလာ ပေးတာကတစ်မျိုး၊ အရက်ပုလင်းကိုင်ပြီး ရောက်လာတဲ့သူကော ခြံရှေ့ မှာ ဂီတာလာတီးတဲ့ သူတွေနဲ့ ဘာလဲ မာမီ့ကိုမာမီ အပျိုမှတ်နေလား'

လင်းခန့်က ပေါက်ကွဲပြီး ပြောနေပေမယ့် ဒေါ်ခင်မမက ဘာမှမဟုတ်တဲ့ ပုံစံမျိုးနဲ့ . . .

'သားရဲ့ ဖေဖေ မရှိတော့တဲ့အချိန်ကစလို့ မာမီဟာ အပျို ပြန်ဖြစ်သွားတာ ဘာဆန်းသလဲ'

'ဆန်းတာပေါ့၊ မာမီ့ အဲဒီအပျိုပုံစံမျိုးတွေ လျှောက်လုပ်လို့ ဒီလိုဟာတွေ ကြုံရတာ၊ သားတစ်ယောက်အနေနဲ့ ကျွန်တော် ရှက် တယ်၊ အခုလည်း ကြည့် သူတို့ သီချင်းဆိုတာကို မာမီက အပျိုလေး လိုမျိုး ပဲပေးပြီး နားထောင်နေလိုက်တာ'

'ဒါကတော့ သူတို့က ဂီတာတီးတာကော သီချင်းဆိုတာကော ကောင်းတာကိုး၊ မာမီက သူတို့ကို Melody World အဆိုပြိုင်ပွဲတောင် ဝင်ပြိုင်ဖို့ တိုက်တွန်းဦးမလို့၊ သီချင်းဆို ဂီတာတီးတဲ့သူရှိုင် သူတို့ကို အသိအမှတ်ပြုပြီး နားထောင်ပေးတဲ့သူရှိရမှာပေါ့၊ ဒါ ယဉ်ကျေးမှုလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်လည်း ပြီးရောဗျာ'

လင်းခန့်က စိတ်ဆိုးဆိုးနဲ့ အိမ်ပေါ်တက်သွားတာကို ကြည့်ပြီး ဒေါ်ခင်မမကတော့ ရယ်မောရင်း ကျန်ရစ်ခဲ့ပါတော့တယ်။

❀

တေးသီချင်းသံတွေက အခန်းတွေအပြင်ဘက်ကို တစ်ချက်တစ်ချက်လျှံထွက်ကျလာတယ်။ အိန္ဒိယ ကာရာအိုကေဆိုင်က ဝန်ဆောင်မှုအဘက်ဘက်က ပြည့်စုံလို့ လူကတော့ တော်တော်စည်သလား မမေးနဲ့။ ဦးကျော်နေမင်းရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ဦးအောင်သျှံ ဦးဓေယျာနဲ့ ဦးစန်းမွန်တို့တောင် အခန်းမအားသေးလို့ စောင့်နေရတာ စိတ်က တော်တော်တိုနေကြပြီ။

'ကျော်နေမင်း ဒီတစ်ခါ တော်တော်ကြာတာပဲကွာ'

'ဓေယျာ မင်းပဲ ဒီကိုလာချင်လှပါပြီဆို၊ အိမ်ကဟာမကြီးနဲ့ မသာယာဘူး၊ ဒီကဟာလေးတွေနဲ့ သာယာပြီး နတ်ပြည်ရောက်နေသလိုပဲဆို၊ ဒီ...ဘက်တော့ သည်းညည်းခံပေါ့ကွာ'

ဦးကျော်နေမင်း စကားကြောင့် ဦးဓေယျာ နည်းနည်းတော့ စိတ်ဆိုးသွားပါတယ်။

'ဟေ့ကောင် ကျော်နေမင်း ဒီနေရာမှာ အိမ်ကအကြောင်းတွေ လာမပြောနဲ့၊ အောင်သျှံ ဒီကောင့်ကို မင်းပြောဦး'

'ဟုတ်တယ် ကျော်နေမင်း၊ မင်းက လူပျိုကြီး ဒီလိုသာယာမှုတွေ မရှိလည်း မင်းက မိန်းမမရှိတော့ ဘာမှမဖြစ်ဘူး၊ ငါတို့မှာက သားကျွေးမှု၊ မယားကျွေးမှု အခြားလူမှုရေး ကိစ္စတွေနဲ့ ဒါလေးတွေနဲ့ ...နေရတာ'

www.burmeseclassic.com

www.burmeseclassic.com



'အောင်သျှ ပြောတာ ဟုတ်တယ် ကျော်နေမင်း၊ ငါတို့မှာ ရတုန်းရခိုက် အလစ်ခိုးပြီး ရတဲ့အချိန်ကလေးကို တန်ဖိုးချအခွင့်ရေး ယူနေရတာ၊ လာဝေဖန်မနေနဲ့၊ ဘီယာမှာသောက်ပြီး ပါးစပ်တိတ်တိတ်နေ'

ဦးစန်းမွန်က စီးကရက်တစ်လိပ် ထုပ်သောက်လိုက်ရင်းကနေ ဦးကျော်နေမင်းကို ဘုတော ဟောလိုက်ပါတယ်။

'အခန်းလွတ်ရှိလား'

ကာရာအိုကေခန်းမကြီးထဲမှာ ရှိတဲ့ ကောင်တာစားပွဲကို လူငယ်သုံးယောက် ရောက်လာရင်းကမှ မန်နေဂျာကို မေးလိုက်ပါတယ်။

'စောင့်ရဦးမယ်၊ ဟိုနားက ဆိုဖာခုံတွေမှာ ခဏထိုင်ပါလား'

မန်နေဂျာက ဦးကျော်နေမင်းတို့ သူငယ်ချင်းတွေ ထိုင်နေတဲ့ ဘေးနားမှာရှိတဲ့ ဆက်တီခုံ စားပွဲဝိုင်းရှိတဲ့ နေရာကို ညွှန်ပြပါတယ်။ လူငယ်သုံးဦးက မန်နေဂျာညွှန်ပြတဲ့ ဆက်တီခုံတွေမှာ ဝင်ထိုင်ရင်း ဘေးနားကို ရှုးစမ်းအကဲခပ်လိုက်ပါတယ်။

'ဟာ… ပွဲတိုင်းကျော်တွေ ဒီကာရာအိုကေကို ရောက်လာကြပြီ'

လူငယ်တစ်ဦးက ဦးကျော်နေမင်းတို့အဖွဲ့ကို ကြည့်ပြီး ကျန် လူငယ်နှစ်ဦးကို မကြားတကြား ပြောလိုက်ပါတယ်။

'ငါတို့က ဒီကာရာအိုကေကို အခုမှ အဝေးကွင်းလာကစား တာ ဒီပွဲတိုင်းကျော်တွေက ကွင်းတော်တော်များများ ကစားတာကွ၊ ပေါ်ပ်တွေမှာလည်း တွေ့တွေ့နေရတယ်၊ တကယ့်လူကြောင်ချည်း ပဲဟေ့'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တစ်ယောက်ကလည်း သူ့ထင်မြင်ချက်ကို ပေးပြန်ပါတယ်'

'အခန်း အားပြီ'

ကာရာအိုကေ ဝန်ထမ်းတစ်ဦးက အော်ပြောလိုက်စဉ်မှာပဲ ဦးကျော်နေမင်းတို့ အဖွဲ့မှ ဦးစန်းမွန်က ထိုင်ရာမှ အမြန်ထသလို ဦးဇေယျနဲ့ ဦးအောင်သျှံကလည်း အမြန်ထလိုက်ပါတယ်။ သူတို့လိုပဲ ထိုင်နေတဲ့ လူငယ်သုံးဦးကလည်း ထိုင်ရာကနေ အမြန်ထလိုက်ပါတယ်။ ပြီးတော့ နှစ်ဖွဲ့စလုံး လွတ်သွားတဲ့အခန်းရှေ့ကို အမြန်သွားလိုက်ပါတယ်။

ဦးစန်းမွန်က လွတ်နေတဲ့အခန်းထဲ အရင်ဝင်မယ်အလုပ်မှာ

'ဦးလေးတို့ ကျွန်တော်တို့အရင်ရောက်တာ၊ ကျွန်တော်တို့ အရင်ဝင်မယ်'

လူငယ်တစ်ဦးက အခန်းထဲကို ဝင်ဖို့ ဟန်ပြင်ရင်း ဦးစန်းမွန်ကို ဟန့်တားလိုက်ပါတယ်။ ဒါကို ဦးစန်းမွန်က ပေါက်ကွဲသွားပါတယ်။

'ဘာ အရင်ရောက်တာလဲကွ၊ ငါတို့အရင်ရောက်တာ'

'ဟုတ်တယ်၊ ငါတို့တွေ အခန်းမလွတ်လို့ဆိုပြီး ထိုင်စောင့်နေတာကွ'

ဦးအောင်သျှံကလည်း အခန်းကို လက်လွှတ်မခံနိုင်တဲ့ ပုံစံမျိုးနဲ့ ပြန်ပြောပါတယ်။

'ဦးလေးတို့က လူကြီးတွေပဲ၊ လူငယ်တွေကို အလျှော့ပေးပါဗျာ'

'ဟော့ကောင် ငါတို့ကို ဦးလေး ဦးလေးလို့ မခေါ်

www.burmeseclassic.com



နဲ့၊ ဒီကာရာအိုကေမှာ လာအပန်းဖြေတာ မင်းတို့ကို လျှော့ပေးစရာ အကြောင်းမရှိဘူး၊ အမှတ်စဉ်အတိုင်း ပထမရောက်သူ အရင်ဝင်ပဲ၊ မင်းတို့ နောက်တစ်ခန်းလွတ်မှဝင်'

ဦးဖေယျာရဲ့ လေသံက တော်တော်မာသွားပါတယ်။ ဖြစ်ပျက်နေတာကို မြင်နေရတဲ့ ဦးကျော်နေမင်းက ထိုင်ရာကနေ ထလာပြီး အခန်းရှေ့ရောက်လာပါတယ်။

'ဖေယျာတို့ အောင်သျှံတို့ ဘာတွေဖြစ်နေတာလဲ'

ဦးကျော်နေမင်းက သူ့သူငယ်ချင်းနှစ်ယောက်ကို မေးတာ လူငယ်တစ်ဦးက ဦးကျော်နေမင်းကို သည်ပုတ်ထဲက သည်ပဲလို့ ယူဆပြီး သူ့သူငယ်ချင်းနှစ်ဦးကို ကြည့်ပြီး…

'ဟေ့ကောင်တွေ သွားမယ်၊ ငရဲရောက်မယ့်လူတွေနဲ့ ဆက်ပြီး ရန်ဖြစ်မနေနဲ့'

'အလကား ဘူတားကြီးတွေ၊ ဒီအရွယ်မှာ အိမ်ကစနီးမယား နဲ့ ဘုရားသွား ဥပုသ်စောင့်တရားပွဲသွားရမှာ၊ အလကား တဏှာနွံထဲ ခုန်ချနေသူတွေ၊ အိမ်ကစနီးသားမယားတွေ သနားဖို့ကောင်းတယ်'

လူငယ်သုံးဦးက ဦးကျော်နေမင်းတို့အဖွဲ့ကို ပယ်ပယ်နယ်နယ် ဝေဖန်ပြီး အခန်းလွတ် ရှေ့ကနေ အထွက်မှာ ဦးဖေယျာက…

'မင်းတို့ ဘာစော်ကားတာလဲ၊ လူဆိုတာ ကိုယ့်လွတ်လပ်ခွင့်နဲ့ ကိုယ်ကွ၊ ငါတို့အသက်က လေးဆယ်ကျော်ကျော်ပဲ ရှိသေးတာ၊ အဘိုးကြီး မဟုတ်ဘူး၊ မင်းတို့ လုပ်ရရင် နာမယ်'

'တော်ကြာကွာ၊ မကြီးမငယ်နဲ့၊ မင်းတို့သီချင်းဆိုမှာ ဟုတ် လား၊ ဆို… ဟိုမှာသွားပါပြီ၊ ရန်ဖြစ်ရင် ရှက်စရာကြီးပါကွာ'

ဦးကျော်နေမင်းက သူငယ်ချင်းဖြစ်တဲ့ ဦးဖေယျာကို ဖြောင်းဖျ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျွန်သူငယ်ချင်းတွေကိုပါ အခန်းထဲ ဝင်ခိုင်းပါတယ်၊ ဦးကျော်နေမင်းကတော့ အခန်းရှေ့က ဆက်တီမှာထိုင်ရင်း စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာနေလိုက်ပါတော့တယ်။ စီးကရက်တစ်လိပ် အကုန်လောက်မှာတော့ အခန်းထဲကနေ နှစ်ကိုယ်တူချစ်သမျှ သီချင်းသံက အခန်းအပြင်ဘက်ကိုတောင် လျှံထွက်လာလို့ နားဆင်လိုက်ရပါသေးရဲ့ဗျာ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

လမ်းဆိုတာ

တစ်ယောက်တည်းသွားလည်း ရတယ်။

နှစ်ယောက်သွားလည်းရတယ်။

အဲ. . . တစ်ယောက်ထက်စာရင်

နှစ်ယောက်က ပိုကောင်းတာပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ဦးကျော်နေမင်း ဘယ်လိုမှ မထင်ထားဘူး။ ကုမ္ပဏီက အလုပ်ကိစ္စတွေအတွက် တခြားကုမ္ပဏီက လုပ်ငန်းရှင်တွေနဲ့ ဖုန်းချင်းအဆက်အသွယ်လုပ်ပြီး ပြောလို့ဆိုလို့ပြီးတဲ့ အချိန်မှာ ကုမ္ပဏီက ဝန်ထမ်းကောင်မလေးက ဧည့်သည်တစ်ယောက်ရောက်နေတယ်လို့ ပြောပါတယ်။ ဒါနဲ့ ဘယ်သူလဲ လွှတ်လိုက်ပါလို့မှာလိုက်တယ်။ အခန်းတံခါးကို တွန်းဖွင့်ပြီး အခန်းထဲဝင်လာသူကို ကြည့်လိုက်တော့ ဒေါ်ခင်မဖြစ်လို့ အံ့အားတောင်သင့်သွားတယ်။

'မခင်မပေါ်လား၊ လာ... ထိုင် ထိုင်၊ လာမယ်ဆို ကြိုပြီး ဖုန်းဆက်တာမဟုတ်ဘူး၊ တစ်ခုခု စီစဉ်လို့ရတာပေါ့'

'ဒီဘက်ကို လမ်းကြုံလို့ တစ်ခါတည်း ဝင်လိုက်ဦးမယ်ဆိုပြီး တော့ လာတာ၊ အလုပ်တွေမအားရင်လည်း ရတယ်နော်၊ ကျွန်မ အခုပဲ ပြန်လိုက်မယ်၊ အားမနာနဲ့၊ တော်ကြာ ကျွန်မက လာရှုပ်သလို ဖြစ်နေမယ်'

'ဟာ... မရှုပ်ပါဘူး၊ ကဲ... ရောက်တုန်းရောက်ခိုက် တစ်ခုခု စားသွားဦးလေ၊ ကျွန်တော့်အလုပ်ကိစ္စတွေက ပြီးနေပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမက ဦးကျော်နေမင်း အခန်းထဲကနေ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး…

'အင်း… ကျွန်မ ဒီကုမ္ပဏီကို ဝင်လာကတည်းက အကဲခပ်မိတာ ရှင့် ကုမ္ပဏီ ဝန်ထမ်းတွေ တော်တော်အလုပ်လုပ်သားပဲ'

''ဒါကတော့ ကြိုးစားတဲ့သူ တာဝန်ကျေတဲ့သူကို ဆုကြေးကောင်းကောင်းပေးမယ်၊ နိုင်ငံခြားကို အလည်အပတ်လွှတ်မယ်လို့ ပြောထားတော့ ကြိုးစားကြတာပါ၊ ကုမ္ပဏီတစ်ခုမှာ ဒါမျိုးက ကိုယ့်လုပ်ငန်းအောင်မြင်ဖို့အတွက် တွန်းအားပဲလေ'

ဒေါ်ခင်မမက ထိုင်ရာမှ ထလိုက်ပြီး ဦးကျော်နေမင်းကို အားနာသလို အကြည့်နဲ့ ကြည့်ရင်းက…

'ကိုကျော်နေမင်းကို ခေါ်ရမှာ အားတော့နာတယ်၊ ကျွန်မ ဒီကအပြန် ရန်ကင်းစင်တာမှာ ဈေးဝယ်ဖို့ရှိတယ်၊ အဲဒီကနေ ဝယ်စရာရှိတာလေးတွေ ဝယ်ပြီးရင် ကိုကျော်နေမင်းကို ကျွန်မက တစ်ခုခု လိုက်ကျွေးမလို့၊ ရှင်ကချည်းကျွေးနေတာ၊ ဒီတစ်ခါ ကျွန်မအလှည့်ပေါ့'

'ဟာ… မဟုတ်တာ ရပါတယ်၊ ကျွန်တော် ကျွေးမှာပေါ့၊ အားပါတယ်၊ အခု သွားမှာလား၊ ခဏလေးစောင့်၊ ကုမ္ပဏီအုပ်ချုပ်ရေးမှူးကို မှာစရာရှိတာလေးတွေ ကျွန်တော် သွားမှာလိုက်ဦးမယ်'

ဦးကျော်နေမင်းက ခပ်သွက်သွက် ခြေလှမ်းတွေနဲ့ အခန်းထဲက ထွက်သွားပြီး ကုမ္ပဏီအုပ်ချုပ်ရေးမှူးကို မှာစရာရှိတာတွေ မှာလို့နေပါတယ်။

'သွားမယ် မခင်မမရေ'

အဲဒီနောက် ဒေါ်ခင်မမရှိနေတဲ့ အခန်းထဲ ပြန်ရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမကို သွားဖို့ပြောပြီး နှစ်ယောက်သား ကုမ္ပဏီကနေ ရန်ကင်း စင်တာကို ထွက်လာခဲ့ကြပါတယ်။ အဲဒီ မြင်ကွင်းကို ကုမ္ပဏီဝန်ထမ်း တွေက ထူးဆန်းသလို အကြည့်နဲ့ ကြည့်နေမယ်ဆိုတာ ဦးကျော်နေမင်း အဖို့ တွေးစရာတောင်လိုမည်မထင်ပါ။

'ကိုကျော်နေမင်း လာ၊ ဒီဆိုင်ထဲ ခဏဝင်ရအောင်'

ဒေါ်ခင်မမက ရန်ကင်းစင်တာမှာ ဝယ်စရာရှိတာအချို့ ဝယ် ပြီး အမျိုးသားဝတ် ဘောင်းဘီ၊ အင်္ကျီတွေ ရောင်းတဲ့ဆိုင်ရှေ့အရောက် မှာ ပြောလိုက်ပါတယ်။

'ရပါတယ် ဝင်လေ'

ဦးကျော်နေမင်းက ဒေါ်ခင်မမရဲ့ နောက်ကနေ လိုက်ပါပြီး အင်္ကျီ၊ ဘောင်းဘီရောင်းတဲ့ဆိုင်ထဲ ဝင်လာပါတယ်။ ဒေါ်ခင်မမက အင်္ကျီတွေ ချိတ်ဆွဲပြသထားတဲ့ နေရာကိုသွားပြီး အင်္ကျီတစ်ထည်ချင်းစီ ကို အသေးစိတ်ကြည့်လို့နေပါတယ်။ ပါကင်ဖူးအကြည်နဲ့ ထုပ်ထား တဲ့ B.Sc တံဆိပ် အစိမ်းနုရောင် ရှပ်အင်္ကျီတစ်ထည်ကို ယူကြည့် လိုက်ပါတယ်။

'ဒီအင်္ကျီက ဟောဒီက အစ်မရဲ့ခင်ပွန်း အသားအရေနဲ့ဆို အရမ်းလိုက်မှာ၊ ငါးသောင်းခွဲတည်းပါ'

မတင်မှတ်ဘဲ အရောင်းဝန်ထမ်းကောင်မလေးက ဒေါ်ခင်မမ နဲ့ ဦးကျော်နေမင်းကို ကြည့်ပြီး လင်မယားအမှတ်နဲ့ ပြောလိုက်တာကို ဒေါ်ခင်မမအဖို့ ရှက်သွားပါတယ်။ မျက်နှာတွေ နီသလိုဖြစ်သွားရင်းက

'ဒါက အစ်မခင်ပွန်း မဟုတ်ပါဘူး၊ မိတ်ဆွေပါ ညီမရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဪ… ဟုတ်လား၊ ကျွန်မက မသိလို့ပါ၊ အစ်မနဲ့ ဒီက အစ်ကိုက နှစ်ယောက်သား လိုက်ဖက်ညီတော့ ညီမက လင်မယား မှတ်ပြီး ပြောမိတာ၊ Sorry နော် အစ်မ'

အရေးထဲ အရောင်းဝန်ထမ်း ကောင်မလေးက သူမှားတာကို ငြိကာချဲ့ပြီး ပြောနေပြန်သဖြင့် ဦးကျော်နေမင်းခမျာ ဟိုဟိုဒီဒီကြည့်ရင်း မသိချင်ယောင် ဆောင်နေရပါတယ်။

'ကိုကျော်နေမင်း ဒါ ကျွန်မရဲ့လက်ဆောင်၊ ဒီရန်ကင်းစင်တာ ကို လာရင်း၊ ကိုကျော်နေမင်းက ကျွန်မကို သစ်ခွပန်းနှစ်ပွင့်ပေးဖူး တယ်လေ၊ ဒါကလည်း ကျွန်မရဲ့ လက်ဆောင်ပေါ့၊ မငြင်းနဲ့နော်'

ဒေါ်ခင်မမက အင်္ကျီဖိုး ပိုက်ဆံရှင်းပေးပြီး ဦးကျော်နေမင်း ကို အင်္ကျီပေးရင်းက ပြောလိုက်တဲ့အတွက် ဦးကျော်နေမင်းခမျာ အားနာသလို အမူအယာနှင့်…

'ကျွန်တော်က မခင်မမနဲ့ မိတ်ဆွေအဖြစ် ပေါင်းသင်းတာ အပေးအယူဆိုတဲ့ မျှော်လင့်ချက်တွေ မပါပါဘူးဗျာ၊ ပကတိ အဖြူ ပါ'

'ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ကျွန်မက ရှင့်ကို လက် ဆောင်ပေးတာပေါ့၊ မယူလို့မရဘူး၊ ယူရမယ်၊ ပြီးတော့ ကျွန်မ လိုက်ကျွေးတာကိုလည်း ရှင် စားရမယ်၊ မစားရင်တော့ ရှင်နဲ့ ကျွန်မ မိတ်ဆွေခန်း ပြတ်ပြီ'

'ယူလည်း ယူပါ့မယ်၊ စားလည်း စားပါ့မယ်၊ ဒါပေမဲ့ မိတ်ဆွေစာရင်းတော့ မဖျက်ပါနဲ့ဗျာ'

'ဒါဆိုပြီးရော'

ဦးကျော်နေမင်း စကားကို ဒေါ်ခင်မမက သဘောကျလို့

www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်းက နှစ်ယောက်သား ဆိုင်အပြင်က ထွက်လာတာ ရန်ကင်း စင်တာမှာ မစ္စည်းဝယ်ဖို့ ရောက်လာတဲ့ မြလေးယဉ်ကို သူတို့နှစ် ယောက်က မတွေ့ဘဲ စကားတပြောပြောနဲ့ ရန်ကင်းစင်တာကနေ ပြန်ထွက်သွားလေရဲ့။

❀

ကဖေးဆိုင်အပြင်ဘက်မှာတော့ နေကပူလို့။ ညနေစောင်းခါ နီးတာတောင် နေက အခုထိ အပူရှိန်မလျော့သေးပါ။ ကဖေးဆိုင်ထဲ မှာကတော့ လေအေးစက်တွေတပ်ထားလို့ အေးမြနေပါတယ်။

'မြလေး ပထမတော့ ဟုတ်မှဟုတ်ပါ့မလားလို့ နောက်တော့ မှ ဦးကျော်နေမင်းနဲ့ ကို့ရဲ့ မာမီဖြစ်နေတာ၊ အင်္ကျီဆိုင်ထဲကနေ ထွက် လာကြတာ'

မြလေးယဉ်က ကော်ဖီကို တစ်ငုံသောက်လိုက်ပြီး နေ့လည်က မြင်ရတဲ့ မြင်ကွင်းကို ပြောပြတော့ လင်းခန့်က ဘာမှမဖြစ်သလို အမူအယာနဲ့ ရှိနေပါတယ်။

'သူတို့ဘာသာ သူတို့ ရိုးရိုးသားသားနဲ့ သွားတာလာလာဖြစ် မှာပါ၊ အေးကွာ၊ မာမီနဲ့ အဲဒီဦးကျော်နေမင်းနဲ့ ခင်သွားတာက တော် တော် မြန်တယ်၊ ကိုယ်တောင် အံ့အားသင့်ရမလို ဖြစ်နေတယ်'

'အံ့အားသင့်မနေနဲ့ ကိုရေ၊ ယောကျာ်းဆိုတာ သိတယ် မဟုတ် လား၊ ဟွန်း··· ရိုးရိုးကနေ ဆန်းဆန်းဖြစ်သွားရင် ဘယ်လိုလုပ်မလဲ'

မြလေးယဉ် ပြောလိုက်တဲ့ စကားက စိုးရိမ်တဲ့လေသံမျိုး ဖြစ်နေပါတယ်။

'မြလေးက မာမီ့ကို စိုးရိမ်နေတာကိုး၊ ဘာမှမစိုးရိမ်နဲ့၊ မာမီနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်နေမင်းတို့နှစ်ယောက် တစ်ယောက်အကြောင်း တစ်ယောက် သိပြီး အဆင်ပြေသွားလည်း ကောင်းတာပဲ၊ ဦးကျော်နေမင်းအတွက် ကိုက ငြင်းစရာမှ မလိုတာ၊ သူက လူကြီးလူကောင်း၊ ပြီးတော့ လူပျိုကြီးတစ်ယောက်ကို မာမီ့အတွက် ဘ၀အဖော်မွန်တောင် ဖြစ်သေး တယ်၊ မာမီလည်း ဖေဖေ ကွယ်လွန်ပြီးကတည်းက သူ့ဘ၀မှာ အထီး ကျန်ခဲ့တာပဲ၊ အခု ဦးကျော်နေမင်းနဲ့မှ နဖူးစာပြန်လည်လာလို့ ဖြစ်ရ မယ်'

'ဩော်... ကိုယ့်အမေအတွက် သားက ကိုယ့်အဖေနဲ့ ရည်းစားကို ချီးမွမ်းနေတာ ကြံ့ဖူးပေါင်'

မြလေးယဉ်က ရယ်ရယ်မောမောနဲ့ ကော်ဖီသောက်ရင်းက ပြောတာကို လင်းခန့်က ဘာမှမပြောဘဲ တစ်စုံတစ်ရာကို နက်နက်နဲ နဲ စဉ်းစားနေပါတော့တယ်။

❀

လမင်းက ကောင်းကင်ထက်မှာ ထိန်ထိန်သာလို့နေပါတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း မီးစက်သံတွေ မကြားရလို့ နားမငြီး ရတဲ့အတွက် လျှပ်စစ်မီး၌ာနကို ကျေးဇူးတွေ အထပ်ထပ်တင်နေမှာ ကို ပြောစရာတောင် လိုမှာမဟုတ်ဘူးလို့ လင်းခန့်က ဒေါ်ခင်မမနဲ့ အိမ်ရှေ့မြက်ခင်းပြင်မှာ ထိုင်ပြီး စကားပြောနေရင်းက စဉ်းစားမိနေပါ သေးတယ်။

'သားက ဒီမှာထိုင်ပြီး မာမီ့ကို စကားတွေ ဟိုပြော ဒီပြော လျှောက်ပြောနေတာ သားပြောချင်တဲ့ အကြောင်းအရာတစ်ခုကို အားနာ လို့ သား ပြောမထွက်ဖြစ်နေတာ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ဒေါ်ခင်မမ ပြောလိုက်တဲ့စကားကြောင့် လင်းခန့်က အံ့အားသင့်သွားရင်း…

'မာမီက ဘယ်လိုလုပ် ကျွန်တော့်ရဲ့စိတ်ကို သိနေတာလဲ'

'သားရယ် သားကို မာမီက မွေးလာတာပဲ၊ ကိုယ်မွေးထားတဲ့ သားရဲ့မျက်နှာကို မာမီ ကောင်းကောင်းဖတ်တတ်တာပေါ့'

'ဒါဆို မာမီ့ကို သားပြောမယ်၊ မာမီ ဒီနေ့ ဦးကျော်နေမင်းနဲ့ ဘယ်သွားလဲ၊ မာမီနဲ့ သူနဲ့မှ ဘယ်လိုအနေအထား ရောက်နေပြီလဲ၊ သားကို မှန်မှန်ပြော'

လင်းခန့်ရဲ့ စကားကို နားထောင်နေတဲ့ ဒေါ်ခင်မမက ကောင်းကင်မှာ သာနေတဲ့ လမင်းကြီးကို ကြည့်လိုက်ပြီး တစ်စုံတစ်ခုကို ကျေနပ်တဲ့အမူအရာမျိုးဖြစ်လို့ နေပါတယ်။

'ဒီနေ့ မာမီက လမ်းကြုံလို့ သူ့ကုမ္ပဏီ ရောက်သွားတယ်၊ သူ့ကို မာမီက တစ်ခုခုကျွေးဖို့ တောင်းဆိုခဲ့တယ်၊ သူက လက်ခံပါတယ်၊ ဒါနဲ့ပဲ မာမီနဲ့သူ တစ်ခုခုမစားခင် ရန်ကင်းစင်တာသွားပြီး ဝယ်စရာရှိတာလေးတွေ ဝယ်တယ်၊ သူက မာမီ့ကို ကျွေးတာမွေးတာမျိုးတွေရှိတော့ မာမီက သူ့ကိုအားနာတာနဲ့ အင်္ကျီတစ်ထည် လက်ဆောင်ဝယ်ပေးခဲ့တယ်၊ ပြီးတော့ မာမီနဲ့သူ ဆာကူရာတာဝါ အထပ်နှစ်ဆယ်က Thiyipyitsaya lounge မှာ မနက်စာစားရင်း ရန်ကုန်မြို့ရဲ့ ရှုခင်းတွေကို ကြည့်ပြီး စကားပြောတယ်လေ'

ဒေါ်ခင်မမက ဒရင်းဘက်ပေါ်မှာ လှဲနေရာက ထလိုက်ပြီး ဆားနားက စားပွဲခုံမှာ တင်ထားတဲ့ သံပုရာရည်ခွက်ကို ယူပြီးသောက် လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်မမ··· ခင်မမ လာပါဦး၊ အသည်းခွဲ အသည်းစား ဘုရင်မကြီးရဲ့'

မထင်မှတ်ဘဲ တိတ်ဆိတ်နေတဲ့အချိန်အခါမှာ ငှက်ဆိုးထိုးသံလို အော်သံကြီးက ခြံတံခါးရှေ့ကနေ ထွက်ပေါ်လာတာမို့ ပတ်ဝန်းကျင်ကို အားနာလို့ ဘယ်သူက ခြံတံခါးရှေ့ကနေ အော်လိုက်တာလဲဆိုပြီး လင်းခန့်နဲ့ ဒေါ်ခင်မမက ခြံတံခါးဝရှေ့ကို သွားပြီး တံခါးကို ဖွင့်လိုက်တော့ ဗင်ကားကို ခြံရှေ့မှာရပ်ထားပြီး လက်ထဲမှာ ဂျော်နီလမ်းလျှောက်ကိုင်ထားတဲ့ ဦးရွှေညာကို တွေ့ရပါတယ်။

'ကိုရွှေညာ ရှင် မူးမူးရူးရူးနဲ့ ဘာလာလုပ်ပြန်ပြီလဲ၊ ဒီတစ်ခါတော့ ကျွန်မ သည်းမခံတော့ဘူးနော်၊ ရဲကိုဖုန်းဆက်ပြီး တိုင်လိုက်မယ်'

ဒေါ်ခင်မမက ဦးရွှေညာရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး လေသံမာမာနဲ့ ပြောတဲ့အခါ ဦးရွှေညာက လက်ထဲမှာကိုင်ထားတဲ့ အရက်ပုလင်းကို တစ်ငုံမော့လိုက်ပြီး···

'တိုင်ချင်ရာတိုင် ခင်မမ၊ အချစ်ထောင်မကျရဘဲနဲ့ အချုပ်ထောင်ကျချင်လည်း ကျပါလေ့စေ၊ ဘဝဟာ ခင်မမ မရှိမှတော့ ဘာထူးတော့မှာလဲ'

ဦးရွှေညာ လေသံက ဝမ်းနည်းတဲ့ လေသံမျိုးဖြစ်သွားရင်းက မျက်နှာကလည်း ညှိုးသွားပါတယ်။

'ကိုရွှေညာ ရှင် ပြန်ပါတော့'

'မပြန်နိုင်ဘူး၊ ခင်မမ မေးစရာရှိတာကို မေးပြီး သိစရာရှိတာကို သိအောင်လုပ်ရမှာပဲ၊ ဟိုတစ်နေ့က ရန်ကင်းစင်တာမှာကော်ဖီစားသောက်ဆိုင်မှာပါ ခင်မမနဲ့ တွဲပါလာတာ ဘယ်သူလဲ၊ တစ်ခါက

www.burmeseclassic.com



လည်း ဆိုင်တစ်ဆိုင်မှာ တွေ့ခဲ့ပြီးပြီ၊ ဘယ်ကကောင်လဲ၊ ကိုယ့်ရဲ့ ရုပ်ရည် တစ်ရာခိုင်နှုန်းထဲက ဒသမငါးလောက်သာ ချောတဲ့ကောင်ကို ဘာသဘောနဲ့ တွဲတာလဲ ပြော'

ဦးရွှေညာ ပြောတဲ့ စကားကို နားထောင်နေတဲ့ ဒေါ်ခင်မမ တော့ မသိ။ လင်းခန့်ကတော့ ရယ်ချင်သလိုဖြစ်သွားပါတယ်။

'ကိုရွှေညာ ရှင်ပြန်တော့၊ အဲဒါ ကျွန်မ မိတ်ဆွေ၊ ဘာဖြစ်လဲ၊ မိန်းမသားတစ်ဦးက ယောကျ်ားသားတစ်ဦးနဲ့ မသွားရတော့ဘူးလား၊ မလာရတော့ဘူးလား၊ အဲဒါတွေ သိချင်ရင် ရှင့်နှမ ရှင်ပြန်မေးကြည့်'

'ခင်မမ ဘာပြောတာလဲ၊ ငါနှမကို မေးလို့မရဘူး၊ ဒင်းက ဆယ့်ခုနစ်နှစ်တည်းက လင်ယူသွားတာ'

'ဒါဆို ရှင့်ကြီးဒေါ် အမျိုးကြီးတွေ သွားမေးကြည့်'

ဒေါ်ခင်မမက ခြံဝင်းတံခါးကို ဆွဲပြီးပိတ်လိုက်ပါတယ်။ ခြံအပြင်ဘက်မှာတော့ ဦးရွှေညာက ပေါက်ကွဲပြီး ဘာတွေပြောနေ လေသလဲဆိုတာ လင်းခန့်ကော ဒေါ်ခင်မမပါ မသိတော့ပါ။

❀

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်နဲ့ ဒေါ်ခင်မမ အိမ်အပေါ်ထပ်က ကိုယ့်အခန်းထဲ အသီးသီး ရောက်ပြီး အိပ်မလို့ လုပ်နေချိန်မှာ ဦးရွှေညာက မပြန် သေးဘဲ ပြောချင်ရာပြော အော်ချင်ရာအော်တာ ဘယ်သူကဖုန်းဆက် ပြီး တိုင်လဲမသိ။ ပတ္တရောင်လုံခြုံရေးလှည့်တဲ့ ရဲတွေရောက်လာပြီး ဦးရွှေညာကို ရဲစခန်း ခေါ်သွားတာ ဒေါ်ခင်မမနဲ့ လင်းခန့်တို့က မနက်ရောက်မှ ပတ်ဝန်းကျင်က ပြောပြလို့ သိခဲ့ရပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ချစ်မိပြီဆိုမှဖြင့်

ပြဿနာဆိုတာ

အတွဲလိုက်

ပါပါလာတာ

ဒါ ဆန်းသလားဗျာ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

လေပြေညှင်းက ဟိုးခပ်ဝေးဝေး ကျွန်းဆီကနေ တိုက်ခိုက်လာတယ်ထင်ပါရဲ့။ စိမ်းလန်းစိုပြေ စားသောက်ဆိုင်ပတ်ဝန်းကျင်မှာတော့ သစ်ရွက်ကလေးတွေက ဟိုဒီယိမ်းနွဲ့နေလို့။ သစ်ပင်ရိပ်ကောင်းတဲ့ စားပွဲဝိုင်းမှာတော့ ဦးကျော်နေမင်းနဲ့ ဒေါ်ခင်မမတို့ နှစ်ယောက် မှာထားတာတွေကို မစားသေးဘဲ အင်းလျားရေပြင်ကျယ်ကြီးကိုသာ ငေးမောကြည့်နေပါတယ်။

'ကိုကျော်နေမင်း ကျွန်မကို ဘာပြောချင်လို့ သက်ပြင်းကို ချချနေတာလဲ'

မထင်မှတ်ဘဲ ဒေါ်ခင်မမက စားပွဲခုံပေါ် ချထားတဲ့ နေကာမျက်မှန်ကို လက်နဲ့ကိုင်ပြီး ဟိုဒီဝေ့ယမ်းလိုက်ပါတယ်။

'မခင်မမက ကျွန်တော့်စိတ်ကို ကြည့်ပြီး အတတ်ပြောနိုင်တာပဲ ချီးကျူးတယ်ဗျာ'

ဒေါ်ခင်မမက ဦးကျော်နေမင်း စကားကြောင့် ဘွေ့နှပ်သလို ဖြစ်သွားလို့လားမသိ ပြုံးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောစရာရှိလို့လဲ၊ ကျွန်မ နားထောင်ပေးမယ်လေ'

'နားထောင်ပေးရုံ ဘယ်ကမလဲ၊ မခင်မမက ဆုံးဖြတ်ပေးရမှာ'

'ကျွန်မက ဆုံးဖြတ်ပေးရမှာဆိုတော့ ဘာကိစ္စမို့လဲ၊ ကျွန်မက ဘယ်လောက်တောင် အရေးပါနေလို့လဲ'

ဦးကျော်နေမင်းက ဒေါ်ခင်မမစကားကို နားထောင်နေရင်းက ဖန်ခွက်ထဲ ရေသန့်ဗူးထဲက ရေတစ်ဝက်ထည့်ပြီး သောက်လိုက်တယ်။ ပြီးတော့ ခွက်ကို စားပွဲပေါ် ပြန်ချထားလိုက်တယ်။

'ပါပါတယ် မခင်မမရယ်၊ ကျွန်တော့ဘဝမှာ ကျွန်တော် အလုပ်တွေကိုချည်း လုပ်ခဲ့တာ ချစ်သူ ဇနီးမယားရှာဖို့ အချိန်မရတော့ဘူး၊ မမျှော်လင့်ဘဲ မခင်မမနဲ့ ခင်မင်ရင်းနှီးလာရတဲ့အခါ ကျွန်တော့်မှာ ဘာလိုအပ်သလဲဆိုတာ ကျွန်တော် သိလာခဲ့တယ်၊ ကျွန်တော့်ဘဝမှာ လိုနေတာက ဘဝခရီးအဖော်ပဲ၊ သွားအတူ လာအတူ စားအတူဖြစ်ဖို့ လူတစ်ယောက်မှာ ပစ္စည်းဥစ္စာ ပြည့်စုံလာရင် ဘဝခရီးဖော်ဟာ ရှိကို ရှိရမယ်၊ ဒါကြောင့် မခင်မမကို ကျွန်တော် မြတ်နိုးမိလို့ လက်ထပ်ပါရစေ'

'ရှင်··· ကျွန်မကို လက်ထပ်မယ်၊ စဉ်းစားပါဦး ဦးကျော်နေမင်း၊ ကျွန်မက အပျိုမဟုတ်ဘူးလေ၊ သားတစ်ယောက်အမေ မုဆိုးမလေ၊ ရှင်က လူပျိုလူလွတ်ဆိုတော့ ရှင့်အတွက် ရှင့်ပတ်ဝန်းကျင်မှာ နစ်နာစရာတွေ ဖြစ်သွားနိုင်တယ်လေ'

'ဒီအသက် ဒီအရွယ်ရောက်မှ ဒီဆုံးဖြတ်ချက်ချတာ ကျွန်တော့်အတွက်တော့ မှားမယ်မထင်ပါဘူး မခင်မမရယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမက အင်းလျားကန်ရေပြင်ကို ကြည့်ပြီး ဘာစကားမှ မဆိုဘဲ နေလျက်ရှိနေပါတယ်။

'ကျွန်တော့်စကားတွေကြောင့် မခင်မမအဖို့ စဉ်းစားဆုံးဖြတ်ဖို့ ခက်ခဲနေပြီလား'

'စဉ်းတော့ စဉ်းစားရမယ်လေ၊ ဘာဖြစ်လို့လဲဆို တော်ကြာ ဒေးလူတွေက ကျွန်မယောကျ်ားတကာနဲ့တွဲတယ်၊ ရှုပ်တယ်၊ ပြီးမှ လူပျိုကြီးတစ်ယောက်ကို အပိုင်ကောက်တွဲတယ်ဆိုပြီး ကျွန်မ အပြော မခံနိုင်လို့ပါ၊ အဲဒါတွေ ရှင်ကြားရရင် ရှင့်အတွက် ခံစားမှုတွေ ဖြစ်လာမယ်'

'ကျွန်တော် သိသင့်သလောက် သိပြီးပါပြီဗျာ၊ အဲဒီလူတွေက မခင်မမနဲ့ ခင်မင်ရုံသက်သက်ပဲဟာ၊ သူတို့ဘာသာသူတို့ ထင်ချင်သလိုထင် ကောက်ချက်ဆွဲချင်သလို ဆွဲပြီး လုပ်နေကြတာ၊ ကျွန်တော် ဂရုမစိုက်ပါဘူး၊ ကျွန်တော် ဂရုစိုက်တာက ကျွန်တော် မြတ်နိုးတဲ့ ကျွန်တော် လက်ထပ်မဲ့ ဘဝခရီးဖော် လုံခြုံဖို့အတွက်ပဲဖြစ်တယ်'

ဦးကျော်နေမင်း စကားကြောင့် ဒေါ်ခင်မမ ကြည်နူးကျေနပ်သွားလို့လားမသိ။ ဦးကျော်နေမင်းရဲ့ မျက်နှာကို ကြည့်လိုက်ပြီး…

'ဒီကိစ္စကို သားကိုတော့ ဖွင့်ပြောပြရမယ်၊ သားရဲ့ အဆုံးအဖြတ်က ရှိသေးတယ်'

'မှန်ပါတယ်၊ ဖွင့်ပြောပါ၊ ကျွန်တော် စောင့်နိုင်ပါတယ်၊ ကဲ… စကားကောင်းနေတာနဲ့ မှာတာတွေ မစားရသေးဘူး၊ စားရအောင်'

အဲဒီနောက် ဦးကျော်နေမင်းက ဒေါ်ခင်မမ ပန်းကန်ထဲ ဟင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ခပ်ထည့်ပေးတာကို ဒေါ်ခင်မမက စားရင်းကနေ အကျေနပ်ကြီး ကျေနပ်လို့နေပါတယ်။

မိန်းမသားဆိုတာ ကျေနပ်ကြည်နူးမှုကို လိုချင်ကြတာပဲ မဟုတ်လား။

❀

လင်းခန့်တစ်ယောက် သူငယ်ချင်းတွေနဲ့အတူ ကားမောင်း လာရင်းကနေ အင်းလျားလမ်း စိမ်းလန်းစိုပြေ စားသောက်ဆိုင်ဝင်းထဲ ကနေ ကားတစ်စီးထွက်လာတာ မြင်လို့ ကြည့်လိုက်တော့ သူ့မာမီ ဒေါ်ခင်မမနဲ့ ဦးကျော်နေမင်းတို့ ဖြစ်နေတာကို မြင်လိုက်ရတယ်။

'လင်းခန့် ဟိုမှာ မင်းအမေမဟုတ်လား၊ သူ့ဘေးနားက ဘယ်သူ၊ ဟာ… ဟိုလူကြီး လမ်းသရဲအုပ်စုကပဲ၊ ဒုက္ခပါပဲကွာ'

ရုတ်တရက်ဆိုသလို လင်းခန့် သူငယ်ချင်း ဇော်မြင့်ဦးက ကားမောင်းသွားတဲ့ ဦးကျော်နေမင်းနဲ့ ဒေါ်ခင်မမကို ကြည့်ပြီး စိုးရိမ် တကြီးလေသံမျိုးနဲ့ ပြောလို့ အဆုံး ခင်မောင်အေးကလည်း…

'မင်းရဲ့အမေ ဒီလူကြီးလမ်းသရဲတွေနဲ့ ဘယ်လိုသွားပတ် သက်သလဲ မသိဘူး'

သူငယ်ချင်းနှစ်ဦးရဲ့ စကားကို နားထောင်နေတဲ့ လင်းခန့်က ခေါင်းစားသွားရင်းက…

'မင်းတို့ ဘာတွေပြောနေတာလဲကွာ'

'ခင်မောင်အေး ဒီကောင် ဘာမှမသိသေးဘူး၊ ရှေ့နားမှာ ဆိုင်ရှိရင် ကားရပ်လိုက်၊ ဆိုင်ထဲရောက်မှ စားရင်းသောက်ရင်း ပြောပြ မယ်'

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်လည်း အင်းလျားလမ်းတစ်လျှောက် ကားမောင်းရင်း ကနေ ရှိန်တီချစ်တီးထမင်းဆိုင်ဘေးက စားသောက်ဆိုင်ထဲ ကားကို မောင်းဝင်လိုက်ပါတယ်။

သူငယ်ချင်းတွေ ဘာပြောမလဲဆိုတာ သိပ်သိပ်ပြီးတော့ လင်းခန့် သိချင်နေမိပါတော့တယ်။

❀

'အဲဒီလူကြီးက ဦးကျော်နေမင်း မဟုတ်လား၊ အမြဲတမ်း သူနဲ့သက်တူရွယ်တူတွေနဲ့ ညတိုင်း ကာရာအိုကေသွားလိုက်၊ ကလပ် တက်လိုက်နဲ့ တကယ်နှာဗယားတွေ'

ခင်မောင်အေးက မှာထားတာတွေ စားပြီးနေရင်းက လင်းခန့် ကို သူသိသမျှ ဖောက်သည်ချပါတယ်။

'ဟုတ်တယ် လင်းခန့်၊ ငါတို့နဲ့တောင် တစ်ခါတုန်းက ကာရာ အိုကေမှာ အဲဒီဦးကျော်နေမင်းတို့ အုပ်စုနဲ့ အခန်းလုရင်း ပြဿနာ တက်သေးတယ်၊ ဒီလူကြီးက ဝင်မပါဘဲ မှင်နဲ့ထိုင်နေတာဗျ'

'စော်မြင့်ဦးပြောတာ အမှန်ပဲကွ၊ တော်ကြာ အခေါ်ပြော ကောင်းကောင်းနဲ့ မင်းရဲ့အမေကို ကျောရဂုံကြဲသွားဦးမယ်နော်၊ မင်းရဲ့ အမေကို သေသေချာချာ မေးကြည့်ဦး၊ တစ်ခါတည်း ကိစ္စကို အပြတ် ရှင်းခိုင်း၊ ငါတို့က သူငယ်ချင်းကောင်း ပီသစွာ သတိပေးတာ'

လင်းခန့်တစ်ယောက် စကားတွေနားထောင်နေရင်းက သူငယ် ချင်းတွေပြောတာ ဟုတ်မဟုတ်ရဲ့လားလို့ ဧဝေဇဝါဖြစ်နေပါတယ်။ ဒါပေမဲ့ သူငယ်ချင်းနှစ်ယောက်က ကိုယ်တွေ့ဖြစ်ပျက်တာကို ကြုံရ

www.burmeseclassic.com

www.burmeseclassic.com



လို့ သတိပေးပြီး ပြောတာဆိုတော့ မယုံလို့ကလည်း မရပါ။ သူငယ်ချင်းတွေ ပြောတဲ့အတိုင်းဆို သေချာတာက အမှန်ပဲလို့။

'မင်းတို့ပြောတာတွေ ငါ ဘာမှပြန်မငြင်းချင်ဘူး၊ ဒီအဖြေကို သိအောင် ငါလုပ်ရမယ်၊ ငါ့မာမီကိုလည်း ငါ သတိတော့ပေးရမယ်၊ ဒါက တကယ့်ကို အရေးကြီးတဲ့ ပြဿနာဖြစ်လာပြီ'

လင်းခန့်က နောက်ထပ် ဘာစကားမှ မပြောတော့ဘဲ ဆိုင်ထဲကနေ လမ်းမဘက်ကို ကြည့်ရင်းက ရှေ့ဘာလုပ်ရမလဲလို့ စဉ်းစားလို့နေတာကို သူငယ်ချင်းတွေက ဘာမှထင်မြင်ချက်မပေးကြတော့ဘဲ စားစရာရှိတာ စားနေပါတယ်။

❀

'သူငယ်ချင်းတွေကလည်း သူတို့မြင်တာ တပ်အပ်မို့လို့ ပြောကုန်ကြပြီ ကို၊ ဘာဆက်လုပ်ရမလဲ မသိဘူး၊ မာမီ့ကို သွားပြောပြန်ရင်လည်း မာမီက လက်ခံရင်ကောင်းပါရဲ့၊ တော်ကြာ ဟုတ်လား၊ မဟုတ်လား ဦးကျော်နေမင်းကို သွားမေးရင် ပြဿနာတွေ တောက်လျှောက်ဖြစ်လာရင် မလွယ်ဘူး မြလေးရဲ့'

လင်းခန့်က သူငယ်ချင်းတွေနှင့် လမ်းခွဲပြန်လာပြီး မြလေးယဉ်တို့အိမ်ဝင်ပြီး မြလေးယဉ်ကို သူငယ်ချင်းတွေက သူ့မာမီနှင့် ပတ်သက်တဲ့ အကြောင်းတွေပြောတာကို ဖောက်သည်ပြန်ချမိနေပါတယ်။

'ဒီပြဿနာကို ကိုယ်တိုင်သေချာ တပ်အပ်မြင်ပြီး သိပြီးမှ ရှင်းတာ ပိုကောင်းမယ်၊ ကိုယ့်သူငယ်ချင်းတွေ မြင်လို့တွေ့လို့ ဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



သိတာက သူတို့အပိုင်းပဲ၊ အကောင်းဆုံးက ပြဿနာတစ်ခုကို ပြေပြေလည်လည် ဖြေရှင်းတာ အကောင်းဆုံးပဲ၊ ဒီအမှန်တရားကို ဖော်ထုတ်ဖို့ မြလေး အကြံပေးရရင် ဦးကျော်နေမင်းရဲ့ လှုပ်ရှားသွားလာပုံကို အသေးစိတ် ထောက်လှမ်းစုံစမ်းပြီးမှ အဖြေရှာတာ ပိုကောင်းမယ်'

'မြလေး ပြောတာ ဟုတ်တယ်၊ ဦးကျော်နေမင်း သွားတတ်လာတတ်တဲ့ နေရာတွေကို စုံစမ်းရမယ်၊ ပိုင်ပြီထင်မှ မာမီနဲ့ သူနဲ့ ကိစ္စကို ရှင်းမယ်၊ ဒါမှ ငြင်းလို့မရမှာ'

သည်ပြဿနာတွေသည်လိုဖြစ်လာရတာ လင်းခန့် စဉ်းစားမိပါတယ်။ သူ့မာမီက သူနဲ့မြလေးယဉ်ကို ခေါ်ပြီး စတိတ်ရှိုးသွားလို့ ဖြစ်ရတာလို့။ ပြီးတော့ အဲဒီဦးကျော်နေမင်းဆိုတဲ့ လူရဲ့ ကျွေးတာမွေးတာကို စားရင်းနဲ့ ရင်းနှီးမှုတွေဖြစ်ရင်းက အခုလိုမျိုး ခေါင်းရှုပ်စရာတွေ ဖြစ်လာတာပဲ ဆိုပြီး သက်ပြင်းကို မှုတ်ထုတ်လိုက်ပါတယ်။

'ကိုရယ် အဲဒီလောက် သက်ပြင်းတွေ မှုတ်ထုတ်စရာမလိုပါဘူး၊ ပြဿနာဆိုတာ သူ့ဘာသာသူ ပြီးသွားမှာပါ၊ ကဲ… ကို ခေါင်းကြည်သွားအောင် မြလေး သံပုရာရည် သွားဖျော်လိုက်မယ်'

လင်းခန့်က ခေါင်းညိတ်ပြလိုက်တဲ့အခါ မြလေးယဉ်က ထမင်းစားခန်းထဲသွားပြီး ကိုယ်တိုင် သံပုရာရည်ဖျော်ကာ လင်းခန့်ရှိရာ ယူလာပါတယ်။

မြလေးယဉ် ဖျော်ပေးတဲ့ သံပုရာရည်ကိုသောက်ရင်း လင်းခန့်တစ်ယောက် အခုမှပဲ ခေါင်းကြည်သွားတော့တယ်ဆိုပြီး တွေးရင်းက

www.burmeseclassic.com

www.burmeseclassic.com



သူမမာမီအတွက် ဘာဆက်လုပ်ရမလဲဆိုတာကိုလည်း တဖြည်းဖြည်းပဲ စဉ်းစားတွက်ချက်ပြီးမှ ဖြေရှင်းတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ရှုပ်နေတဲ့ ကြိုးခွေဆိုတာ

တဖြည်းဖြည်းဖြည်မှ ရတာမဟုတ်လား

အခုဟာက

ကြိုးခွေမဟုတ်တော့

အစဖြည်ရတာ

နည်းနည်းတော့ခက်မှာ ကျိန်းသေလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ကနေ ဘုရားဖူးပြီးလို့ ဦးကျော်နေမင်းနဲ့ ဒေါ်ခင်မမနှစ်ယောက်သား ဘေးချင်းယှဉ်ပြီး လှေခါးထစ်တွေကို ကလေးလေးတွေလို တစ်ထစ်ချင်း ရေတွက်ရင်းက ဆင်းလာခဲ့တယ်။

ဒီနေ့ ဒေါ်ခင်မမရဲ့ မွေးနေ့မို့ ဒေါ်ခင်မမက ဦးကျော်နေမင်းကို ဖုန်းဆက်ပြီး ဘုရားသွားပြီး ရွှေသင်္ကန်းလှူ၊ ပန်းဆီမီးလှူဖို့ အဖော်ခေါ်တာနဲ့ ဦးကျော်မေင်းလည်း ဒေါ်ခင်မမနဲ့ အတူ ပါလာခဲ့တယ်။

ဘုရားမှာ ဒေါ်ခင်မမ ကုသိုလ်ပြုချင်သမျှ ဦးကျော်နေမင်းက ဘေးကနေ လိုက်လံကူညီပေးလို့ ဒေါ်ခင်မမ ကျေနပ်လို့မဆုံး ဖြစ်နေတာက အမှန်ပါပဲ။

'ခီမမ··· မီး ဘီလိုလုပ်လိုက်တာလဲ'

ရုတ်တရက်ဆိုသလို ဦးကျော်နေမင်းနဲ့ ဒေါ်ခင်မမတို့နှစ်ယောက်သား ဘုရားလှေကားထစ်တွေက ဆင်းလာနေတုန်း လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြိုလ်တိုင်တွေ ပန်းတွေ ကိုင်ထားတဲ့ အသက်ငါးဆယ်အရွယ် ခေတ်ဆန်ဆန် ဝတ်ဆင်ထားတဲ့ တရုတ်လူမျိုးတစ်ဦးက အံ့အားတသင့် ဒေါ်သဖြစ်တဲ့ လေသံမျိုးနဲ့ ဘုရားရင်ပြင်တော်ပေါ်တက်ဖို့ မျက်နှာ ချင်းအဆိုင်မှာ တွေ့ရင်းက ပြောလိုက်ပါတယ်။

အဲဒီလူကို တွေ့လိုက်ရတဲ့ ဒေါ်ခင်မမှာ ဒေါ်သတော်တော် ထွက်သွားပါတယ်။

'ကျွန်မဘာသာ ကျွန်မ ဘုရားလာဖူးတာ ဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ၊ သည်မှာကြည့် ဒါတွေက မီးဖို့ မီးပဲပြော တယ်၊ ငါ့ကို အဖြေပေးမယ်၊ နောက် တီနှစ်ပဲ စောင့်၊ မီးရဲ့မွေးနေ့မှာ မီးရဲ့ဖြိုလ်တိုင်မှာ ပန်းဆီမီးကပ်ပေးဆိုလို့ ငါ့မှာ လုပ်လိုက်ရတာ၊ အခုတော့ မီးက မီးရဲ့ဘေးမှာ လူတစ်ယောက်နဲ့ အီတူယှဉ်တွဲပြီး ပြုံးလို့ ပျော်လို့နဲ့ ငါ့ကို မီး ဘီလိုလှည့်စားလိုက်တာလဲ၊ အရှောင်ဆိုတဲ့ ငါ ဘီလိုနားလည်ရမှာလဲ'

အရှောင်ဆိုသည့် တရုတ်ကြီးက လက်ထဲမှာ ကိုင်ထားတဲ့ ဖြိုလ်တိုင်တွေ ပန်းတွေကို နတ်ဝင်သလိုမျိုး လှုပ်ရမ်းရင်းက သူ့ခံစား ချက်တွေကို အပီရင်ဖွင့်နေပါတယ်။

ဒေါ်ခင်မမက သူ့ဘေးပါလာတဲ့ ဦးကျော်နေမင်းကို အားနာ နေတဲ့ပုံစံဖြစ်နေပေမယ့် ဦးကျော်နေမင်းက ဘာမှမဖြစ်သလိုမျိုးနဲ့ ဟိုဟိုဒီဒီ ကြည့်လို့နေပါတယ်။

'ဒီမှာ အရှောင် ရှင့်ကို ကျွန်မက ဘာမှမလှည့်စားဘူး၊ ရှင်က ကျွန်မကို အတင်းလိုက်ကပ်နေလို့ ပါးစပ်ထဲရှိတာ လျှောက် ပြောတာကို ရှင်က အဟုတ်မှတ်နေတာ'

'ဘာ… မီးက ငါ့ကိုမီလှည့်စားဘူး၊ ဟုတ်လား၊ မီး လှည့်

www.burmeseclassic.com

www.burmeseclassic.com



စားလို့ အိခု မီးဘေးမှာ လူပါလာပြီလေ၊ သူက ဘီသူလဲ’

ဒေါ်ခင်မမ စကားကြောင့် အရှောင်က ဒေါ်ခင်မမရဲ့ ဘေးနားမှာရှိနေတဲ့ ဦးကျော်နေမင်းကို လက်ညှိုးထိုးပြီး မေးတဲ့အခါ ဒေါ်ခင်မမက ဦးကျော်နေမင်းကို တစ်ချက်လှမ်းကြည့်ပြီး ဂုဏ်ယူတဲ့ လေသံနဲ့…

‘သူလား၊ အဲဒါ ကျွန်မရဲ့ချစ်သူ ဦးကျော်နေမင်းတဲ့၊ ပြီးတော့ သူနဲ့ ကျွန်မ လက်ထပ်တော့မှာ၊ ကဲ လာ ကိုနဲ့ ကျွန်မ သွားစရာရှိသေးတယ်လေ၊ အချိန်တွေ အကုန်မခံနိုင်ဘူး’

ဒေါ်ခင်မမက အရှောင်ကို ပြောရင်းက ဦးကျော်နေမင်းရဲ့ လက်ကို ကိုင်ရင်း ထွက်သွားဖို့ ဟန်ပြင်လိုက်ပါတယ်။

‘ဘာ… ဒါ မီးရဲ့ချစ်သူ လက်ယပ်မယ့်သူ ဟုတ်လား၊ အေး… ငါနဲ့ တွေ့ကြပြီပေါ့၊ နီတို့ရဲ့ ချစ်ခြင်းကို ခွဲကိုခွဲပြမယ်၊ အရှောင်တဲ့ ဘာမှတ်လဲ’

‘ရှင့်ဘာသာရှင် ပြောချင်တာပြော၊ ကျွန်မ ဂရုမစိုက်ဘူး’

ဒေါ်ခင်မမက ဦးကျော်နေမင်းရဲ့လက်ကို ဆွဲပြီး လှေခါးထစ်တွေအတိုင်း ပြေးဆင်းသွားပါတယ်။ ဦးကျော်နေမင်းလည်း ကြောင်တိကြောင်တောင်ဖြစ်သလို ပုံစံမျိုးနဲ့ ဘာရယ်မှန်းမသိ လက်ကိုင်ထားတဲ့ ဒေါ်ခင်မမနဲ့အတူ ကလေးတွေလိုမျိုး ပြေးဆင်းတာကို သဘောကျနေမိပါတယ်။

အဲဒီမြင်ကွင်းကို မြင်နေတဲ့ အရှောင်ကတော့ အံကြိတ်ရင်း ပါးစပ်ကနေ တောက်ခေါက်ရင်းက လက်ထဲမှာ ကိုင်ထားတဲ့ ကြိုးတိုင်တွေ ပန်းတွေကို လက်နဲ့ဖျစ်ညှစ်နေမိလျက်သား ရှိနေပါတယ်။

✿

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်နေမင်းက ကားကို ကာရာအိုကေဆိုင်ရှေ့နဲ့ မလှမ်းမကမ်းမှာ ရပ်လိုက်တယ်။ ကားနောက်ခန်းကနေ ဦးဇေယျာ၊ ဦးစန်းမွန်နဲ့ ဦးအောင်သျှံတို့က ဆင်းလာပြီး ကာရာအိုကေဆိုင်ထဲကို ပြေးဝင်သွားတယ်။ ဦးကျော်နေမင်းကတော့ သူတို့နောက်ကနေ အေးအေးဆေးဆေး ပုံစံမျိုးနဲ့ ကာရာအိုကေဆိုင်ထဲ ဝင်လိုက်တယ်။

'တွေ့လား မြလေး၊ ကို့ရဲ့ သူငယ်ချင်းတွေ ပြောတာတော့ မှန်နေပြီ၊ ကိုယ့်မာမီတော့ ဒုက္ခပါပဲကွာ'

ဦးကျော်နေမင်းတို့ ကားကို နောက်ယောင်ခံလိုက်လာတဲ့ လင်းခန့်က ကားကို ဦးကျော်နေမင်းရဲ့ ကားနဲ့ အနီးအနားမှာ ရပ်လိုက်ပြီး မြလေးယဉ်ကို ပြောလိုက်တော့ မြလေးယဉ်ကလည်း ထောက်ခံသည့်အနေလား ခေါင်းညိတ်ပြပါတယ်။

'ဒီအတိုင်းဆို ဒီလူကြီးက သမ္မာချည်းပဲ၊ တော်ကြာ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်လာတော့မယ်၊ ဘာဆက်လုပ်မလဲ'

'ဘာဆက်လုပ်မလဲဆိုတော့ ဒီထက်သေချာအောင် အဲဒီ ကာရာအိုကေထဲ လိုက်ကြည့်မယ်'

'မြလေးက တစ်ခါဖူးမှ ဒါမျိုးသွားဖူးတာ မဟုတ်ဘူး၊ ကောင်းပါ့မလား'

'ကောင်းတာ မကောင်းတာ အသာထားလို့ ဒီပြဿနာကို ရှင်းကိုရှင်းရမယ်၊ လာ'

လင်းခန့်က ကားပေါ်ကနေ ဆင်းရင်းက မြလေးယဉ်ကိုပါ သူနဲ့အတူ လိုက်ဖို့ခေါ်လိုက်ပါတယ်။ မြလေးယဉ်လည်း လင်းခန့်နဲ့ ဘေးချင်းယှဉ်လျှောက်ရင်းက ကာရာအိုကေဆိုင်ထဲ ဝင်လာလို့ တံခါးဖွင့်ပေးတဲ့ ကောင်လေးကတောင် ဟိုလိုလို ဒီလိုလို သံသယရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြည့်မျိုးနဲ့ ကြည့်မိလိုက်တာကို လင်းခန့်သတိထားမိသွားတယ်။ ဒါပေမဲ့ ကိုယ့်ပြဿနာ ကိုယ်ရှိနေလို့ ဒါတွေကို လုံးဝဂရုမစိုက်နိုင်ပါ။

ကာရာအိုကေဆိုင်အတွင်းခန်းထဲကို ယှဉ်တွဲပြီး ဝင်လာတဲ့ လင်းခန့်နဲ့ မြလေးယဉ်တို့ နှစ်ယောက်ကို ကောင်တာစားပွဲခုံနားက ဆက်တီခုံမှာ တစ်ယောက်တည်းထိုင်ပြီး ဆေးလိပ်သောက်နေတဲ့ ဦးကျော်နေမင်းက မြင်သွားပြီး အံ့အားသင့်သွားပါတယ်။ ဘယ်လိုဖြစ်လို့ ဒီနေရာမျိုးကို ရောက်လာရသလဲလို့။

'ညီလေး လင်းခန့် ဘာဖြစ်လို့ ကိုယ့်ချစ်သူ ကိုယ့်ယူမယ့် အမျိုးသမီးကို ဒီနေရာ ခေါ်လာရတာလဲ၊ လူမြင်လို့ မကောင်းဘူး၊ မသင့်တော်ဘူး'

ဦးကျော်နေမင်း စကားကြောင့် လင်းခန့် တော်တော်ဒေါသ ထွက်သွားပါတယ်။ ဆရာကြီးလိုလို ဘာလိုလိုနဲ့ သူ့ကို ဩဝါဒပေး သလိုဖြစ်နေလို့ပါ။

'ကျွန်တော့်ကျတော့ ပြောတယ်၊ ဦးကျော်နေမင်းကျတော့ ကော ဘာဖြစ်လို့ ဒီနေရာကို ရောက်လာရတာလဲ၊ ဘာလဲ စိတ် အကြောလာလျှော့တာလား၊ စိတ်အကြောလျှော့တာမျိုးက ဘီယာဆိုင် တို့ ဘာတို့မှာလည်း ရတာပဲ'

လင်းခန့် စကားကို နားထောင်နေတဲ့ ဦးကျော်နေမင်းက ပြုံးလိုက်ပြီး ထိုင်ရာမှ ထလိုက်ပါတယ်။

'ညီလေး ညီလေးနဲ့ စကားနိုင် ဒီနေရာမှာ လုရမှာမဟုတ်ဘူး။ ဒီက မြလေးယဉ်ကို ခေါ်ပြီးပြန်ပါ၊ ဒီနေရာမျိုးမှာ မြလေးယဉ်

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကျစရာတွေ ဖြစ်သွားမယ်၊ ပြန်ပါကွာ၊ တောင်းပန်ပါတယ်'

ဦးကျော်နေမင်းက ပတ်ဝန်းကျင် ဟိုဟိုဒီဒီကို ကြည့်လိုက်ပါတယ်။ ကာရာအိုကေအခန်းတွေထဲက သီချင်းသံတွေက အခန်းအပြင်ဘက်ကို လွင့်ပျံထွက်နေတာကို လင်းခန့်ကော မြလေးယဉ်ပါ အတိုင်းသား ကြားနေရပါတယ်။ မြလေးယဉ်ကတော့ မရောက်ဖူးသေးတဲ့ ကမ္ဘာသစ်တစ်ခုကို ရောက်နေရသလိုမျိုး ပုံစံနဲ့ စူးစမ်းကြည့်ရှုလို့ နေပါတယ်။

'ဘာလဲ ဦးလေးက မကဲရမှာစိုးလို့ ကျွန်တော်နဲ့ မြလေးကို နှင်တာလား၊ မထင်မှတ်ဘဲ တွေ့ရလို့ ဦးလေး ရှက်သွားတာ မဟုတ်လား၊ ဒီလိုပေါ့လေ၊ ခိုးစားတာ လူမိတော့ ဘယ်ခံနိုင်ရည်ရှိပါ့မလဲ'

'ညီလေး ကြိုက်သလို ခန့်နိုင်တယ်၊ ဒါပေမဲ့ အခုတော့ ပြန်လိုက်ပါကွာ၊ ပြန်ပါနော်၊ နောက်ကို ဒီလိုနေရာမျိုးတွေ မြလေးယဉ်ကို ခေါ်မလာပါနဲ့'

'ဟုတ်ပါပြီ ဦးကျော်နေမင်းရယ်၊ နောက်ကို ခေါ်မလာပါဘူး၊ ဒါနဲ့မသိလို့ မေးပါရစေ၊ ဦးကျော်နေမင်းကြတော့ ဘာလို့ ဒီနေရာကို လာတာလဲ'

လင်းခန့် အမေးစကားကို နားထောင်နေတဲ့ ဦးကျော်နေမင်းက ပြုံးလိုက်ပါတယ်။

'ဒီအဖြေကို အခု မပေးသေးဘူး၊ တစ်နေ့ကြရင်တော့ သိရမယ်၊ စိတ်ချ၊ ကဲ… ပြန်တော့၊ ပြန်တော့'

ဦးကျော်နေမင်းက လင်းခန့်နဲ့ မြလေးယဉ်ကို လက်ဆွဲခေါင်းဆွဲပြီး ကိုယ်တိုင် ကာရာအိုကေဆိုင်တံခါးဝရောက်တဲ့အထိ ဆွဲခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ လင်းခန့်လည်း ပြဿနာ မဖြစ်ချင်တာမို့ ဘာမှမပြောတော့ဘဲ မြလေးယဉ်ကို လက်ဆွဲပြီး ကားရှိရာ ပြန်လာပြီး ကားမောင်းထွက်လာခဲ့ပါတော့တယ်။

❀

'ဒါ... လင်းခန့် မင်းကို အဲဒီဦးကျော်နေမင်းက သက်သက်ကျောလိုက်တာ၊ မင်းမို့လို့ကွာ၊ ခိုးရာပါပစ္စည်းနဲ့ လက်ပူးလက်ကြပ်မိနေတဲ့ သူက ကိုယ့်ကိုပြန်တရားဟောတာမျိုးလို ဖြစ်နေတာ ငါသာဆို အဲဒီနေရာမှာ စာရင်းအပြတ်ရှင်းပြီ'

ခင်မောင်အေးက 'လင်းခန့်ပြောသမျှ' နားထောင်အပြီး ဦးကျော်နေမင်းကို အသားကုန်ပေါက်ကွဲနေပါတယ်။

''ဟုတ်တယ် လင်းခန့်၊ သူတို့ဘာသာသူတို့ ကာရာအိုကေမှာ အကြောလာလျှော့တာကို မြလေးယဉ်ကြတော့ မလာသင့်ဘူးဘာဖူးနဲ့ မင်းတို့ကို အတင်းပြန်လွှတ်တာ အဲဒါ သူတို့ကောင်းကောင်းမကဲရမှာစိုးလို့၊ နေပါဦး၊ မင်းကို အဲဒီဦးကျော်နေမင်းက အမိန့်ပေးရလောက်အောင် မင်းရဲ့အမေနဲ့ သူနဲ့က သိပ်ပိုင်နေပြီလား လင်းခန့်၊ မင်း ငါ့ကိုမကျေနပ်လို့ ဒေါသထွက်ချင်လည်း ထွက်လို့ရတယ်၊ မင်းရဲ့အမေနဲ့ ဒီလူ ယူဖြစ်ရင် မင်း မလွယ်ဘူးနော်၊ မင်းကို ကောင်းကောင်းကြီး ပညာပေးလိမ့်မှာ ကျိန်းသေတယ်'

ဇော်မြင့်ဦး စကား နားထောင်နေမိတဲ့ လင်းခန့် ဘာပြန်ပြောရမှန်း မသိပါ။ သူ့မာမီ ဒေါ်ခင်မမက သူတို့ပြောသလို ဦးကျော်နေမင်းပြောသမျှ ကြိုးဆွဲသမျှ ဖြစ်နေပြီလားဆိုတာ သူ မစဉ်းစားတတ်တော့။

www.burmeseclassic.com

www.burmeseclassic.com



'ခက်တယ်ကွာ၊ ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူး'

'ဘာလုပ်ရမှန်းမသိ လုပ်မနေနဲ့၊ ဒီကိစ္စကို မင်းရဲ့အမေကို အဖြစ်မှန်တိုင်း အစအဆုံး ပြောပြပြီးရင် ဒီအတိုင်းမနေနဲ့၊ ဦးကျော်နေမင်းကို ထပ်ပြီး ဘယ်လောက်ကဲတယ်ဆိုတာ အသေးစိတ်စုံစမ်း၊ ပိုင်ပြီထင်မှ မင်းရဲ့အမေကို လက်ပွားလက်ကြပ်ပြပြီး ပွဲသိမ်းရှင်းနိုင်း'

ခင်မောင်အေးရဲ့ အကြံပေးချက်ကို လင်းခန့် မငြင်းဆန်ချင်တော့ပါ။ ဒီကိစ္စ အမှန်တရားပေါ်ဖို့ လုပ်ကိုလုပ်ရမည်။ လင်းခန့် ဆုံးဖြတ်လိုက်ပါတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ဒီအရှယ်ရောက်မှ

မင်းကို ချစ်ရတာ

ဆယ်ကျော်သက်ဘဝကိုသာ

ပြန်လွမ်းမိတော့တယ်။

ဟူး. . . မောလိုက်တာ

လူကြီးတန်မဲ့

ချစ်သူလုဘက်တွေက

နင်လား ငါလားပဲ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

ခြံရှေ့မှာ ဦးကျော်နေမင်းက ကားရပ်လိုက်တယ်။ ဒေါ်ခင်မမက ကားပေါ်ကဆင်းပြီး စေ့ထားတဲ့ ခြံတံခါးကို တွန်းဖွင့်လိုက်တယ်။ ည ကိုးနာရီလောက်ရှိပြီမို့ ပတ်ဝန်းကျင်က တိတ်ဆိတ်လို့နေတယ်။

'ကိုကျော်နေမင်း အိမ်ထဲဝင်ဦးမလား၊ သားရှိတယ်လေ'

'နေပါစေ၊ မဝင်တော့ဘူး၊ မိုးကလည်းချုပ်နေပြီ'

ခြံရှေ့မှာ ဒေါ်ခင်မမနဲ့ ဦးကျော်နေမင်းတို့ စကားပြောနေတုန်း အဖြူရောင် ရှုပါရှဖ်ကားတစ်စီးက ဦးကျော်နေမင်းရဲ့ ကားနောက်မှာ ထိုးရပ်လိုက်ပြီး ကားထဲကနေ အရက်ပုလင်းကိုင်ထားတဲ့ ဦးရွှေညာက ဆင်းလာပြီး ဒေါ်ခင်မမနဲ့ ဦးကျော်နေမင်းရှိရာ ရောက်လာပါတယ်။

'ခင်မမ ဒါ ဘယ်သူလဲ၊ ဘယ်လိုပတ်သက်သလဲ၊ မင်းဘာတွေလှည့်စားဖို့ လုပ်ပြန်ပြီလဲ၊ ပြောပါဦး၊ အသည်းကွဲဘုရင်မလေးရဲ့'

ဦးရွှေညာက ဒေါ်ခင်မမ ဘေးမှာ ရှိနေတဲ့ ဦးကျော်နေမင်းကို လက်ညှိုးထိုးပြီး မေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သူနဲ့ ကျွန်မ ဘယ်လိုပတ်သက်သက် ရှင့်အပူလား၊ ရှင် ကျွန်မကို အရှက်ခွဲပေါင်း များပြီနော်၊ ကျွန်မရဲ့ ခြံရှေ့ကို မလာနဲ့လို့ ရှင့်ကို ပြောထားသားနဲ့၊ ရှင် ဒီလိုလုပ်တာ လွန်နေပြီ၊ ရှင် ပြန်တော့'

'ကိုယ်မပြန်နိုင်ဘူး ခင်မမ၊ မင်းက ချစ်တယ် မြတ်နိုးတယ် ပြောဖို့ ကိုယ်စောင့်ခဲ့ရတာ ကြာပြီ၊ အခုတော့ ကိုယ့်ဘဝဟာ မင်းရဲ့ ကလိတဲ့အမူအရာ၊ မင်းရဲ့မျှော်လင့်ချက်ပေးမှုအောက်မှာ ကိုယ်က အရက်သမားလုံးလုံးဖြစ်နေပြီ၊ အဲဒါ မင်းကြောင့်...'

ဦးရွှေညာက လက်ထဲမှာ ကိုင်ထားတဲ့ အရက်ပုလင်းကို တစ်ကျိုက်မော့လိုက်ပါတယ်။

'ကိုရွှေညာ ရှင်ပေါက်ကရတွေ ကျွန်မ ညွှေသည်ရှေ့မှာ မပြောနဲ့၊ သူ အထင်လွဲတာ ကျွန်မ မခံနိုင်ဘူး၊ ရှင်နဲ့ကျွန်မ ရိုးရိုးခင် တာကို ရှင်က ထင်ချင်သလိုထင်ပြီး ရူးကြောင် မူးကြောင်နဲ့ လျှောက် နေတာ ကျွန်မနဲ့ ဘာဆိုင်လဲ'

'နေပါဦး ခင်မမ၊ ဒီလူက မင်းရဲ့ ညွှေသည်လို့ပြောရအောင် မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ဦးရွှေညာက ဒေါ်ခင်မမကို တစ်လှည့် ဦးကျော်နေမင်းကို တစ်လှည့် ကြည့်ရင်းမှ မေးလိုက်ပါတယ်။ ဒေါ်ခင်မမက သွားတွေ ပေါ်အောင် ပြုံးလိုက်ပြီးမှ...

'သူလား ကျွန်မနဲ့ သိပ်ပတ်သက်တာပေါ့၊ သူက ဦးကျော်နေ မင်းတဲ့၊ ကျွန်မရဲ့ ချစ်သူ၊ ကျွန်မ လက်ထပ်မယ့်သူလေ၊ သူ့ရဲ့ရှေ့မှာ ရှင် မဟုတ်တမ်းတရားတွေ လျှောက်ပြောနေတာကိုက ရှင် လွန်နေပြီ၊ သူက သဘောထားကြီးလို့ ခွင့်လွှတ်ပေးနေတာ၊ ကဲ... ပြန်ပါတော့ ရှင်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမရဲ့ စကားကြောင့် ဦးရွှေညာက ဦးကျော်နေမင်းကို ကြည့်ပြီး ရည်းစားလုဘက်မှာ တစ်ဘက်က အနိုင်ရသွားလို့ ပေါက်ကွဲသလိုမျိုး ဖြစ်သွားပါတယ်။ လက်ထဲကိုင်ထားတဲ့ အရက်ပုလင်းကို မော့လိုက်ပြီး…

'ဒီမှာ ခင်မမ ပွဲက မပြီးသေးဘူး၊ ရွှေညာ အကြောင်း သိရမယ်၊ ရွှေညာရဲ့အချစ်ကို တန်ဖိုးမထားတတ်တဲ့ ခင်မမ မင်းသာမက မင်းရဲ့ ဒီလူပါ တစ်နေ့ ကောင်းကောင်းနောင်တရစေရမယ်'

ဦးရွှေညာက ဒေါ်ခင်မမနဲ့ ဦးကျော်နေမင်းတို့ နှစ်ယောက်စလုံးကို ကြိမ်းဝါးပြီး ကားမောင်းထွက်သွားပါတယ်။

ဦးကျော်နေမင်းကတော့ ခေါင်းကိုကုတ်ရင်းမှ သက်ပြင်းမှုတ်ထုတ်ရင်း ဒေါ်ခင်မမကို ပြုံးပြပါတယ်။ ဒေါ်ခင်မမက အားနာနေသလို ဖြစ်နေလို့ ဦးကျော်နေမင်းက နှုတ်ဆက်ပြီး ကားမောင်းထွက်သွားပါတယ်။ ခြံရှေ့မှာ ရပ်နေတဲ့ ဒေါ်ခင်မမကတော့ လမ်းမှာ ဦးကျော်နေမင်း တစ်ယောက် ဘာပြဿနာမှ မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေမိပါတယ်။

'မာမီ… ဒီအချိန်ကျမှ မာမီက ဘယ်ကပြန်လာတာလဲ၊ ကျွန်တော် အိမ်အပေါ်ထပ်ကနေ အကုန်မြင်တယ်၊ ကျွန်တော် ပတ်ဝန်းကျင်ကိုတောင် ရှက်လာပြီ'

အိမ်ထဲဝင်ဝင်ချင်း လင်းခန့်က အိမ်ပေါက်ဝကနေ ဒေါ်ခင်မမကို စီးပြီး ပြစ်တင်စကားဆိုပါတယ်။ ဒေါ်ခင်မမက ဆက်ဘာခုံပေါ်မှာ ထိုင်လိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ည ကိုကျော်နေမင်းက ညစာလိုက်ကျွေးလို့ သားကို တောင် ဖုန်းဆက်ဦးမလို့၊ သား အလုပ်မအားဘူးထင်တာနဲ့ မာမီ ဖုန်းမဆက်တာ၊ အဲဒါ အပြန်မှာ ဟိုအမူးသမား ကိုရွှေညာရောက်လာ ပြန်လို့ မာမီမောင်းထုတ်ရသေးတယ်၊ ခက်ပါရဲ့၊ ဒင်းကိုတော့ နောက် မလာရဲအောင် ရဲတိုင်ချင်တိုင်ရတော့မယ်'

'မာမီကတော့ သွားချင်သလိုသွား၊ စားချင်သလို စားတာက ကိစ္စမရှိဘူး၊ ပတ်ဝန်းကျင်က အမျိုးမျိုး ပြောလာရင် သားသိက္ခာကျ စရာ ဖြစ်ရုံမက ရှက်စရာတွေပါ ဖြစ်လာတော့မှာ'

'ဘယ်လိုရှက်စရာတွေလဲ သားရဲ့၊ မာမီ့ကို ရှင်းရှင်းလင်းလင်း ပြောပါဦး'

'မာမီပဲ စဉ်းစားကြည့်လေ၊ ကိုယ့်အိမ်ရှေ့မှာ လာပြီး အရက် ပုလင်းကိုင်ပြီး ပြောချင်ရာပြောတဲ့သူနဲ့ ပြီးတော့ ခင်ရုံသာခင်တဲ့ လူတစ်ယောက်နဲ့ ညစာစားတာတွေ ဘာတွေက မာမီ ဆင်ခြင်သင့် တယ်'

'သားက ဦးကျော်နေမင်းနဲ့ သွားတာ လာတာကို မကျေနပ် နေတာပါလား'

လင်းခန့်က သူ့မာမီ ဒေါ်ခင်မမ သိသင့်သိထိုက်တာတော့ ပြောမှဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

'မာမီ ဦးကျော်နေမင်းရဲ့အကြောင်း ခရေစေ့တွင်းကျ ဘယ် လောက်သိလဲ'

မထင်မှတ်ဘဲ ပြောလိုက်တဲ့ လင်းခန့်စကားကြောင့် ဒေါ်ခင် မမ စိတ်ဝင်တစား ဖြစ်သွားလို့လားမသိ။ ဆက်တီခုံပေါ် ထိုင်ရာကနေ မတ်တပ်ရပ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကျော်နေမင်းက ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ အဲဒီဦးကျော်နေမင်းက တကယ့်ကို ရှုပ်တာ၊ သူငယ်ချင်းတွေနဲ့ ကာရာအိုကေတွေသွား၊ ကလပ်တွေတက်တယ်၊ ကောင်မလေးတွေနဲ့ ရှုပ်တယ်လို့ သူငယ်ချင်းတွေကပြောလို့ သားက မယုံလို့ မြလေးနဲ့ စုံစမ်းတော့ ကာရာအိုကေဆိုင်မှာ သွားတွေ့တယ်၊ သူက ရက်ကိုးရက်ကန်းဖြစ်ရင်း မိန်းကလေးတစ်ယောက်ကို အဲဒီကို မခေါ်လာရဘူး ဘာဘူးဆိုပြီး အတင်းမောင်းထုတ်တယ်၊ အဲဒါတွေ မာမီ သိလား၊ မာမီ ဒုက္ခရောက်မယ်နော်၊ သားကတော့ မာမီ့အတွက် စိုးရိမ်နေပြီ'

လင်းခန့်စကားကို နားထောင်နေတဲ့ ဒေါ်ခင်မမ အံ့အားတသင့်ဖြစ်ရင်းက ဘယ်နည်းနှင့်မှ မဟုတ်နိုင်ဘူးလို့ တွက်ဆလိုက်ပါတယ်။

'သားရယ် ကိုကျော်နေမင်းဟာ ဒီလိုလုပ်မယ့်လူမျိုး မဟုတ်ဘူးဆိုတာ မာမီ ယုံတယ်၊ မာမီနဲ့ ပတ်သက်နေတဲ့ ကာလတစ်လျှောက်လုံး လူကြီးလူကောင်းဆန်ဆန် ဆက်ဆံတာ မာမီ အသိဆုံးပဲ၊ မဟုတ်နိုင်ပါဘူး'

'မာမီကလည်းဗျာ တစ်ဖက်သားကို အရမ်းအထင်ကြီးပြီး သား ပြောတာတော့ နားမဝင်တော့ဘူး၊ မာမီ ဒုက္ခရောက်တော့မယ်နော်၊ တော်ပြီဗျာ၊ ကြာကြာပြောရင် ကျွန်တော် ငရဲကြီးမယ်'

လင်းခန့်က စိတ်ဆိုးသွားလို့လားမသိ။ ဘာမှဆက်မပြောတော့ဘဲ အိမ်ပေါ်ထပ်ကို တက်သွားပါတယ်။

ဒေါ်ခင်မမကတော့ လင်းခန့်ပြောတဲ့ စကားတွေကို အသုံးရင်းလုံးဝမဟုတ်နိုင်ဘူးလို့ ဆုံးဖြတ်ချက်ချရင်းက ဒီနေ့ ညနေ ဦးကျော်နေမင်း ကျွေးတဲ့ ရွှေဘဲစားသောက်ဆိုင်မှာ စားခဲ့သောက်ခဲ့ရတာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ်မှာလှဲရင်းက ပြန်တွေးရင်း ကျေနပ်မဆုံး ရှိနေပါတော့တယ်။

❀

ဒီနေ့မှ ကားမယူလာဘဲ ဈေးဝယ်မိတာ ဒေါ်ခင်မမအဖို့ များများမှားသွားပြီလားမသိ။ တစ်ပတ်စာ အိမ်အတွက် ပစ္စည်းတွေကို ဝယ်ပြီး ပြန်လာတာ အိမ်နဲ့ဈေးနဲ့က နီးတယ်ဆိုပြီး ဆိုက်ကားငှားပြန်လာတော့ ဆိုက်ကားက အိမ်နားရောက်တော့မယ်လုပ်ကာမှ ဘီးပေါက်ပါလေရော။ ဒီတော့ မထူးတော့ပါဘူးဆိုပြီး လမ်းပဲလျှောက်တော့မယ်လို့ ဆုံးဖြတ်ရင်းက အိမ်ကိုပြန်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ကားတစ်စီးက ဒေါ်ခင်မမရဲ့ ဘေးနားကို ထိုးရပ်လိုက်လို့ ကြည့်လိုက်တော့ ဦးကျော်နေမင်းရဲ့ကား ဖြစ်နေပါတယ်။

'မခင်မမ လာ ကားပေါ်တက်၊ ပစ္စည်းတွေက များလှချည်လား၊ ဝိတ်ထပ်ကျအောင် ဘာမှမငှားဘဲ လမ်းလျှောက်ကျင့်တာလား'

ဦးကျော်နေမင်းက ကားထဲကနေ ရယ်ရယ်မောမော ပြောလိုက်တော့ ဒေါ်ခင်မမက…

'မဟုတ်ပါဘူး၊ ဒီနေ့မှ ကျွန်မက ကားမယူလာဘဲ ဈေးသွားပါရဲ့၊ ဆိုက်ကားငှားပြန်လာတာ ဘီးကပေါက်တော့ မထူးပါဘူးဆိုပြီး လမ်းလျှောက်ပြန်လာတာ'

'ကျွန်တော်ကလည်း လမ်းကြုံတာနဲ့ မခင်မမတော့ အိမ်မှာ ရှိကောင်းပါရဲ့၊ လက်ကီးဆဲဗင်းမှာ ဘာလေးညာလေး သွားစားမယ်ဆိုပြီး ဝင်ခေါ်မယ်လို့ လာတာ'

'ဒါဆို ကျွန်မ သက်သာသွားပြီ၊ ကားကြုံစီးရတော့မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမက ကားနောက်ခန်းထဲ ဈေးကဝယ်လာတဲ့ ပစ္စည်းတွေကို ထည့်ပြီး ဝင်ထိုင်မယ်အလုပ်မှာ ပန်းစည်းကိုင်ထားတဲ့ လူငယ်လေးတစ်ဦးက စက်ဘီးစီးရင်း ကားနားမှာ ရပ်လိုက်ပါတယ်။

'မမ နေပါဦး မမရယ်၊ မမ ဘယ်လိုလုပ်လိုက်တာလဲ၊ မမ ဒီနေ့ တစ်ယောက်တည်း ဈေးလာတာကို ကျွန်တော် သိရလို့ နေ့တိုင်း မမရဲ့ သွားလာလှုပ်ရှားမှုကို စောင့်ကြည့်နေတာ၊ ဒီနေ့ပိုင်ပြီလို့ ထင်ထားတာ၊ မမက ဈေးကနေ ဘယ်ကနေ ဘယ်လိုပျောက်သွားတာလဲ မမရယ်'

'ဟဲ့… မင်းကို လာမပတ်သက်နဲ့လို့ ပြောပြီးပြီလေ၊ ဘယ်လိုဖြစ်လို့ ဒီအထိ မင်းက လာနှောင့်ယှက်ရတာလဲ'

'မမရယ် မမက မုန်းစကားတွေ ပြောလေ ကျွန်တော်လေ မုန်းလို့မရဘဲ မြတ်နိုးမိလေပါပဲ၊ နတ်သျှင်နောင်နဲ့ ဓာတုကလျာ အသက်တွေဘယ်လောက်ကွာကွာ အချစ်မြဲမြဲတာကို ကျွန်တော် ယုံကြည်တယ်၊ ကျွန်တော် မိုက်မှားမိတာ ခွင့်လွှတ်ပါ မမရယ်'

ပန်းစည်းကိုင်ထားတဲ့ လူငယ်က အပီကို ကြွေနေတာ ဒေါ်ခင်မမက စိတ်ပျက်ရင်း ဦးကျော်နေမင်းကို အားနာနေမိသွားပါတယ်။

'မင်း ပြန်တော့၊ နောက်လည်း လာမပတ်သက်နဲ့၊ မင်းရဲ့ အပြုအမူက ငါ့ကိုအထင်သေးစရာအပြင် ဟောဟိုက သူ့ကိုပါ မင်းလုပ်ပုံက ငါရစရာမရှိသလို ဖြစ်နေပြီ၊ တစ်ခါလေးအကူအညီတောင်းဖူးပါတယ်၊ အဲဒါ ငါ့အတွက် ဒုက္ခဖြစ်ရတာပဲ'

ဒေါ်ခင်မမက ဦးကျော်နေမင်းကို လက်ညှိုးထိုးပြရင်းက လူငယ်လေးကို နှင့်လွှတ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦး မမရဲ့၊ သူက ဘယ်သူလဲ၊ တစ်ခါက မမနဲ့ သူ စားသောက်ဆိုင်ထဲမှာ ထိုင်တာ ကျွန်တော် မထင်မှတ်ဘဲ မြင်ရတယ်၊ မေးမလို့ မမေးရဲလို့၊ ဘယ်လိုပတ်သက်လဲ'

လူငယ်လေးက ပန်းစည်းကိုင်ထားတဲ့ လက်နဲ့ ဦးကျော်နေမင်းကို လက်ညှိုးထိုးပြီး ဒေါသဖြစ်သလို အမူအရာနဲ့ ဒေါ်ခင်မမကို မေးလိုက်ပါတယ်။

'သူလား၊ သူက ဦးကျော်နေမင်းတဲ့၊ အဲဒါ ငါ့ချစ်သူ၊ ငါ လက်ထပ်မဲ့ ငါ့ရဲ့ခင်ပွန်းလောင်းပဲ၊ မင်း သွားတော့'

'ဪ... ဒီလိုလား၊ ရတယ် မမ၊ ချစ်တတ်တဲ့ ကျွန်တော့်ရဲ့ ချစ်ခြင်းကို မမက မညှာတာပဲ လှည့်ဖျားခဲ့တယ်၊ ညှာရက်တယ်၊ ညှာလို့အားမရဘဲ ကျွန်တော့်ကို ကစားခဲ့တယ်၊ ဒီမှာ မမ မမနဲ့ မမရဲ့ လူတို့ ကျွန်တော့်ရဲ့ချစ်ခြင်းကို ဂိမ်းလိုကစားခဲ့တဲ့အတွက် ကျွန်တော် လက်စားချေပြမယ်၊ ဟောဒီ ပန်းစည်းဟာ ကျွန်တော့်ရဲ့ စုန္ဒသုဘဒ္ဒါ အမုန်းတွေဖြစ်သွားပြီ'

လူငယ်လေးက ပန်းစည်းကိုခပ်ဝေးဝေး လွှင့်ပစ်လိုက်ပြီး စက်ဘီးကို နင်းထွက်သွားပါတယ်။ ဒေါ်ခင်မမက ကားထဲဝင်ထိုင်လိုက်ရင်း ဘာစကားတစ်ခွန်းမှ မပြောဘဲ ကားခေါင်းခန်းထဲမှာ ရှိနေတဲ့ ဦးကျော်နေမင်းကို ကြည့်လိုက်ရင်း...

'ကိုကျော်နေမင်း ရှင်တော့ ကျွန်မကို အထင်သေးသွားပြီလား မသိ'

'မသေးပါဘူး မခင်မမရယ်၊ ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်၊ ဘာလဲဆိုတာ ကျွန်တော် အကဲခပ်မိပါတယ်၊ မခင်မမကို ဖြတ်နီးမိ ဓနီးမယားအဖြစ် ကျွန်တော်က ရွေးချယ်မှတော့ ဒါတွေဟာ မြေမှုန်တစ်

www.burmeseclassic.com



မှန်စာ ကိုယ့်ခန္ဓာကိုယ်ပေါ် ကျလာတဲ့ ဖုန်မှုန်တစ်စက်လို့ပဲ သဘော ထားပါတယ်'

ဒေါ်ခင်မမတစ်ယောက် ဦးကျော်နေမင်း စကားကြောင့် သား ဖြစ်သူ လင်းခန့်ပြောတဲ့ စကားတွေကို မယုံရေးချ မယုံလို့ စိတ်ကို ခိုးခိုးချလိုက်ရင်းက ကားနောက်ခန်းမှာထိုင်ရင်း အကျေနပ်ကြီး ကျေနပ် လို့ နေမိပါတယ်။

❀

ဦးရွှေညာတစ်ယောက် အတော်ခရီးရောက်နေပြီ။ ဝီစကီက တစ်ပုလင်းနီးပါးလောက်ရှိပြီ။ ဒေါ်ခင်မမအတွက် ခံစားရတာတွေ ကြောင့် မူးတာက ရက်ဆက်ဆိုသလို ဖြစ်နေပြီ။

'ခင်မမ အသည်းစား ဘုရင်မ မင်းကြောင့် ငါ ရူးပြီ'

ဝီစကီကိုသောက်လိုက် ပါးစပ်က မူးမူးနဲ့ ပြောလို့နေတာကို ဦးရွှေညာ သောက်နေတဲ့ စားပွဲဝိုင်းရဲ့ ဘေးစားပွဲဝိုင်းနှစ်ဝိုင်းမှာ တစ် ယောက်ချင်းစီ အရက်သောက်နေတဲ့ အရှောင်နဲ့ လူငယ်တစ်ဦးက သတိထားမိသွားပြီး ပြိုင်တူဆိုသလို ဦးရွှေညာရှိတဲ့ စားပွဲဝိုင်းဆီ ကူးလာပါတယ်။

'ဟော့… ဒီမှာ နီ စောစောကပြောတဲ့ ခင်မမဆိုတာ ဘီသူ လဲ၊ ဝရဲ့ခံစားချက်နဲ့ တိုက်ဆိုင်နေလို့'

'ဟုတ်တယ် အစ်ကိုကြီး၊ အစ်ကိုကြီး စောစောကပြောတဲ့ ခင်မမဆိုတာ ကျွန်တော့်မမများ ဖြစ်နေလားလို့'

အရှောင်နဲ့ လူငယ်က တစ်ယောက်ပြီးတစ်ယောက် မေးခွန်း တွေ မေးလိုက်သဖြင့် ဦးရွှေညာက…

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ မောင်ရင်တို့လည်း ကိုယ့်လို အသည်းကွဲနေတဲ့ ဘဝတူတွေလား၊ ရွှေညာဆိုတဲ့ ကိုယ် စာနာတယ်၊ လာ… အသည်းကွဲသူအချင်းချင်း ရင်ဘတ်ချင်း ချိတ်ဆက်ကြတာပေါ့'

ဦးရွှေညာရဲ့ ဖိတ်ခေါ်မှုကြောင့် အရှောင်ကော လူငယ်ပါ ဦးရွှေညာရဲ့ စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ပါတယ်။

'ဘာမှာမလဲမှာ၊ သောက်ရင်းနဲ့ ကိုယ့်ခံစားချက်တွေ ကိုယ် ရင်ဖွင့်ကြတာပေါ့'

ဦးရွှေညာက စားပွဲထိုးကိုခေါ်ပြီး ဝီစကီ တစ်ပုလင်း ထပ်မှာပါတယ်။ ပြီးတော့ သုံးယောက်သား ခွက်ကိုယ်စီကိုင်ကာ ကောင်းချီး ထောမနာပြုရင်း တစ်ပြိုင်နက်တည်း မော့ပါတော့တယ်။

'ဆိုစမ်းပါဦး၊ စောစောက ခင်ဗျားပြောတဲ့အထဲမှာ ခင်မမ ဆိုတာလေ'

ဦးရွှေညာက အရှောင့်ကိုမေးတော့…

'ခင်မမလား သိပ်လှတယ်၊ ယောကျ်ားမရှိတော့ဘူး၊ သူ့သား က ကုမ္ပဏီကလေ၊ အခု လူတစ်ယောက်နဲ့ တွဲနေတယ်၊ သူချစ်သူတဲ့၊ သူယူမယ်တဲ့၊ ဝမှာသာ သူကလှည့်စားတားခံရတာ၊ ဘုရားသွားရ၊ သူ့မွေးနေ့ ပန်းကပ်ပေးရနဲ့ ဒါ သက်သက် ဝရဲ့မေတ္တာကို လှည့်စား တာ'

'ဒီက အစ်ကိုကြီးပြောတာ ကျွန်တော့်ရဲ့မမနဲ့ တူနေသလိုပဲ၊ သူ့သားကလည်း ကုမ္ပဏီက သူ့မှာလည်း လက်ထပ်မယ့်သူ ချစ်သူ ရှိတယ်ဆိုပြီး ကျွန်တော့်ကို အပြတ်ပြောခဲ့တာ'

'ဘာ… ခင်ဗျားတို့ နှစ်ယောက် ပြောတာက ကျွန်နော်တော် တော်တူနေပြီ၊ ကဲ… ပြောစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် သုံးယောက်သား တစ်ယောက်အကြောင်းတစ်ယောက် ရင်ဖွင့်ရင်း နောက်ဆုံးတော့ အဖြစ်မှန်တွေကို အားလုံးသိကုန်ကြပါတယ်။

'ဒီလိုလား၊ တွေ့ကြပြီပေါ့ ခင်မမရယ်၊ မင်းနဲ့မင်းရဲ့ အဲဒီကျော်နေမင်းဆိုတဲ့လူ ဒီတစ်သက် မပေါင်းရအောင် ငါတို့သုံးယောက် လုပ်ပြမယ်'

ဦးရွှေညာ ကြိမ်းဝါးတာကို ကျွန်နှစ်ယောက်က ပြိုင်တူ ထောက်ခံရင်းမှ အရက်ခွက်တွေထဲ အရက်တွေထပ်ထည့်ပြီး သောက်ရင်းက တိုင်ပင်နေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

မင်းအတွက်

ကိုယ့်လျှာဖျားပေါ်ကနေ

မှသားစကားတွေဆိုခဲ့ရင်

ဘဝပေါင်းများစွာ

အချစ်အဏ်သင့်သူ ဖြစ်ပါစေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

သည်နေ့ ကရဝိတ်နန်းတော် ဟိုတယ်မှာ နိုင်ငံခြားက လာတဲ့ ဧည့်သည်တွေကို အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးတာ အောင်မြင်လို့ ကုမ္ပဏီက လူကြီးတွေနဲ့အတူ နေ့လည်စာကို လင်းခန့်တစ်ယောက် စားဖြစ်ခဲ့တယ်။

စင်္ကာပူက ကုမ္ပဏီဆိုတော့ လင်းခန့် ဟိုမှာ သင်တန်းသွားတက်နေတုန်းက သိတဲ့လူအချို့ ပါလာတော့ အလုပ်ကိစ္စ ဆွေးနွေးရတာတွေက လွယ်လွယ်ကူကူပဲ ဖြစ်သွားတယ်။

စားပြီးသောက်ပြီးတော့ လင်းခန့်က ကိစ္စတစ်ခုရှိတာနဲ့ ကုမ္ပဏီက လူကြီးတွေကော ဧည့်သည်တွေပါ နှုတ်ဆက်ပြီး ကားမောင်းထွက်လာခဲ့တယ်။

Fun စားသောက်ဆိုင်ရှေ့ရောက်တော့ မထင်မှတ်ဘဲ ဦးကျော်နေမင်းရဲ့ ကားရပ်ထားတာကို တွေ့ရတယ်။

လင်းခန့် ထင်လိုက်တာက သူ့မာမီ ဒေါ်ခင်မမတစ်ယောက် ဦးကျော်နေမင်းနဲ့ တစ်ခုခုလာစားသလားမသိဘူးဆိုပြီး စဉ်းစားရင်းက ကားကို မလှမ်းမကမ်းမှာ ရပ်လိုက်ပြီး သူ့မာမီနဲ့ ဦးကျော်နေမင်းတို့ကို ဝင်တွေ့ဦးမယ်လို့။

www.burmeseclassic.com

www.burmeseclassic.com



Fun စားသောက်ဆိုင်ထဲကို လင်းခန့်က ဝင်လာပြီး စားပွဲဝိုင်းတွေမှာ လိုက်ကြည့်ပေမယ့် သူ့မာမီ ဒေါ်ခင်မမကော ဦးကျော်နေမင်းကိုပါ မတွေ့ရပါဘူး။ ဒါနဲ့ မဟုတ်သေးပါဘူး။ တစ်ခုခုတော့ တစ်ခုခုပဲဆိုပြီး ရေစပ်နားက ဝိုင်းတွေကို လှမ်းကြည့်တော့မှ အံ့အားသင့်သွားသလို ဖြစ်ရပါတယ်။

ဦးကျော်နေမင်းက ချောချောကောင်မလေး ငါးယောက်နဲ့ စားနေသောက်နေလို့ပါ။ မျက်နှာကလည်း ပြုံးရည်ဆမ်းထားသလို ဖြစ်နေတဲ့ ပုံစံမျိုးနဲ့။

သူငယ်ချင်းတွေ ပြောတာ မှန်နေတာကို ဦးကျော်နေမင်းက ဂိုက်ကောင်းကောင်းနဲ့ ကာရာအိုကေဆိုင်မှာ သူနဲ့မြလေးယဉ်ကို ဆရာကြီးလုပ်သလိုမျိုး ပြောတာ အခုမြင်ကွင်းကို မြင်ရတဲ့အခါ လင်းခန့်တော်တော်ခံပြင်းသွားပါတယ်။ ဒီမြင်ကွင်းကို သူ့မာမီ ဒေါ်ခင်မမမြင်ကိုမြင်ရမယ်လို့။

ဒါဆိုရင် ဒေါ်ခင်မမ ပေါက်ကွဲပြီး ဦးကျော်နေမင်းရဲ့ ဇာတ်လမ်းတစ်ခန်းရပ်ပြီးလို့ စဉ်းစားရင်းက ဆိုင်ထဲကနေ ပြန်ထွက်လာပြီး ရပ်ထားတဲ့ ကားနားမှာ ဟမ်းဖုန်းကို ထုတ်ပြီး ဆက်လိုက်ပါတယ်။

'မာမီလား မာမီရဲ့ လူကြီး ဦးကျော်နေမင်းကို မာမီက လူရိုးကြီးလို့ ပြောတယ်လေ၊ အခု ရိုးသလား မရိုးသလား သိရအောင် မျှော်စင်ကျွန်းထဲက Fun စားသောက်ဆိုင်ကို သွားလိုက်၊ အဲဒီမှာ မာမီ့လူကြီး ဘယ်ကာရာအိုကေက ကောင်မလေးတွေကို ပင့်လာသလဲ မသိဘူး၊ ငါးယောက်တောင် ကျွေးမွေးနေလိုက်တာ၊ အခုချက်ချင်း မာမီ သွားကြည့်လိုက်'

ဟိုဘက်က ဖုန်းနားထောင်နေတဲ့ ဒေါ်ခင်မမက ဘာမှပြ

www.burmeseclassic.com

www.burmeseclassic.com



ပြောချိန်မရအောင် လင်းခန့်က ပြောပြီးတဲ့အခါ ဖုန်းကို ပိတ်ပြီး သွားစရာကိစ္စရှိတဲ့အတွက် အမြန်ထွက်လာခဲ့ပါတယ်။ ဦးကျော်နေမင်းနဲ့ ဒေါ်ခင်မမတို့ တွေ့လို့ ပြဿနာရှင်းကြလင်းကြ လုပ်ရင် သူပါရင် ကန့်လန့်ဖြစ်နေမှာစိုးလို့ ပြဿနာမရှင်းနိုင်ဘဲ ဖြစ်နေရင် ပွဲကပြီးပြီ။

ဘာတွေဆက်ဖြစ်မလဲ လင်းခန့် ကားမောင်းရင်း တွေးနေမိပါတယ်။

❀

သားဖြစ်တဲ့ လင်းခန့် ဖုန်းဆက်ပြီးလို့သာ လာရတာ။ ဒေါ်ခင်မမ သိပ်မယုံချင်ဘူး။ ဦးကျော်နေမင်း အနေနဲ့ ဒါမျိုးမလုပ်တတ်ဘူးဆိုတာ သူက ကောင်းကောင်း သိနေလို့ပါ။ ဒါနဲ့ ကားကို Fun စားသောက်ဆိုင်ရှေ့မှာ ရပ်ဖို့လုပ်တော့ ဒေါ်ခင်မမ ရင်နည်းနည်းထိတ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးကျော်နေမင်းရဲ့ကားကို တွေ့လိုက်ရလို့ပါ။ ဒေါ်ခင်မမက ဦးကျော်နေမင်းရဲ့ ကားဘေးနားမှာ သူမောင်းလာတဲ့ ကားကို ရပ်လိုက်တယ်။

လင်းခန့်ပြောတာ ဒီအတိုင်းဆို မှန်လို့ပဲဖြစ်ရမယ်။ သူ့ရှေ့မှာ အင်မတန်ရိုးသားတဲ့ ပုံစံမျိုး ဟန်ဆောင်တဲ့ ဦးကျော်နေမင်းတော့ သူ့အကြောင်း ကောင်းကောင်း သိပြီလို့။

ဒေါ်ခင်မမ ဘဝမှာ ဦးကျော်နေမင်းနဲ့တွေ့မှ ဘဝက ကြည်နူးပြီလို့ မှတ်နေတာ။ အခုတော့ လှည့်စားခံရပြီလို့ စိတ်ထဲမှာ တနုံ့နုံ့ တွေးရင်းက Fun စားသောက်ဆိုင်ထဲ ဝင်လာပါတယ်။

လင်းခန့် ဖုန်းထဲကပြောထားတဲ့အတိုင်း ရေစပ်နားက စားပွဲဝိုင်းရှိရာကို ဒေါ်ခင်မမက ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းရင်း

www.burmeseclassic.com

www.burmeseclassic.com



က လှမ်းကြည့်လိုက်တော့ စိတ်ထဲထောင်းခနဲဒေါသထွက်ရုံမက ပေါက်ကွဲထွက်ချင်စိတ်ကို မနည်းချုပ်တီးလိုက်ရပါတယ်။

ကြည့်ဦးလေ။ ဦးကျော်နေမင်းက ကောင်မလေးငါးယောက်ကို ဝိုင်းရံပြီး စားနေသောက်နေ ပျော်နေလိုက်တာဆိုတာ။ ကောင်မလေးတွေကလည်း လင်းခန့်ပြောတဲ့အတိုင်း ကာရာအိုကေကဟာတွေလို့ မပြောရဘူး ညှို့ဓာတ်အပြည့် ပုံစံမျိုးနဲ့ ဘယ်လောက်တောင် ဘာတွေညာတွေတောင်းဆိုလေမလဲ မသိ။

ဒေါ်ခင်မမက ဦးကျော်နေမင်း ရှိတဲ့ စားပွဲဝိုင်းနားရောက်လာတဲ့အခါ ဦးကျော်နေမင်းက လှမ်းမြင်လိုက်ပြီး အံ့အားသင့်သလိုဖြစ်ရင်းက ဒေါ်ခင်မမနားကို ထိုင်ရာမှ အလျင်အမြန် ထပြီး ရောက်လာပါတယ်။

'မခင်မမ ဘယ်လိုဖြစ်လို့ ဒီကိုရောက်လာတာလဲ'

'ဘာလဲ၊ ကျွန်မ ရောက်လာတာ ရှင် ဘယ်လိုမှ မထင်ထားလို့ သိပ်လန့်သွားပြီလား'

ဦးကျော်နေမင်းက ဒေါ်ခင်မမ စကားကို နားထောင်ရင်းက ရယ်လိုက်ပါတယ်။

'ကျွန်တော်က ဘာကိုလန့်ရမှာလဲ'

'ဘာ အခုမှ မသိချင်ယောင် ဆောင်နေရတာလဲ၊ ရှင်က တော်တော်ဟန်ဆောင်ကောင်းတာပဲ၊ ရှင့်ရဲ့ မာယာက တော်တော်ကျွမ်းတာပဲ'

ဒေါ်ခင်မမ စကားကြောင့် ဦးကျော်နေမင်း ခေါင်းနားသွားသလို ဖြစ်ရင်းက စဉ်းစားရကြပ်သွားပါတယ်။ ဒေါ်ခင်မမနဲ့ ဦးကျော်

www.burmeseclassic.com

www.burmeseclassic.com



နေမင်း စကားပြောတာကို စားပွဲဝိုင်းမှာ ရှိနေတဲ့ ကောင်မလေးတွေက စူးစမ်းသလို အကြည့်မျိုးနဲ့ ကြည့်နေပါတယ်။

'မခင်မမ ဘာတွေလဲဗျာ'

'ဘာတွေရမလဲ၊ ဟောဟိုက ဟာတွေလေ၊ ကာရာအိုကေက ကောင်မလေး ငါးယောက်ကို ရှင်က ချူဆီထည့်ပြီး သိမ်းသွင်းနေတာ မဟုတ်လား၊ ကျွန်မ ရှင်နဲ့ရှင့်သူငယ်ချင်းတွေ ကာရာအိုကေတို့ ဘာတို့ သွားတာ မယုံဘူး၊ အခုမှပဲ လက်တွေ့ယုံတော့တယ်၊ ရှင် တော်တော် ဝိရိပါလား'

'ဟား… ဟား… ဟား… သြော်… ဒါကြောင့် မခင်မမ က ဒေါသတွေ ဒီလောက်ဖြစ်ပြီး တစ်ခါဖူးမှ ကျွန်တော့်ကို ရန်မတွေ့ ဖူးတာ အခုမှ ရန်လာတွေ့တာကိုး'

ဦးကျော်နေမင်းက ဒေါ်ခင်မမကို မကြည့်ပြီး ဟက်ဟက် ပက်ပက် ရယ်လိုက်ပါတယ်။

'ဘာ အခုမှ ရှင်က မုသားသုံးပြီး လိမ်ဦးမလို့လဲ'

'မလိမ်ပါဘူးဗျာ၊ အဲဒီ ကောင်မလေး ငါးယောက်က ကာရာ အိုကေဆိုင်က မဟုတ်ပါဘူးဗျာ၊ သူတို့က ဘွဲ့ရပြီး ရိုးရိုးသားသား မိဘကို လုပ်ကျွေးနေတဲ့ ကုမ္ပဏီက အရောင်းကိုယ်စားလှယ်တွေပါ၊ သူတို့ရဲ့ ဈေးကွက်မြှင့်တင်ရေးအပိုင်းမှာ အောင်မြင်လို့ ကျွန်တော်က ဝုဏ်ပြုတဲ့အနေနဲ့ ဒီမှာ လာကျွေးတာပါ၊ အင်းပေါ့လေ၊ ဒါကိုမြင်တဲ့ သူတလည်း တစ်မျိုးထင်မှာပေါ့၊ မဟုတ်မှသာလွဲမယ်၊ လင်းခန့် မြင်သွားလို့ပဲ ဖြစ်ရမယ်'

ဦးကျော်နေမင်းက စကားပြောနေရင်းကနေ မြူးလိုက်တယ် ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကျော်နေမင်း ရှင် ကျွန်မကို ညာနေတာ မဟုတ်လား၊ ကျွန်မ မယုံဘူးနော်'

ဒေါ်ခင်မမက မယုံတစ်ဝက် ယုံတစ်ဝက် ပုံစံမျိုးဖြစ်ရင်းက ကောင်မလေးတွေရှိတဲ့ နေရာကို ကြည့်လိုက်ပါတယ်။

'ကဲပါ လာ၊ ကျွန်တော်ပြောတာ ဟုတ်လား မဟုတ်လား၊ သူတို့နဲ့ မိတ်ဆက်ပေးမယ် လာ'

'အို မလာချင်ပါဘူး၊ ဟုတ်နေရင် ဘယ်လိုလုပ်မလဲ'

'မဟုတ်ရပါဘူးဗျာ၊ လာ…'

ဦးကျော်နေမင်းက ဒေါ်ခင်မမရဲ့လက်ကိုဆွဲပြီး ကောင်မလေးတွေရှိတဲ့နေရာကို ခေါ်လာပါတယ်။

'ကဲ… သမီးတို့ သမီးတို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဒေါ်ခင်မမတဲ့၊ ဦးနဲ့ မကြာခင် လက်ထပ်မယ့် ဦးရဲ့ဇနီးလောင်းပဲ'

'ဟယ်… ဦးရဲ့ဇနီးလောင်းက ချောလိုက်တာ၊ မော်ဒယ်လုပ်လို့ရတယ်၊ မင်းသမီးလုပ်လို့ကတော့ အခုရှိနေတဲ့ မင်းသမီးတွေ ငိုရမယ်'

ရှက်သလို ရွံ့သလို ဖြစ်နေတဲ့ ဒေါ်ခင်မမတစ်ယောက် ကောင်မလေးတစ်ယောက်ရဲ့ စကားကြောင့် ကျေနပ်သလိုဖြစ်သွားပါတယ်။

'မမ ဒီမှာလာထိုင်'

ခပ်သွက်သွက် ကောင်မလေးတစ်ဦးက ဒေါ်ခင်မမကို အတင်းလက်ဆွဲပြီး ဦးကျော်နေမင်းထိုင်တဲ့ခုံဘေးနားမှာ ဝင်ထိုင်စေ ပါတယ်။

'ဦးက သမီးတို့ကို ဂုဏ်ပြုပြီး ဘယ်ဟိုတယ်မှာ စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပြောပါတယ်၊ သမီးတို့က ဦးအကုန်အကျများမှာစိုးလို့ ဒီမှာပဲ လိုက်ကျွေးနိုင်းတာ၊ အခုတော့ ဦးမင်္ဂလာဆောင်ဖို့ ပိုက်ဆံတွေ မလျှော့တော့ဘူးပေါ့'

'သမီး အဲဒီလိုမပြောနဲ့၊ ဟိုမှာ မခင်မမ ရှက်သွားဦးမယ်'

ခပ်သွက်သွက် ကောင်မလေးရဲ့ စကားကို ဒေါ်ခင်မမ ရှက်မှာစိုးလို့ ဦးကျော်နေမင်းက ဟန့်တားလိုက်ပါတယ်။ ဒါပေမဲ့ ဒေါ်ခင်မမကတော့ ကျေနပ်ပြီး ကျေနပ်ရင်းမှ သားဖြစ်သူ လင်းခန့်ဘယ်လို စိတ်ကူးပေါက်ပြီး ဘာလို့ဒီလိုမျိုး လုပ်ရလေသလဲလို့ မစဉ်းစားတတ်အောင် ဖြစ်နေပါတော့တယ်။

❀

'ဒီနေ့ ကိစ္စကို မာမီလုံးဝမကျေနပ်ဘူး၊ ဘယ်နှယ် သူများကို စွပ်စွပ်စွဲစွဲနဲ့ မာမီ မှားတော့မလို့'

ဒေါ်ခင်မမက လင်းခန့် ကုမ္ပဏီကနေ ပြန်ရောက်လာပြီး ညစာစားနေတုန်း အချိန်မှာ နေ့လည်ကကိစ္စနှင့်ပတ်သက်ပြီး လင်းခန့်က ဘာမှမပြောခင် ဦးအောင်ပြောလိုက်ပါတယ်။

'ဘယ်ကသာ စွပ်စွပ်စွဲစွဲရမှာလဲ၊ သားက မျက်စိနဲ့တပ်အပ်မြင်လို့ မာမီ့ကို အသိပေးတာ'

'သား အသိပေးတာက တလွဲတွေလေ၊ ဟိုမှာ ကိုကျော်နေမင်းက သူ့ကုမ္ပဏီက ကောင်မလေးတွေ အရောင်းမြင့်တင်လို့ ကောင်မြင်တာလိုက်ကျွေးခဲ့တာ၊ မာမီ့ကိုတောင် အားလုံးနဲ့ မိတ်ဆက်ပေးတာ၊ မာမီလည်း ပထမတော့ သားပြောတဲ့အတိုင်း မြင်ရလို့ စွတ်တင်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်နေမင်းက ဒေါ်သမဖြစ်တဲ့အပြင် မာမီ့ကို အဖြစ်မှန်တွေ အေးအေးဆေးဆေး ရှင်းပြတာ'

လင်းခန့် နည်းနည်းတော့ သူ့မာမီကို စိတ်တိုချင်သလို ဖြစ်သွားပါတယ်။

ဘယ်နှယ် သားဖြစ်သူက အမေတစ်ယောက်ကို စိုးရိမ်လို့ သတိပေးတာ အမေလုပ်သူက သားကို ပြန်ပြီးအပြစ်တင်စကား ဆိုနေလို့ပါ။

'မာမီရာ ဒီလူကြီးက talking သိပ်ကောင်းတာနော်၊ သူ့ရဲ့ လှည့်ကွက်အောက်မှာ မာမီ သက်ဆင်းသွားတာပဲလို့ သား ထင်တယ်၊ မာမီ စဉ်းစားကြည့်၊ ကာရာအိုကေက ကောင်မလေးတွေက ဒီလောက် မူယာမာယာများတာ၊ ဦးကျော်နေမင်းရဲ့ စကားအသွားအလာကို ကြည့်ပြီး သူတို့က အလိုက်သင့်မပြောဘူးလို့ မာမီ ပြောနိုင်လား'

'ဒါတော့ မပူနဲ့ သားရေ၊ မာမီ ကိုယ်တိုင် အဲဒီကောင်မလေးတွေနဲ့အတူတူ ကိုကျော်နေမင်းရဲ့ ကုမ္ပဏီကို ရောက်သွားတယ်၊ သူတို့ တပည့်နဲ့ သူတို့ ဟုတ်နေတာပဲ'

'ဒါဆို ဦးကျော်နေမင်းက သူနဲ့ သူ့သူငယ်ချင်းတွေ ကာရာအိုကေသွားတဲ့ ကိစ္စတွေ ကလပ်သွားတဲ့ ကိစ္စတွေ ဘာပြောသေးလဲ'

လင်းခန့်က သူပြောသမျှ သူ့မာမီက ရှေ့နေတစ်ဦးလို တစ်ချက်ချင်း ပြန်လည်ချေပနေလို့ မေးလိုက်ပါတယ်။

'ပြောတာပေါ့ သားရယ်၊ ကိုကျော်နေမင်းက သူရယ်၊ သူ့သူငယ်ချင်းတွေ ဘာဖြစ်လို့ ကာရာအိုကေတွေ ကလပ်တွေ သွားရသလဲဆိုတာ တစ်နေ့ကျရင်တော့ ရှင်းပြမယ်တဲ့၊ မာမီတော့ သူ့ကို ယုံတယ်'

www.burmeseclassic.com

www.burmeseclassic.com



‘ယုံပါ၊ ကျွန်တော်ကလည်း တစ်နေ့ လက်ပူးလက်ကြပ် မာမီကို လက်ခွဲပြီး ပြမယ်ဆိုတာ အမှန်တရား ဘာလဲလို့ မာမီ သိလာရမယ်’

လင်းခန့်က ထမင်းစား စားပွဲကနေ ထသွားတာကို ကြည့်ပြီး ဒေါ်ခင်မမ ပြုံးနေမိပါတယ်။

အမေကိုချစ်တဲ့ သားတစ်ယောက်အနေနဲ့ ဒီလောက်တော့ စိန်ခေါ်ခွင့် တားမြစ်ခွင့် အမှန်တရားအတွက် သက်သေပြခွင့်ရှိတာ ပေါ့လေ။

မြလေးယဉ်တစ်ယောက် လင်းခန့်ပြောတဲ့ အကြောင်းအရာတွေကို နားထောင်ပြီး ဘာဆက်လုပ်ရင်ကောင်းမလဲလို့ တွေးနေမိတာ စားပွဲဝိုင်းမှာ ချထားတဲ့ အအေးခွက်ကိုတောင် မသောက်အားပါ။

‘ဒါပဲ မြလေးရယ်၊ သားဖြစ်တဲ့ စကားက မအေဖြစ်တဲ့ သူကို မအောင်တော့ဘဲ ဦးကျော်နေမင်းရဲ့ စကားတွေက အောင်နေတော့ ခက်တယ်၊ မာမီက ဒီဦးကျော်နေမင်း ပြောသမျှကို အကြွင်းမဲ့ ယုံကြည်နေတာ ဆိုးတယ်’

‘အဖြစ်မှန်ဆိုတာ ဖုံးကွယ်လို့ မရပါဘူး ကိုရယ်၊ တစ်နေ့တော့ ပေါ်လာမှာပါ၊ ကဲ… အအေးသောက်လိုက်ပါဦး’

လင်းခန့်လည်း သက်ပြင်းကို မှုတ်ထုတ်လိုက်ရင်းမှ အအေးခွက်ကို ယူပြီး သောက်လိုက်ပါတယ်။ ပြီးတော့ စားပွဲဝိုင်းမှာ ပြန်ချထားလိုက်တယ်။

‘တကယ် ခံရခက်တာ မြလေးရယ်၊ တစ်ခါက ကာရာအိုကေ

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ပူးလက်ကြပ်မိတုန်းကလည်း ကိုယ်နဲ့မြလေးကို သူက ခပ်တည်တည်ပဲ ငြင်းခဲ့တယ်၊ ဟော အခုတစ်ခါကျပြန်တော့လည်း ကိုယ့်မှာမီ အလိုမ့်ခံရတယ်၊ နောက်ထပ် ဒီလူ ဘာဝွင်တွေ ထပ်ဆင်ပြီး ဘယ်လိုလှည့်စားဦးမလဲ မသိဘူး၊ ဒီတစ်ခါတော့ ထိထိရောက်ရောက်ကို အပြတ်ရှင်းရမယ်'

'ကို ပြောတဲ့အတိုင်းဆို မြလေးတို့ ဦးကျော်နေမင်းကို အရင်ကထက် ဂရုစိုက် စောင့်ကြည့်ဖို့ အထူးအရေးကြီးလာပြီ၊ သူ့ကိုမျက်ခြေအပြတ်ခံလို့ မရတော့ဘူး၊ ကိုယ်ရဲ့ သူငယ်ချင်းတွေကိုလည်း အဲဒီလူကြီး အကြောင်းတွေ ထပ်စုံစမ်းခိုင်းဦး၊ ဒီလို ပူးပေါင်းမှရမှာ'

မြလေးယဉ် စကားကို နားထောင်နေတဲ့ လင်းခန့်က ဘာမှ မပြောတော့ဘဲ ဟမ်းဖုန်းဖွင့်ပြီး သူငယ်ချင်းတွေကို ဖုန်းဆက်ပြောရင်းက အကြောင်းထူးရင် သူ့ဆီဖုန်းဆက်ဖို့ ညွှန်ကြားနေပါတော့တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

မင်းကိုမြတ်နိုးမိမှ

ကိုယ်နဲ့မင်းရဲ့ ဖြစ်အင်တွေက

ရုပ်ရှင်၊ ဗွီဒီယိုဇာတ်ဝင်ခန်းတွေ

ဖြစ်ကုန်ပါရောလား...

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ပန်းချီဂယ်လာရီထဲမှာ ဦးကျော်နေမင်းနှင့် ဒေါ်ခင်မမတို့နှစ်ယောက် ပန်းချီကားတွေ တစ်ကားပြီးတစ်ကား ကြည့်နေရင်းက ဒေါ်ခင်မမကို ဦးကျော်နေမင်းက ပန်းချီရဲ့ သဘောတရားတွေ သူသိသမျှ ရှင်းပြနေပါတယ်။

ဒီနေ့ ပန်းချီပြခန်းကိုရောက်လာရတာကလည်း နိုင်ငံခြားသားအသိမိတ်ဆွေတစ်ဦးကို ပန်းချီကားလက်ဆောင်ပေးဖို့ ရှိလို့ ဦးကျော်နေမင်းက ဒေါ်ခင်မမလည်း ပန်းချီပြခန်းမရောက်ဖူးဘူးပြောတာနဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုပြီး ခေါ်လာခဲ့တာ။

'ကိုကျော်နေမင်း ဒီပန်းချီကား မဆိုးဘူး၊ ညွှေခန်းမှာ ကျက်သရေရှိရှိ ချိတ်ဆွဲလို့ ကောင်းမယ်၊ ကိန္နရီ ကိန္နရာရဲ့ ချစ်ခြင်းမေတ္တာကို လှလှပပဖော်ကျူးထားတာ အရောင်တွေက ငြိမ်တယ်'

'အံမယ် တယ်ဟုတ်နေပါလား၊ ကောင်းပါပြီဗျာ၊ ဒီပန်းချီကားကိုပဲ ဝယ်ပါ့မယ်၊ မခင်မမ ကြိုက်ပြီဆိုတော့ ကျွန်တော်လည်း ကြိုက်ရမှာပေါ့'

'ဟွန်း… ဒီကအကောင်းပြောတာကို'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မမက မျက်စောင်းထိုးလိုက်ပါတယ်။ ဒီမျက်စောင်းကို ဦးကျော်နေမင်း ကောင်းကောင်းသိတာပေါ့။ ကျေနပ်လို့ ထိုးတဲ့မျက်စောင်းမို့ပါ။

'ကဲ… လာပါ၊ ဒီပြခန်း မန်နေဂျာဆီ သွားရအောင်၊ ပန်းချီကားဖိုး ပိုက်ဆံပေးရမှာ'

ဦးကျော်နေမင်းက ဒေါ်ခင်မမကို ပြခန်းမန်နေဂျာရှိတဲ့အခန်းကို ခေါ်သွားပါတယ်။ ဒေါ်ခင်မမကလည်း လိုက်ပါလို့ပေါ့။

❀

'ဟိုလူရဲ့ကားတော့ တွေ့တယ်၊ ခင်မမနဲ့ သူ့လူ ဒီပန်းချီပြခန်းထဲမှာရှိမယ်'

ပန်းချီပြခန်းရှေ့မှာ ရပ်ထားတဲ့ ဦးကျော်နေမင်းရဲ့ ကားကိုကြည့်ပြီး ဦးရွှေညာက အရှောင်နဲ့ လူငယ်လေးကို ပြောလိုက်ပါတယ်။

'အားပါး မလွှဲဖူး ဗူတို့ သွားတဲ့နောက်တွေ နောက်ယောင်ခံလိုက်ရတာ ပင်ပန်းတယ်'

'ကျွန်တော်လည်း ဒီအတိုင်းပဲ၊ မမကိုချစ်လို့သာ အလုပ်ပျက်တယ်'

လူငယ်လေးက အရှောင်ရဲ့စကားအဆုံး ညည်းလိုက်ပါတယ်။

'တို့ကတော့ သူတို့ချစ်ခြင်းကိုခွဲဖို့ သူတို့နောက်ကို နောက်ယောင်ခံလိုက်ရ၊ ဒင်းတို့ နှစ်ယောက်ကတော့ စားလိုက်သောက်လိုက်နဲ့ တယ်ဟုတ်နေတာ'

'ဟော့ ကိုရွှေညာ စီဗျား စီကား အသာထား၊ သူတို့ပြခန်းထဲမှာရှိနိုင်တယ်ဆိုတော့ လာ ကျုပ်တို့ သွားကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေညာက ပန်းချီပြခန်းထဲ လှမ်းကြည့်ရင်းမှ…

'နေဦး သွားတယ်ဆိုတာ ဒီအတိုင်း သွားရင် မကောင်းဘူး၊ နည်းနည်း ရဲဆေးတင်ရအောင် ဒါမှ ဒင်းတို့နှစ်ယောက်နဲ့ တွေ့မှ အာသွက်လျှာသွက် ပြောနိုင်မှာ၊ လာ… ကားထဲမှာ ပုလင်းပါတယ်'

'ကောင်းတယ်၊ နည်းနည်းလေး ရင်ထဲမှာ ပူသွားမှ ဒင်းတို့ကို ကောင်းကောင်း ပညာပေးနိုင်မှာ'

အဲဒီနောက်လမ်းတစ်ဖက်မှာ ရပ်ထားတဲ့ ဦးရွှေညာ ကားရှိရာကို သုံးယောက်သား သွားကြပါတယ်။ ဦးရွှေညာက ကားထဲက အရက်ပုလင်းကိုထုတ်ပြီး ခွက်တောင်မပါတော့ဘဲ ပုလင်းလိုက် မော့ နိုင်းပါတယ်။

သုံးယောက်သား ရေမပါဘဲနဲ့ မျက်နှာကို အသီးသီး ရှုံ့မဲ့ပြီး တစ်လှည့်စီ သောက်လို့အပြီးမှာပဲ လူငယ်လေးက ပန်းချီပြခန်းရှေ့ကို ကြည့်ရင်း…

'ဟိုမှာ… ဟိုမှာ တွေ့လား'

ဦးရွှေညာနဲ့ အရှောင်တို့က လူငယ်လေး လက်ညှိုးညွှန်ရာကို ကြည့်လိုက်တော့ ပန်းချီပြခန်းထဲကနေ ဦးကျော်နေမင်းက ပန်းချီ ကားကို လက်တစ်ဖက်ကကိုင် ကျန်လက်တစ်ဖက်က ဒေါ်ခင်မမရဲ့ လက်ကိုကိုင်ပြီး ထွက်လာလို့ပါ။

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလို့ပျော်လို့ ဖြစ်နေရင်းက ကားတံခါးဖွင့် ပန်းချီကားကို ကား နောက်ခန်းထဲမှာထည့်ပြီး ဒေါ်ခင်မမက ကားမောင်းတဲ့ ဦးကျော်နေမင်း ရဲ့ ဘေးနားကနေ ထိုင်ပြီး ပါသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'နာလိုက်တာ၊ အဲဒါ နင့်ကြောင့်၊ နင် ဒီအရက်ကို သောက်မယ် ရဲဆေးတင်မယ်ပြောလို့ ဖြစ်ရတာ'

အရှောင်က မကျေနပ်တဲ့လေသံနဲ့ ဦးရွှေညာကို ပေါက်ကွဲပါတော့တယ်။

'ဒါကတော့ ဘယ်တတ်နိုင်မလဲ၊ သူတို့နှစ်ယောက်က ထွက်လာတာကိုး၊ နည်းနည်းလေး စောသွားလို့ပေါ့ဗျာ၊ နို့မို့ဆို ရွှေညာတို့အကြောင်း ကောင်းကောင်းသိရမှာ'

'သိတာ မသိတာ ကိစ္စမရှိဘူး၊ ကျွန်တော့်မမကို ဒီလူနဲ့ လက်ချင်းချိတ်တွဲထွက်လာတာမျိုး ကျွန်တော် မမြင်ချင်ဘူး၊ ကျွန်တော် အသည်းနာတယ်'

ဦးရွှေညာက လက်ထဲမှာ ကိုင်ထားတဲ့ အရက်ပုလင်းကို ကြည့်လိုက်ပြီး…

'ဟောဒီ လက်ကျန်ပုလင်းထဲက ဟာကို ဆက်ဖြိုမှာလား၊ ဆက်ဖြိုရင်းနဲ့ ငါတို့ဘာတွေထပ်လုပ်ရင်ကောင်းမလဲဆိုတာ ရီဝေဝေနဲ့ စဉ်းစားမယ်၊ ပြီးရင် ဆိုင်တစ်ဆိုင် ကူးမယ်၊ ဘယ်လိုလဲ'

'အီခုမှတော့ နင်သိဘောပေါ့လေ'

အရှောင်က တစ်စုံတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသလို ခံစားချက်မျိုးနဲ့ မချိတင်ကဲ ပြောလိုက်ရင်းက ဦးရွှေညာလက်ထဲက ပုလင်းကို ယူလိုက်ပြီး မော့ချလိုက်ပါတော့တယ်။

❁

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်တို့ သူငယ်ချင်းသုံးယောက် ကားထဲကနေ ရှေ့တည့်တည့်မှာရှိတဲ့ အလှပြင်ဆိုင်ခန်းကို မျက်တောင်မခတ်ဘဲ ကြည့်နေကြတယ်။ မကြည့်လို့က ဘယ်ဖြစ်မလဲ။ ဒီလိုလက်ဆုပ်လက်ကိုင် သက်သေပြနိုင်ဖို့ အလုပ်ပျက် အကိုင်ပျက်နဲ့ စုံစမ်းရတာ ဘယ်နှစ်ရက်ရှိပြီလဲလို့။

ဦးကျော်နေမင်း တစ်ယောက် သွားတတ်လာတတ်တဲ့ နေရာတွေကို သူငယ်ချင်းတွေနဲ့ လှုစုခွဲပြီး ဘာလုပ်လဲ ဘာကိုင်လဲ စုံစမ်းတာ နောက်ဆုံးတော့ ဘယ်ရမလဲ။ သူဘာလုပ်တယ်ဆိုတာ ဒီနေ့တော့ အဖြေပေါ်ပြီလို့။

အလှပြင်ဆိုင်ထဲကို ဦးကျော်နေမင်းနဲ့ သူ့ရဲ့သူငယ်ချင်းဖြစ်ဟန်တူတဲ့ ခေါင်းဖြူဖြူနဲ့ လူတစ်ယောက်က အဲဒီအလှပြင်ဆိုင်ထဲ ဝင်သွားတာ နေ့ခင်းကြောင်တောင်ချည်း ရိုးမှမရိုးတာ။

အဲဒီအလှပြင်ဆိုင်က အလှပြင်ဆိုင်လို့သာပြောပေမယ့် အလှပြင်တာ ဆံပင်ညှပ်တာက ဒီလောက်မဟုတ်ဘဲ အနှိပ်ခန်းလို့ နာမည်ကြီးနေတာ။ အခုလည်း ဦးကျော်နေမင်းနဲ့ သူ့သူငယ်ချင်း တော်တော်အကြာတက်နေပုံရတယ်။ နေ့ခင်းကြောင်တောင် ဖြစ်နေတာတောင် တော်တော်ကြာနေပါလားလို့။

ဒီမြင်ကွင်းကို လင်းခန့်က သူ့မာမီ ဒေါ်ခင်မမကို ပြလိုက်ရင်တော့ ပွဲသိမ်းပြီ။

'လင်းခန့် ဘာဆက်လုပ်မလဲ'

ခင်မောင်အေးက တစ်ခုခုကိုစဉ်းစားနေသလို ရှိတဲ့ လင်းခန့်ကို မေးပါတယ်။ လင်းခန့်က ဘေးနားမှာရှိတဲ့ ဇော်မြင့်ဦးကို ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဇော်မြင့်ဦး မင်းမှာ ကင်မရာပါတယ် မဟုတ်လား'

'ပါတယ်လေ၊ ဘာလုပ်မလို့လဲ'

'ဘာလုပ်ရမှာလဲ၊ ဦးကျော်နေမင်းနဲ့ သူ့သူငယ်ချင်း အနှိပ်ခန်း ဝင်နေမတာကို ဓာတ်ပုံရိုက်မယ်ကွာ'

ဇော်မြင့်ဦးက လင်းခန့်စကားကြောင့် စိုးရိမ်သလို အမူအရာ နှင့်...

'ဟာ... လင်းခန့်ရာ ပေါ်တင်ကြီး ဓာတ်ပုံသွားရိုက်လို့ရှိရင် ပြဿနာတွေ တက်ကုန်မှာပေ့ါ၊ မင်းကလည်း ငါက သူတို့ဘယ် အခန်းမှာ အနှိပ်ခံသလဲဆိုတာ တစ်ခန်းချင်း ဧည့်စာရင်းစစ်သလို လုပ်လို့ ရတာမှ မဟုတ်တာ၊ တခြားနည်း စဉ်းစားပါဦး'

ဇော်မြင့်ဦး စကားကြောင့် လင်းခန့်က ဘာဆက်လုပ်ရမလဲ စဉ်းစားရကြပ်သွားပါတယ်။ ခင်မောင်အေးက ဘာအကြံရသွားသလဲ မသိ။ လက်ဖျောက်တစ်ချက်တီးလိုက်ပါတယ်။

'လင်းခန့် ငါ အကြံရပြီ၊ ဦးကျော်နေမင်းက ငါ့ကို မမှတ်မိ ဘူး၊ ငါအရင် ဒီအလှပြင်ဆိုင်ထဲ ဝင်ပြီး အခြေအနေကို အကဲခတ် မယ်၊ နောက်ပြီးမှ ဘာဆက်လုပ်ရမလဲ ငါလာပြောမယ်'

'ဒါဆို မင်း အဲဒီအလှပြင်ဆိုင်ထဲသွား အခြေအနေကို လာ ပြန်ပြော'

'အိုကေ'

ခင်မောင်အေးက ခပ်သွက်သွက်ပဲ ကားပေါ်ကနေ ဆင်းပြီး အလှပြင်ဆိုင်ထဲကို ဝင်သွားပါတယ်။ ဘာအခြေအနေထူးမလဲဆိုတာ လင်းခန့်တို့က ကားထဲကနေ အကဲခပ်လို့နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'လင်းခန့် ဟိုမှာထွက်လာတာ ဦးကျော်နေမင်းနဲ့ သူ့ဘော်ဒါ မဟုတ်လား၊ အဲဒါ အဲဒီလူကြီးက ဝင်သွားတုန်းက ဆံပင်တွေကဖွာ နေတာ၊ ဟော... အခုထွက်လာတော့ ဆံပင်တွေက မည်းနေပါလား'

အလှပြင်ဆိုင်ထဲကနေ ထွက်လာတဲ့ ဦးကျော်နေမင်းနဲ့ သူ့ အဖော်ကိုကြည့်ပြီး ဇော်မြင့်ဦးက အံ့အားတသင့် ပြောလိုက်ပါတယ်။

'ဒါဆို ခင်မောင်အေးက ဘာလုပ်နေတာလဲ'

လင်းခန့်က ဇော်မြင့်ဦး စကားအဆုံး အလှပြင်ဆိုင်ဘက်ကို ကြည့်လိုက်တဲ့အချိန်မှာ ဦးကျော်နေမင်းက ကားမောင်းထွက်သွားပြီး ခင်မောင်အေးက အလှပြင်ဆိုင်ထဲကနေ ဒရောသောပါး ပြေးထွက် လာပါတယ်။

'ဘယ်လိုတွေ ဖြစ်ကုန်လဲတော့ မသိဘူးဟေ့၊ ဦးကျော်နေ မင်းက အနှိပ်ခန်းဝင်တာ မဟုတ်ဘူး၊ သူ့သူငယ်ချင်းက ဆံပင်ဖြူ ဆေးဆိုးနေတာကို သူက Time မဂ္ဂဇင်းဖတ်ပြီး ထိုင်စောင့်နေတာ မဟုတ်မှသာလွဲရော ငါ့ကိုမှတ်မိလို့ ဒီဘဲကြီးတွေ ဂွင်ဆင်တာလား မသိဘူး၊ ငါလည်း အနှိပ်ခန်းမှာ အသိရှာမယ် ဘာညာနဲ့ လျှောက် လုပ်ရတာ'

'ဒါဆို မင်းကင်မရာကို အသုံးမချရဘူးပေါ့'

ဇော်မြင့်ဦးက ခင်မောင်အေး လက်ထဲက ကင်မရာကို လှမ်း ယူလိုက်ပါတယ်။

'အေးကွာ၊ ဒီတစ်ကွက်တော့ ဒီဘဲကြီးနှစ်ယောက် နိုင်သွား တယ်၊ တွေ့ကြဦးမှာပေါ့ကွာ၊ ဒင်းတို့တွေ ဘယ်လောက်ဟန်ဆောင် နိုင်မလဲလို့'

www.burmeseclassic.com

www.burmeseclassic.com



လင်းခန့်က မကျေနပ်တဲ့ ပုံစံနဲ့ ကားဟွန်းကို အဆက်မပြတ် တီးရင်းက မောင်းထွက်ခဲ့ပါတယ်။

သေချာတာက ဒီအကြောင်းကို မြလေးယဉ်ကော သူ့မာမီ ဒေါ်ခင်မမကိုပါ ပြောလို့မဖြစ်သေးဘူးလို့။

ကိုယ်လုပ်တဲ့ကိစ္စက မအောင်မြင်ဘူးလေ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတွေကနေ

အဖြေမှန်ဆိုတာ

ပေါ်လာတတ်စမြဲပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

ကာရာအိုကေဆိုင်ရှေ့ကို ကားထိုးရပ်လိုက်တယ် ဆိုရင်ပဲ ကားနောက်ခန်းကနေ ဦးအောင်သျှ၊ ဦးဇေယျာနဲ့ ဦးစန်းမွန်တို့က ခပ်သွက်သွက်တံခါးဖွင့်ပြီး ဆင်းလိုက်ပါတယ်။ ပတ်ဝန်းကျင်ကို လည်း အကဲခတ်လိုက်ပါသေးရဲ့။ ခိုးစားတာကို လူသိမခံချင်တဲ့ ပုံစံ မျိုးနဲ့ပါ။

'ကျော်နေမင်း ငါတို့တော့ အရင်ဝင်မယ်၊ တော်ကြာ အခန်း မရလို့ ထိုင်စောင့်ရရင် အချိန်တွေက နှမြောစရာကောင်းတယ်'

'စန်းမွန်ပြောတာ ဟုတ်တယ်၊ ရတဲ့အချိန်လေးများ အကျိုးရှိ အောင် အသုံးချရမှာ'

ဦးဇေယျာက ဦးစန်းမွန်စကားကို ထောက်ခံပြောဆိုရင်း ဆိုင် ထဲကို တက်တက်ကြွကြွ ဝင်သွားပါတယ်။

'ဒီကောင်တွေ ဒီနေရာမှာ တက်ကြွတာမျိုးတွေ သူတို့အိမ်က Lady ကြီးတွေ တွေ့လို့ကတော့ကွာ ပွဲပြီးပြီ'

'လျှောက်ပြောမနေနဲ့ အောင်သျှရာ၊ မင်းလည်း ဘာထူးလဲ၊ သွားမှာသာ သွားစမ်းပါ၊ ငါ့မှာ မအားတဲ့ကြားထဲက မင်းတို့တွေက အတင်းဂျီတိုက်တာ တော်တော်ဆိုးတဲ့ကောင်တွေ'

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်နေမင်းက ဦးအောင်သျှံကို ရယ်မောကာ ပြောဆိုရင်းမှ ကားတံခါးကို ပိတ်လိုက်ပါတယ်။

ဦးအောင်သျှံက ရယ်ကျဲကျဲ မျက်နှာပေးပုံစံနဲ့ ကာရာအိုကေဆိုင်ထဲ ဝင်သွားပါတယ်။

ဦးကျော်နေမင်းက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ကာရာအိုကေဆိုင်ထဲ မသွားခင် ဆေးလိပ်တစ်လိပ်ကို ထုတ်သောက်နေပါတယ်။ ဆေးလိပ်တစ်ဝက်လောက်ကျိုးမှ ဆေးလိပ်ကို လွှင့်ပစ်ပြီး ကာရာအိုကေဆိုင်ထဲ ဝင်လိုက်ပါတယ်။

❀

'ဒီတစ်ခါတော့ ပွဲသိမ်းပြီ မြလေးရေ့၊ ဒင်းကို နောက်ယောင်ခံလိုက်တာ ဘာတတ်နိုင်သေးလဲ၊ ကြောင်ဟာ ကြာကြာရေမငုပ်ပါဘူး'

ဦးကျော်နေမင်းတို့ အဖွဲ့ ဆိုင်ထဲဝင်သွားတာကို ကာရာအိုကေဆိုင်နှင့် မျက်နှာချင်းဆိုင်မှာ ကားရပ်ထားရင်းက ကားထဲကနေ မသိမသာ အကဲခပ်နေတဲ့ လင်းခန့်က သူ့ဘေးမှာရှိတဲ့ မြလေးယဉ်ကို ပြောလိုက်ပါတယ်။

'မြလေး ထင်တော့ထင်သား၊ ကို့ရဲ့ သူငယ်ချင်းတွေက ဒီဆိုင်ကို ဒီအချိန်မျိုး လာတာ ငါးရက်လောက်ရှိပြီလို့၊ သတင်းတွေ တော့ သေချာပြီလို့ ဒီတော့ ကို ဘာဆက်လုပ်မလဲ'

'ဘာလုပ်ရမှာလဲ မာမီ့ဆီ ဖုန်းဆက်မှာပေါ့၊ မာမီ သိပ်ထင်ကြီးနေတဲ့လူဟာ ဘယ်လိုလူမျိုးလဲဆိုတာ မျက်ဝါးထင်ထင် တွေ့ပြီး မာမီ အမှန်တရားကို သိစေရမယ်'

www.burmeseclassic.com



ပြောပြောဆိုဆိုနဲ့ လင်းခန့်က ဟမ်းဖုန်းကို ထုတ်ပြီး ဒေါ်ခင်မမဆီ ဖုန်းဆက်ပါတော့တယ်။

'မာမီ အမှန်တရားကို လက်ဆုပ်လက်ကိုင်ပြဖို့ လာခဲ့ပါ၊ မာမီရဲ့ ဦးကျော်နေမင်း ဘာလုပ်တယ်ဆိုတာ သိရမယ်၊ အခုချက်ချင်း လာခဲ့…'

လင်းခန့်က ဒေါ်ခင်မမဆီ ဖုန်းဆက်ပြီး ဟမ်းဖုန်းကို ပြန်ပိတ်လိုက်ရင်း…

'မြလေးရယ် ဒီတစ်ပွဲကတော့ ပွဲသိမ်းပဲ၊ တွေ့ပြီပေါ့ကွာ'

'ဆိုင်နာမည် သေသေချာချာပြောလိုက်တယ် မဟုတ်လား'

'ပြောတာပေါ့ မြလေးရယ်၊ လမ်းကို ဘယ်လိုလာရမလဲဆိုပြီး ညွှန်တောင်ညွှန်လိုက်သေးရဲ့'

လင်းခန့်အဖို့ မြလေးယဉ်ကို ပြောရင်းနဲ့ ဒီညတော့ အမှန်တရားအတွက် ဖော်ထုတ်ခွင့်ရပြီလို့ အကျေနပ်ကြီး ကျေနပ်နေပါတော့တယ်။

✿

ဦးရွှေညာက ကာရာအိုကေဆိုင်ဘက်ကို ကြည့်လိုက် လင်းခန့်နဲ့ မြလေးယဉ်ရှိနေတဲ့ ကားဘက်ကို ကြည့်လိုက်နဲ့ ရှိနေပါတယ်။

သူ့ဘေးနားမှာ အရှောင်၊ လူငယ်လေးနှင့် နည်းနည်း အရက်မူး နေပုံရသည့် မြန်မာဗွီဒီယိုဇာတ်ကားတွေထဲက လူကြမ်းတွေ လိုမျိုး လူသုံးယောက်ကလည်း ရှိနေပါတယ်။ အဲဒီသုံးယောက်ထဲက တစ်ယောက်ရဲ့ လက်ထဲမှာ တုတ်တစ်ချောင်းကို ကိုင်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီတစ်ချီတော့ ပွဲကြီးပွဲကောင်းတွေ့ပြီပေါ့ကွာ၊ တစ်ချက်တည်းနဲ့ ငှက်နှစ်ကောင်ပစ်ရမှာ'

ဦးရွှေညာက လက်သီးဆုပ်ရင်းမှ ဘေးနားမှာရှိနေတဲ့ အရှောင်ကို ပြောလိုက်ပါတယ်။

'ဟုတ်တယ်၊ ဝရဲ့ အီချစ်ကိုလုသွားတဲ့ ကျော်နေမင်းဆိုတဲ့လူထွက်လာလို့က ဟောဒီက လူမိုက်သုံးယောက်ကို အပီတွယ်ဖို့ ဝပြောပြီးပြီ'

'ဒါတင် ဘယ်ကမလဲ အရှောင်ရဲ့၊ ခင်မမနဲ့ ကျုပ်တို့ ချစ်ခြင်းကို ကန့်လန့်ပါပြီး ဝင်နှောင်တဲ့ သူ့သားကိုပါ ပညာပေးရမှာ'

ဦးရွှေညာက အရက်မူးနေပုံရတဲ့ လူသုံးယောက်ကို ကြည့်လိုက်ပြီး…

'မင်းတို့ သုံးယောက် လက်စကောင်းဖို့ လိုတယ်၊ အသေမလိုဘူး၊ နာကျင်ရုံ ကွဲရုံ ရှရုံလောက်ပဲ အမှတ်တရဖြစ်သွားအောင်လို့ပေ့ာ၊ မင်းတို့ကို တစ်ယောက် ငါးသောင်းနှုန်းနဲ့ ခေါ်လာတာ မင်းတို့ရဲ့ အရည်အချင်းက သိပ်အရေးပါတယ်'

'စိတ်ချပါ အာစရိ၊ ဘယ်နှစ်ချက် ရိုက်ရမလဲသာ ညွှန်ကြား ဗလကြီးအကြောင်း သိရမယ်'

ခပ်ဝိန်ဝိန်နဲ့ မူးနေတဲ့လူက ပြောလိုက်တာကို အရှောင်က ကြည့်ပြီး မဲ့လိုက်ပါတယ်။

'ဘာလဲ လူကပိန်ပိန် ဗလကြီးတဲ့ ကြည့်ရမှာပေါ့၊ ဝ ဒီပွဲတော့ ကြည့်ဦးမယ်'

'တော်ကြပါဗျာ၊ အချိန်မဆွဲနဲ့၊ ပိုင်အရင် အစီအစဉ်ကို ■ တော့၊ တော်ကြာ မမရဲ့သား ရိပ်မိသွားလို့ ဘာမှလုပ်လို့မရဘဲနေမယ်'

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ဘာစကားမှမပြောတဲ့ လူငယ်လေးက ဝင်သတိပေးပါတယ်။ ပြီးတော့ သူတို့အားလုံး အခြေအနေကို အကဲခပ်လို့နေပါတယ်။

❀

လင်းခန့်နဲ့ မြလေးယဉ်တို့နှစ်ယောက် ကာရာအိုကေဆိုင်ထဲကို ဝင်ဖို့ ကားထဲက ထွက်လာပါတယ်။ ဒီအချိန်ဆို ဦးကျော်နေမင်းတို့အဖွဲ့တွေ အရှိန်ကောင်းနေပြီလို့ တွက်ဆလိုက်ပါတယ်။ ကာရာအိုကေဆိုင်ထဲရောက်ရင် ဆက်တီခုံမှာထိုင် အအေးမှာသောက်ရင်း အခန်းစောင့်သလို ဘာလိုလိုနဲ့ သူ့မာမီဒေါ်ခင်မမလာရင်လည်း ခဏထိုင်စောင့်ခိုင်းရင်း ဦးကျော်နေမင်းတို့ ထွက်လာချိန်နဲ့ အံကိုက်ဖြစ်ဒါဆို ပွဲသိမ်းပြီလို့။

'လင်းခန့်တို့ ဘာလာလုပ်ပြန်ပြီလဲကွာ၊ ဒီနေရာကို ယောဒီတမိန်းကလေးနဲ့ မလာသင့်ဘူးလေ'

ရုတ်တရက်ဆိုသလို ကာရာအိုကေဆိုင်ထဲကနေ ဦးကျော်နေမင်းက ထွက်လာပြီး ဆေးလိပ်တစ်လိပ်ကို မီးညှိသောက်ရင်း လင်းခန့်နဲ့ မြလေးယဉ်ကိုမြင်သွားပြီး အပြစ်တင်စကား ဆိုလိုက်ပါတယ်။

'ဦးကျော်နေမင်းလည်း စိတ်အပန်းဖြေ အကြောလျှော့ဖို့ လာသလို ကျွန်တော်တို့လည်း သီချင်းလာဆိုတာ၊ စိတ်အပန်းဖြေဖို့လေ၊ ဒါပေမဲ့ ရည်ရွယ်ချက်ခြင်းတော့ မတူဘူးနော်'

လင်းခန့်ရဲ့ လေသံက မာနေသလိုဖြစ်တာကို ဦးကျော်နေမင်းသတိထားမိလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


'ငါ့ညီ ဘာတွေဖြစ်နေတာလဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ကိုယ့်ကို မကျေနပ်သလိုပဲ'

'ဟုတ်တယ်၊ ဦးကျော်နေမင်းရဲ့ သွားပုံလာပုံတွေကို မသင်္ကာလို့ တရားခံဖမ်းမလို့ လာတာ၊ ဘယ်လောက်ပဲ ဟန်ဆောင်စမ်းပါ ဟော အခု အမှန်တရားကို တွေ့ရပြီ၊ ဘာငြင်းချင်သေးလဲ၊ အထဲမှာ သာယာနေရင်းက အခု ခံတွင်းချဉ်လာတော့ ခဏဆေးလိပ်ထွက်သောက်တာပေါ့ ဟုတ်လား'

'ဩော်… ငါ့ညီက ကိုယ့်ကို တော်တော်အထင်သေးနေတာပေါ့ ... လ'

ဦးကျော်နေမင်းက လင်းခန့်ပြောနေတာကို နားထောင်ပြီး ဆေးလိပ် ဖွာရင်းက ပြောလိုက်ပြီး ဆေးလိပ်ကို လွှင့်ပစ်လိုက်ပါတယ်။

'အထင်သေးရုံမကဘူး၊ မာမီ့ကိုပါ ခေါ်ထားတယ်၊ လာလိမ့်မယ်'

'ဘာဖြစ်လို့ မခင်မမကို ခေါ်ရတာလဲ ဒုက္ခပါပဲ'

'ဘာဒုက္ခလဲ အဖြစ်မှန်တွေ ပေါ်လာတော့ ခင်ဗျားကြောက်နေပြီ မဟုတ်လား၊ ကျွန်တော့် မာမီ ဒုက္ခမရောက်အောင်လို့ သားတစ်ယောက်အနေနဲ့ ကာကွယ်ရမှာပဲ'

မြလေးယဉ်က အခုချိန်ထိ ဘာမှဝင်မပြောဘဲ လင်းခန့်နဲ့ ဦးကျော်နေမင်းကို အကဲခပ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ သုံးယောက် ဟိုမှာရပ်နေတဲ့ သုံးယောက်ထဲက မိန်းကလေးကလွဲပြီး ကျန်တဲ့နှစ်ယောက်ကို ကောင်းကောင်းဆုံးမပေ တော့၊ ပြီးရင် ကိုယ့်အစီအစဉ်နဲ့ ကိုယ်လစ်တော့'

ဦးရွှေညာက မူးနေတဲ့ လူသုံးယောက်ကို သွားဖို့ ညွှန်ကြား လိုက်ပါတယ်။

'ဝကတော့ မီသွားသေးဘူး၊ ရှုတို့ ဘီလိုခံစားရသလဲဆိုတာ ကောင်းကောင်းကြီး ခံစားလိုက်ဦးမယ်'

အရှောင်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ကြိမ်း ဝါးလိုက်သလို လူငယ်လေးကလည်း ကာရာအိုကေဆိုင်ရှေ့က မြင် ကွင်းကို အကဲခပ်လို့နေပါတယ်။

'လက်ဆလက်နနဲ့ ပတ်သက်လို့ကတော့ ခင်ဗျားတို့တွေ့ရ မယ်၊ ဘဝမှာ အမှတ်တရဖြစ်စေရမယ်'

လက်ထဲ တုတ်ကိုင်ထားတဲ့ အမူးသမားက ပြောရင်းက ရှေ့ ကနေ ထွက်သွားသလို သူ့နောက်ကနေ ကျန်တဲ့နှစ်ယောက်ကလည်း လိုက်သွားပါတယ်။

အခြေအနေတွေ ဘာဆက်ဖြစ်လေမလဲလို့ ဦးရွှေညာတို့ အုပ်စု က အသက်တောင်မရှူအားပဲ ကြည့်လို့နေပါရဲ့။

❁

'ခင်ဗျားတို့ စကားပြောတာတွေ ရပ်လိုက်'

မထင်မှတ်ဘဲ တုတ်ကိုင်ထားတဲ့ လူက လင်းခန့်နဲ့ ဦးကျော် နေမင်းတို့နား ရောက်လာပြီး ပြောလိုက်တာကြောင့် လင်းခန့်၊ ဦးကျော် နေမင်းသာမက မြလေးယဉ်ပါ အံ့အားတသင့် ကြည့်တော့ အရက်မူး

www.burmeseclassic.com

www.burmeseclassic.com



နေပုံရတဲ့ တုတ်ကိုင်ထားတဲ့လူအပါအဝင် နောက်ထပ်လူနှစ်ယောက်ကလည်း သူတို့ကို မိုက်ကြည့်ကြည့်နေတာကို သတိထားမိပြီး ဘာကြောင့် ဒီလိုလာလုပ်သလဲဆိုတာ စဉ်းစားမရဖြစ်နေပါတယ်။

'ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာလို့ဒီလိုလာလုပ်ရတာလဲ'

ဦးကျော်နေမင်းက တုတ်ကိုင်ထားသူကို လေသံခပ်မာမာနဲ့ မေးလိုက်ပါတယ်။

'ဒီလိုလုပ်တာတွေ ဘာတွေ နားမလည်ဘူး၊ မင်းတို့ကို ကြည့်ရတာ အမြင်မရှင်းလို့ ပညာပေးခိုင်းလို့ လာတာပဲ၊ ဗလကြီးအကြောင်း သိရမှာပေါ့၊ ဟေ့ကောင်တွေ...'

တုတ်ကိုင်ထားတဲ့ ဗလကြီးက ကျန်တဲ့နှစ်ယောက်ကို ပြောရင်းက...

'ကဲကွာ'

'ဖောင်း'

'လင်းခန့် နောက်ဆုတ်'

'ဖောင်း'

'အား'

ထိုးကြိတ်ကြ ရှန်းရင်းဆန်ခတ်ဖြစ်ရင်းနဲ့ လင်းခန့်ကို တုတ်နဲ့ အရိုက်မှာ ဦးကျော်နေမင်းက ဝင်ကာရင်း ခေါင်းကိုထိသွားပြီး ဦးကျော်နေမင်း လဲကျသွားပါတယ်။

'ဟေ့... ဘာဖြစ်တာလဲ'

ဆူဆူညံညံ အသံတွေကြောင့် ကာရာအိုကေဆိုင်ထဲက ဝန်ထမ်းတွေ ထွက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူတွေ ကျွန်တော်တို့ကို ဝိုင်းရိုက်တာ'

'ဒါဆို ဖမ်းကွာ၊ ဖမ်း၊ ဒီမှာလဲ ဦးကျော်နေမင်း လဲကျနေပါလား'

လင်းခန့် စကားကြောင့် ကာရာအိုကေဆိုင် မန်နေဂျာက တုတ်ကိုင်ထားသူ အပါအဝင် လူသုံးယောက်ကို သူ့ဆိုင်ဝန်ထမ်းတွေကို ပြောဆိုပြီး ဖမ်းချုပ်ခိုင်းပါတယ်။ လူကများလို့လားမသိ။ တုတ်နဲ့ ရိုက်သူအပါအဝင် အမူးသမားသုံးဦးကတော့ စောစောကလို သတ္တိမျိုး မပာတ်တော့ဘဲ မျက်နှာငယ်လေးတွေနဲ့ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ရင်းက အမူးတောင် ပြေသွားသလားမသိပါ။

'ကဲ... ဦးကျော်နေမင်းကို ဆေးခန်းပို့ဖို့ လုပ်၊ ဒီကောင်တွေ ဘာကြောင့် ပြဿနာရှာရသလဲဆိုတာ ရပ်ကွက်အေးချမ်းသာယာရေး ရုံးခေါ်သွားပြီး မေးရမယ်'

ဦးကျော်နေမင်းကို လင်းခန့်က တွဲထူပြီး သူ့ကားရှိရာ ခေါ်လာပါတယ်။ ပြီးတော့ ကားနောက်ခန်းမှာ ထိုင်ပြီး သူ့ပခုံးကို မှီခိုင်းထားရင်းက ကားကို မြလေးယဉ်ကို မောင်းခိုင်းပါတယ်။ ဦးကျော်နေမင်းရဲ့ ခေါင်းကထွက်နေတဲ့ သွေးတွေကို လင်းခန့်က တစ်သျှူးနဲ့သုပ်ပေးလို့ နေပါတယ်။

ဒီအချိန်မှာ မသိမသိုင် လင်းခန့် စဉ်းစားနေမိတာက ကာရာအိုကေဆိုင်ထဲမှာ ကျန်ခဲ့တဲ့ ဦးကျော်နေမင်းရဲ့ သူငယ်ချင်းနှစ်ယောက် ကအပြင်မှာ ဖြစ်နေတာတွေ ဘာဆိုဘာမှမသိဘဲ ကောင်းကောင်းကြီး မိမ်ကျနေတာ အံ့ပါရဲ့လို့။

❀

www.burmeseclassic.com

www.burmeseclassic.com



အထူးကု ဆေးခန်း ခုတင်ပေါ်မှာ ခေါင်းမှာပတ်တီးစည်းထား တဲ့ ဦးကျော်နေမင်းကို ကြည့်ပြီး ဒေါ်ခင်မမက စိုးရိမ်နေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

'ကိုကျော်နေမင်း ခေါင်းမူးသေးလား၊ တော်သေးတာပေါ့၊ ဘယ်လိုလူတွေက ရန်ရှာတာပါလိမ့်'

ဒေါ်ခင်မမ အမေးကို ဘေးနားမှာရှိနေတဲ့ လင်းခန့်က…

'ဟောဒီက ကာရာအိုကေဆိုင် မန်နေဂျာအစ်ကိုကြီး ပြောတာ ကတော့ ဦးရွှေညာတို့ အရောင်တို့က လူငှားရိုက်ခိုင်းတာတဲ့၊ မာမီနဲ့ ဦးကျော်နေမင်း တွဲနေတာကို မကျေနပ်လို့ အကွက်ချောင်းနေတာ ဒီညမှာ ဝင်ဝင်သွားလို့တဲ့၊ အဲဒီသုံးယောက်ကိုတော့ ရဲစခန်းပို့လိုက် ပြီ'

'ဩော်… ကိုရွှေညာတို့ အုပ်စုကိုး၊ တော်တော်အောက်တန်း ကျလိုက်တာ'

လင်းခန့်ကို ဒေါ်ခင်မမက ကြည့်လိုက်ရင်း…

'ဒါနဲ့ မာမီ မေးပါရစေဦး၊ သားနဲ့ ကိုကျော်နေမင်းက ကာရာ အိုကေဆိုင်ရှေ့မှာ စကားများကြလို့လား'

'သားနဲ့ မြလေးက ကာရာအိုကေဆိုင်ထဲ ဝင်မလို့လုပ်တုန်း ဦးကျော်နေမင်းက ဆိုင်ထဲက ဆေးလိပ်သောက်ဖို့ အပြင်ကိုထွက်လာ ရင်း စကားများနေတုန်း ဒီလိုပြဿနာဖြစ်ကုန်တာ'

ဒေါ်ခင်မမနှင့် လင်းခန့်တို့ စကားပြောတာကို အကဲခပ်နေ တဲ့ ကာရာအိုကေဆိုင် မန်နေဂျာက…

'ဦးကျော်နေမင်းလို လူမျိုးကတော့ ရှားတယ်ဗျို့၊ တွေ့ကို မတွေ့ဖူးဘူး၊ ကာရာအိုကေဆိုင်ကို သူငယ်ချင်းတွေနဲ့ လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com


ဘယ်တော့မှ အခန်းထဲဝင်ပြီး သီချင်းမဆိုဘူး၊ သူ့ဘာသာသူ အခန်းအပြင်ဘက်မှာထိုင်တယ်၊ ဆေးလိပ်သောက်ချင်သောက်၊ စာဖတ်ချင်ဖတ်နေတာ၊ ဘာကိုမှ စိတ်မဝင်စားဘူး၊ သူ့သူငယ်ချင်းတွေကို သိပ်အလိုလိုက်တာ၊ ကြိုက်တဲ့အချိန်ပြန် ထိုင်စောင့်ပေးတာ၊ ပိုက်ဆံလည်း သူပဲရှင်းတာ'

'ရှင်'

'ဗျာ'

မန်နေဂျာရဲ့ ရှင်းပြတဲ့ စကားသံအဆုံး ဒေါ်ခင်မမနဲ့ လင်းခန့်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းမှ အံ့အားတသင့်ဖြစ်ကုန်ပါတယ်။ ပြီးတော့ ဦးကျော်နေမင်းကို အလွန်အားနာတဲ့အကြည့်နဲ့ လင်းခန့်က ကြည့်လိုက်သလို မြလေးယဉ်လည်း လင်းခန့်လို ဖြစ်သွားပါတယ်။

'ပြီးတာတွေ ပြီးပါပြီ၊ ငါ့ညီနဲ့ ငါ့နှမကို ကာရာအိုကေဆိုင်မှာ တစ်ခါပြောဖူးတယ်လေ၊ တစ်နေ့ကြရင် ဘာကြောင့်လဲဆိုတာ ရှင်းပြမယ်ဆိုတာလေ၊ ဒီနေ့တော့ တိုက်ဆိုင်လို့ ရှင်းပြခွင့်ရပြီ'

အခန်းထဲမှာရှိတဲ့ သူတွေက စိတ်ဝင်တစားနဲ့ ဦးကျော်နေမင်း ဘာဆက်ပြောလေမလဲ နားစွင့်နေပါတယ်။

'စီးပွားရေးလုပ်တဲ့နေရာမှာ ပေါင်းသင်းဆက်ဆံရေးဆိုတာရှိတယ်၊ ကိုယ့်လုပ်ဖော်ကိုင်ဖက် စီးပွားရေးသမား အချင်းချင်း လူမှုရေးအရ သူတို့အကြိုက်လိုက်ရတာတွေ ရှိတယ်၊ အဓိက ကိုယ့်စိတ်ကိုအလိုမလိုက်မိဖို့ပဲလိုတယ်၊ ဒါကြောင့် သူငယ်ချင်းတွေ သွားချင်တဲ့နေရာ သွားတဲ့အခါ ကိုယ်က ပါနေရပေမယ့် သူတို့ ပျော်ချင်လို့ပျော်တာ ပျော်၊ ကိုယ်က အလိုမပါဘဲ နေနိုင်အောင် ကြိုးစားခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ငါ့ညီ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ရင် သဘော ပေါက်လာမှာပါ’

လင်းခန့်က ဦးကျော်နေမင်းရဲ့ လက်မောင်းကို ကိုင်လိုက်ရင်း

‘ကျွန်တော့်အနေနဲ့ အထင်မှားဖြစ်ပြီး ပြောမှားဆိုမှား ဖြစ်မိ ခဲ့တာတွေအတွက် ခွင့်လွှတ်ပေးပါ ဦးကျော်နေမင်း’

‘ခွင့်လွှတ်ပါတယ်၊ အမေကိုချစ်တဲ့စိတ်နဲ့ သားတစ်ယောက် က ဒီလောက်တော့ ပေါက်ကွဲမှာပဲ၊ အထင်မှားစရာဖြစ်တဲ့နေရာမျိုး မှာ ကိုယ်ကလည်း ရောက်နေတာဆိုတာ ဒါဖြစ်တတ်ပါတယ်’

ဦးကျော်နေမင်း စကားပြောတာကို ကြည်ကြည်နူးနူး နား ထောင်နေတဲ့ ဒေါ်ခင်မမရဲ့ လက်ကို လင်းခန့်က ကိုင်လိုက်ပြီး ဦးကျော် နေမင်းရဲ့ လက်ကိုလည်း ကိုင်လိုက်ပါတယ်။

BURMESE CLASSIC

‘မာမီ ဦးကျော်နေမင်းဟာ မာမီရဲ့ဘဝအတွက် ခင်ပွန်းကောင်း တစ်ယောက် ဖြစ်ထိုက်ပါတယ်၊ ကျွန်တော့်အတွက်လည်း ဖခင်ကောင်း တစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ယုံတယ်၊ ကျွန်တော် သဘောတူပါတယ်၊ မာမီတို့ချစ်ခြင်းအတွက်ပါ’

လင်းခန့် စကားအဆုံး ဦးကျော်နေမင်းနဲ့ ဒေါ်ခင်မမတို့နှစ် ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပါတယ်။

အဲဒီအကြည့်တွေက တစ်ဘဝစာလုံး တစ်ဦးနဲ့တစ်ဦး ကြင်နာ ယုယနွေးထွေးတဲ့ မေတ္တာတွေဆိုတာ ပြောဖို့ပင် လိုမည်မထင်ပါ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

ဘဝဆိုတာ

သားသမီးရှိမှ

အိမ်မှာဆည်းလည်းသံချိုလွင်ပြီး

အချိန်တွေဟာ

အသက်ဝင်လို့ လှပလို့နေမှာ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

ဘယ်သူက ထင်မှာလဲ။ ခင်ပွန်းဆုံးလို့ အစားတွေစားချင်သလိုစားလို့ ပုံပျက်ပန်းပျက် ပုံဆိုးပန်းဆိုးဖြစ်နေတဲ့ မိန်းမ၀၀ကြီးတစ်ယောက်က ချောချောလှလှလေးဖြစ်သွားပြီး သူနဲ့သက်တူရွယ်တူအမျိုးသားတစ်ဦးနဲ့တွေ့ ရုပ်ရှင်ဆန်ဆန် အဖြစ်အပျက်တွေ ဖြစ်ပျက်ရင်းက အသက်လေးဆယ်ကျော်မှ ကလေးတစ်ယောက်ရတာ အဲဒီကလေးက ၀၀တုတ်တုတ်နဲ့ မိန်းကလေးဖြစ်နေ။ အဲဒီကလေးကိုတစ်အိမ်လုံးက တုန်နေအောင် ချစ်နေကြတာကို လင်းခန့်တစ်ယောက်ဒါမျိုးပင် ဖြစ်လာမည်မထင်ခဲ့ပါ။

'ကိုနော် ဒီမှာ နို့ဗူးတိုက်နေတာ၊ ဘာလို့ ကလေးကို အတင်းချီပြီး ယူနမ်းရတာလဲ၊ သမီးလေး နို့မ၀ဘဲ နေဦးမယ်'

'မေကြီးကလည်းကွာ၊ ဒီမှာ ကုမ္ပဏီသွားရမှာလေ၊ မသွားခင်လေးကို အားတွေသွင်းသွားတာပါ၊ သမီးလေးက ဘယ်လောက်ချစ်ဖို့ကောင်းလဲ'

သူ့မာမီ ဒေါ်ခင်မမက ကလေးကို နို့ဗူးတိုက်နေတာကို ဦးကျော်နေမင်းက အတင်းချီပြီး နမ်းလို့ ဒေါ်ခင်မမက ဆူနေတာကို ကြည့်ပြီး ပြုံးမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကို ဘာတွေပြုံးနေတာလဲ'

အနီးနားကို ရောက်လာတဲ့ မြလေးယဉ်က မေးတော့…

'မြလေးရယ် ကိုယ်တို့လည်း မာမီတို့နဲ့ မရှေးမနှောင်း လက်ထပ်တာပဲ၊ ကိုယ်တို့က ဈေးဦးမပေါက်ဘဲ မာမီက သူ့ရည်းစား အသစ်နဲ့ သမီးလေးကို ဈေးဦးပေါက်သွားတာ ကြည့်ပြီး ပြုံးမိတာ ပါ'

'ကိုယ်ကတော့ ပြောတော့မယ်၊ သွား လက်တွန်းလှည်းသွား ယူ၊ သမီးကို ခြံထဲမှာ လိုက်တွန်းပေးရဦးမယ်'

မြလေးယဉ် စကားအဆုံး လင်းခန့်က လက်တွန်းလှည်း သွားယူပြီး ဒေါ်ခင်မမ လက်ထဲမှာရှိနေတဲ့ ကလေးကို ချီပြီး လက်တွန်း လှည်းထဲ ထည့်လိုက်ပါတယ်။ ပြီးတော့ မြလေးယဉ်ရှိတဲ့နေရာ တွန်း သွားပါတယ်။ သမီးလေးကတော့ လက်တွန်းလှည်းထဲမှာ ရယ်မောနေ လို့။

အဲဒီနောက် လင်းခန့်နဲ့ မြလေးယဉ် နှစ်ယောက်အတူ လက် တွန်းလှည်းကိုတွန်းလို့ နေပါတယ်။

ကုမ္ပဏီ သွားခါနီး ဦးကျော်နေမင်းက ဒေါ်ခင်မမရဲ့ ပခုံးကို ကိုင်ရင်းမှ ထိုမြင်ကွင်းကို ကြည်ကြည်နူးနူးကြီး ကြည့်ရင်း စိတ်ချမ်း မြေ့နေလိုက်တာဆိုတာ သူတို့ဘဝမှာ အဲဒီစိတ်ချမ်းမြေ့မှုကို ဘာနဲ့မှ မဝယ်နိုင်၊ မလဲနိုင်ဘူးဆိုတာ ပြောဖို့ပင် လိုမည်မထင်ပါ။

သမီးလေးဆိုတာ သူတို့ဘဝရဲ့ ထီးကလေးမဟုတ်ပါလား။

www.burmeseclassic.com